ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

သုံးတန်ချမ်းသာ

လူ့နတ်နိဗ္ဗာန် သုံးတန်ချမ်းသာကို မိခင်လည်း ပြုမပေးနိုင်၊ ဖခင်လည်းပြုမပေးနိုင်၊ ထိုမှတစ်ပါးသော ဆွေမျိုးမိတ်သင်္ဂဟလည်းပြုမပေးနိုင်၊ ကောင်းစွာ ဆောက်တည်အပ်သော ကုသိုလ်စိတ်သည် မိဘ ဆွေမျိုးထက် ပိုမိုလွန်တက်၍ မြင့်ထက်မြင့်ကာ လူ့နတ် နိဗ္ဗာန် သုံးတန်ချမ်းသာတိုင်အောင် စွမ်းဆောင်ပြုပေး နိုင်၏။ (ဓမ္မပဒ-၄၃)

၁၃၇၈ ခုနှစ် တန်ခူးလပြည့်ကျော် ၁၂ ရက် ဗုဒ္ဓဟူးနေ့ 4, Wednesday May 2016 (၈၅၅၁)

မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေး လုပ်ငန်းစဉ်ဆောင်ရွက်ချက်များအား ဆက်လက်စောင့်မျှော်လျက်ရှိကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် တွေ့ဆုံစဉ် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးပြောကြား

သတင်း စာမျက်နှာ » ၃

မတူကွဲပြားမှုများကိုအခြေခံ၍ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆွေးနွေးတိုင်ပင်ကာ ပြေလည်စွာ ဆောင်ရွက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်

ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်

နေပြည်တော် မေ ၃

ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလှပရေး၊ ရထားပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ရေး၊ ဂျပန်နိုင်ငံရောက် မြန်မာလုပ်သားအခွင့်အရေးများ အပြည့်အဝ ရရှိရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ ကိစ္စရပ်များတွင် ဂျပန်နိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပညာတော်သင်ဆုစေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဂျပန်-မြန်မာ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံစဉ် ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမိအိုခိရှိဒါတို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံစဉ် ထိုသို့ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက သတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပရာ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ဂျပန်နိုင်ငံနှင့် နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးခဲ့သည့်မြန်မာနိုင်ငံတွင် ပြည်သူလူထု၏ ထောက်ခံမှုကိုရယူပြီး သမိုင်းဝင်အစိုးရအဖွဲ့ လွှဲပြောင်းမှုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဂျပန်နိုင်ငံအနေဖြင့် လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံအစိုးရသစ် ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဒီမိုကရေစီစနစ်ဖော်ဆောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ ဂျပန်အစိုးရနှင့် ဂျပန်ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်း၍ အဘက်ဘက်မှ အစွမ်းကုန်ထောက်ပံ့ကူညီဆောင်ရွက်ပေးသွားမည်ဟု ပြောကြားလိုပါကြောင်း။

ဒေသအသီးသီးနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတွင် ရင်ဆိုင်နေရသည့်စိန်ခေါ်မှုများကို ဂျပန်-မြန်မာ အတူတကွလက်တွဲပူးပေါင်းဆောင်ရွက်သွားမည့်ဆန္ဒကိုလည်း ထုတ်ဖော်ပြောကြားလိုပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမိအိုခိရှိဒါတို့ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။ (သတင်းစဉ်)

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှုအခြေအနေများ ဆွေးနွေး

နေပြည်တော် မေ ၃

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမိအိုခိရှိဒါအား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာ - ဂျပန် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆောင်ရွက်နေသည့်အခြေအနေများ၊ ယခုပြည်သူရွေးချယ်သော ပါတီစုံဒီမိုကရေစီစနစ် လျှောက်လှမ်းရာတွင် အဓိကလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းမှုနှင့်ပတ်သက်၍ တပ်မတော်ပိုင်းနှင့် ပြည်သူလူထုပိုင်းဆိုင်ရာ ပကတိအခြေအနေများ၊ တပ်မတော်၏ ငြိမ်းချမ်းရေး နှင့်ပတ်သက်သည့် ရပ်တည်ချက် သဘောထားနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပြောကြားသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ ဒီမိုကရေစီဖော်ဆောင်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ဂျပန်နိုင်ငံအစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများပူးပေါင်း၍ ပိုမိုလုပ်ဆောင်ခြင်း၊ ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနနှင့် နိပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ နှစ်နိုင်ငံကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ခြင်းတို့ဖြင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာအောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးဖော်ဆောင်မှု အခြေအနေများ၊ ဒေသတွင်းနှင့် နိုင်ငံတကာဆက်ဆံရေး၊ တည်ငြိမ်အေးချမ်းရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(မြဝတီ)

ကယားပြည်နယ် ဘော်လခဲခရိုင် ဘော်လခဲမြို့နယ် ဘူးခူကျေးရွာတွင် သောက်သုံးရေပြတ်လပ်သဖြင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုးရယ်နှင့် ဦးအေးရွှေ ခရိုင်ကျေးလက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစောဒီးဒီနှင့် ရုံးအဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဒေဝနှင့် အဖွဲ့များ၊ မြို့နယ်ကျေးလက်ဦးစီးအရာရှိ ဦးလှခေးနှင့် အဖွဲ့များ၊ အလှူရှင် ဦးတင်ဝင်းနှင့်အဖွဲ့များ စုပေါင်း၍ အိမ်ခြေ ၂၄ အိမ် လူဦးရေ ၁၁၀ ရှိသော ဘူးခူကျေးရွာ သို့ သောက်သုံးရေ ဂါလန် ၁၂၀၀ ကို မတ် ၅ ရက်က လှူဒါန်းကြစဉ်။ (ကြေးမုံ)

ကြေးမုံ

ဆက်သွယ်ရေးကွန်ရက် တိုးတက်ခြင်း

မြန်မာနိုင်ငံတစ်ဝန်းတွင် လူတိုင်းနီးပါးအသုံးပြုနေသည့် အရာမှာ လက်ကိုင်ဖုန်းဖြစ်သည်။ လက်ကိုင်ဖုန်းကို လူတိုင်းအသုံးပြုနိုင်သဖြင့် လူမှုဘဝအတွက် အကျိုးဖြစ်ထွန်းမှုများလာသည်။ လက်ကိုင်ဖုန်းများအသုံးပြုနိုင်ရန်အတွက် ဆက်သွယ်ရေးကွန်ရက်ကို ကျယ်ပြန့်စွာတည်ဆောက်ရသည်။

ယခုအခါ လက်ကိုင်ဖုန်းနှင့်ပတ်သက်၍ လူမှုကွန်ရက်စာမျက်နှာများတွင် စိုးရိမ်ပူပန်ဖွယ်အချို့တွေ့ရှိရသည်။ ရပ်ကွက်/ကျေးရွာများအတွင်း သို့မဟုတ် အနီးအနားတွင် ဆက်သွယ်ရေးတာဝါတိုင်တည်ဆောက်ခြင်းကြောင့် လူနေအိမ်များ ဘေးအန္တရာယ် သို့မဟုတ် အနှောင့်အယှက်ဖြစ်ခြင်း၊ ဆက်သွယ်ရေးကွန်ရက်၏ ဆွဲအားကြောင့် လူတို့၏ကျန်းမာရေးကိုထိခိုက်စေခြင်း စသည်တို့ဖြစ်နိုင်သည်ဟု ဝေဖန်သုံးသပ်မှုအချို့ ရှိလာသည်။ ထို့အပြင် လက်ကိုင်ဖုန်းအားသွင်းစဉ်၊ မိုးလေပြင်းထန်စဉ်၊ ခန္ဓာကိုယ်တွင် ကပ်ထားစဉ် ဘေးအန္တရာယ်ဖြစ်ခြင်းတို့ ရှိခဲ့သည်ဟုဆိုထားသည်။

အမှန်တကယ်တွင် လက်ကိုင်ဖုန်းကိုစနစ်တကျကိုင်တွယ်အသုံးပြုမည်ဆိုလျှင် အန္တရာယ်ရှိမည်မဟုတ်ချေ။ လူတို့သတိမမူ မဆင်မခြင်အသုံးပြုမိသောကြောင့် အန္တရာယ်နှင့်ကြုံရခြင်းဖြစ်သည်။ လူနေရပ်ရွာများ အနီးအပါးအတွင်း ဆက်သွယ်ရေးတာဝါတိုင်တည်ဆောက်ထားခြင်းမှာလည်း ပတ်ဝန်းကျင်နေအိမ်များနှင့် လွတ်ကင်းပါက မည်သည့်အန္တရာယ်မျှရှိမည်မဟုတ်ချေ။

လူတို့နေအိမ်အနီးအပါးတွင် တာဝါတိုင်စိုက်ထူခြင်းဖြင့် အသံ၊ အချက်အလက်ကောင်းမွန်စေပြီး ဆက်သွယ်ရေးကွန်ရက်လျင်မြန်သွက်လက်နိုင်သည်ဟု သက်ဆိုင်ရာကျွမ်းကျင်သူပညာရှင်တို့က ဆိုထားသည်။ ဆက်သွယ်ရေးကျွမ်းကျင်သူများ၊ လျှပ်စစ်သံလိုက်စက်ကွင်းဆိုင်ရာ သုတေသနပညာရှင်များ၊ မိုဘိုင်းအော်ပရေတာများ ပူးပေါင်းဆောင်ရွက်မှုစစ်တမ်းများအရ မြန်မာနိုင်ငံရှိ မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များသည် နိုင်ငံတကာက သတ်မှတ်ထားသည့် နည်းပညာဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပြီး မိုဘိုင်းကွန်ရက်များ၏ ရေဒီယိုလှိုင်းနှုန်းများသည် လူတို့၏ကျန်းမာရေးအပေါ် ထိခိုက်မှုရှိနိုင်သည့် အထောက်အထားများ မတွေ့ရကြောင်း ဆိုထားသည်။

ထို့ကြောင့် ဆက်သွယ်ရေးအင်တင်နာများအနီးတစ်ဝိုက်တွင် နေထိုင်ခြင်း၊ မိုဘိုင်းဖုန်းများအသုံးပြုခြင်းဖြင့် ကျန်းမာရေးထိခိုက်မည်ကို စိုးရိမ်ဖွယ်မရှိချေ။ တာဝါတိုင်များနှင့်ပတ်သက်ပြီး ဒေသခံပြည်သူများအား တာဝါတိုင်ကြံ့ခိုင်မှု၊ စက်သံဆူညံမှု၊ ကျန်းမာရေးစိုးရိမ်ပူပန်နေမှုတို့ကို ကွင်းဆင်းအသိပညာပေးခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားနှင့်သတင်းစာများမှ အသိပေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်သွားခြင်းအားဖြင့် ပြည်သူများမိုဘိုင်းဖုန်း ကိုင်တွယ်အသုံးပြုခြင်းကို ပိုမိုသိရှိနားလည်လာပြီး မိုဘိုင်းဖုန်း ကွန်ရက်ဆက်သွယ်မှုအပေါ် နားလည်ယုံကြည်မှုရှိလာမည်ဖြစ်ပါကြောင်း။ ။

စားသုံးသူ အန္တရာယ်ကင်းရှင်းရေး ရှောင်တခင်စစ်ဆေး

ညောင်တုန်း မေ ၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ သုခမင်္ဂလာဈေးကြီးအတွင်း၌ မေ ၂ ရက်က စားသုံးသူ အများပြည်သူများ အန္တရာယ်ကင်းရှင်းရေး၊ စားသောက်ကုန်ပစ္စည်းများဆိုးဆေး၊ ဓာတုဗေဒပစ္စည်းများ မပါရှိရေး၊မရောင်းချရေး၊ သက်တမ်းလွန်ကုန်ပစ္စည်းများ မရောင်းချစေရေးအတွက် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့်တာဝန်ရှိသူများ ပါဝင်သောအဖွဲ့များက ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းနှင့် အသိပညာပေးဆွေးနွေးရှင်းလင်းခြင်းတို့ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထွန်းကျော်(ညောင်တုန်း)

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၂-၈၆၀၀၆၈၅၊ စီပံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅၁

မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းစဉ် ဆောင်ရွက်ချက်များအား ဆက်လက်စောင့်မျှော်လျက်ရှိကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် တွေ့ဆုံစဉ် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးပြောကြား

နေပြည်တော် မေ ၃

သံတမန်သက်တမ်း နှစ် (၆၀)ကျော်ကာလအတွင်း အကူအညီများစွာ ပေးအပ်ခဲ့ခြင်းအတွက် များစွာကျေးဇူးတင်ရှိသကဲ့သို့ ဆက်လက်ကူညီပေးသွားနိုင်ရန်လည်း မျှော်လင့်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမိအို ခိရှိဒါနှင့် ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံတော်သမ္မတက မိမိတို့အစိုးရသစ် စတင်တာဝန်ယူချိန်တွင် ဂျပန်အစိုးရက ကြိုဆိုမှု၊ ဂုဏ်ပြုမှုတို့အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ ကူမာမိုတိုငလျင်ကိစ္စဖြစ်ပွားမှုအတွက် ဝမ်းနည်းပါကြောင်း၊ တစ်လသက်တမ်းသာရှိသေးသည့် မိမိတို့အစိုးရ၏ ဆောင်ရွက်မှုများကို အသိအမှတ်ပြုခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ပြည်သူတို့၏ဆန္ဒကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အလားတူ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေး လုပ်ငန်းစဉ်ဆောင်ရွက်ချက်များအား ဆက်လက်စောင့်မျှော်လျက်ရှိပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် အာဆီယံနှင့်တကွ အာဆီယံနှင့် ဆက်စပ်နေသော အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ကူမာမိုတို ငလျင်ဒဏ်သင့်ခဲ့မှုအပေါ် မြန်မာအစိုးရက ဝမ်းနည်းကြောင်းသဝဏ်လွှာ ပေးပို့ခဲ့ခြင်းအတွက် ကျေးဇူးတင်ပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဧည့်သည်တော်ဝန်ကြီးတို့သည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကူအညီပေးရေး၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် ဂျပန်နိုင်ငံမှ ဖွံ့ဖြိုးမှုမိတ်ဖက်အဖြစ် ဆက်လက်ဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ၏ ငွေကြေးဈေးကွက်၊ ဘဏ္ဍာရေးဈေးကွက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းလာစေရေး၊ သီလဝါအထူးစီးပွားရေးဇုန်တွင် ဂျပန်လုပ်ငန်းရှင်များ ဆက်လက်ရင်းနှီးမြှုပ်နှံရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များတွင် အကူအညီပေးရေး၊ ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည့် ဂျပန်စစ်သည်များ၏ အရိုးရှာဖွေကောက်ယူခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပြည်သူများအကြား အကျိုးစီးပွားမြှင့်တင်နိုင်ရေးအတွက် Japan- Myanmar Joint Initiative ဖွဲ့စည်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတဲရှိ ဟိဂုချိလည်း တက်ရောက်သည်။

(သတင်းစဉ်)

❒ ရွှေဖုံးမှ

ဂျပန်နိုင်ငံသည် မြန်မာအစိုးရသစ် အလေးအနက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အလုပ်အကိုင်ဖန်တီးရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးစသည့်ကဏ္ဍများတွင် အခြေခံအဆောက်အအုံ တည်ဆောက်ရေးနှင့် ဘဏ္ဍာရေး၊ ငွေရေးကြေးရေး အစရှိသည့်ကဏ္ဍများတွင် ထောက်ပံ့ကူညီသွားမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာပြည်သူပြည်သားများနှင့် ဂျပန်လုပ်ငန်းရှင်များ နှစ်ဦးနှစ်ဖက် အကျိုးခံစားနိုင်သည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကောင်းကို အတူတကွ လက်တွဲတည်ဆောက်နိုင်ရေး၊ မဲခေါင်ဒေသဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်မှုခိုင်မာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက သတင်းမီဒီယာများ၏ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံကို အခြေခံအားဖြင့် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံအနေဖြင့် အစွမ်းကုန်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာအစိုးရ အလေးအနက်ထားသည့် အလုပ်အကိုင်ဖန်တီးရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးစသည့် ကဏ္ဍများတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးနှင့် ငွေရေးကြေးရေးကဏ္ဍများတွင် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကူညီဆောင်ရွက်ပေးမည့် အစီအမံများကို မြန်မာအစိုးရနှင့် သေချာစွာဆွေးနွေးပြီး မြန်မာနိုင်ငံ၏ အမှန်တကယ် လိုအပ်ချက်များကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်ပင်ဆွေးနွေးကာ ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးနှင့် အမျိုးသားရင်ကြားစေ့ရေးဆိုင်ရာကိစ္စရပ်များတွင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ မြန်မာအစိုးရသစ်ကို ဂျပန်အစိုးရ၏ အထူးကိုယ်စားလှယ်မှတစ်ဆင့် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ဂျပန်သတင်း မီဒီယာသမားတစ်ဦး၏ မေးမြန်းချက်နှင့်စပ်လျဉ်း၍ ဂျပန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် ဆက်ဆံရေးသည် အနောက်နိုင်ငံများနှင့် မတူညီသည်မှာ သဘာဝကျပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ယုံကြည်လျှင် မတူကွဲပြားမှုများကို လက်ခံနိုင်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါမတူကွဲပြားမှုများကို အခြေခံ၍ ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆွေးနွေးတိုင်ပင်ကာ ပြေလည်စွာဆောင်ရွက်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်ကြောင်းဖြေကြားသည်။

(သတင်းစဉ်)

✻ ဖားကန့်မှ

ကျောက်စိမ်းရှာဖွေတူးဖော်ရေး ကုမ္ပဏီများသည် ယခင်မြေစာပုံပြိုကျပြီး လူ့အသက်များသေဆုံးမှုနှင့် ယဉ်ယန္တရားကြီးများနှင့် တရားမဝင်၊ တရားဝင် သယ်ယူပို့ဆောင်မှု ပြဿနာများ၊ စုံစမ်းစစ်ဆေး အရေးယူမှုများကြောင့် ယခုအခါ နေ့ပိုင်းတွင် စွန့်ပစ်မြေစာများကို မြေသယ်ကားကြီး အနည်းငယ်နှင့်သာစွန့်ပစ်ကြပြီး ညပိုင်းတွင်မူ မြေသယ်ကားကြီး အမြောက်အမြားဖြင့် တိုးမပေါက်အောင် သယ်ဆောင်စွန့်နေသည်ကို မြင်တွေ့ခဲ့ရသည်။

ရေမဆေးကျောက်ရှာဖွေကြသော ဒေသခံတိုင်းရင်းသားများမှာ မိမိတို့ဘဝရပ်တည်ရေးအတွက် အသက်အန္တရာယ်ကို အလေးမထားဘဲ မြေစာပုံများအတွင်းမှ စွန့်ပစ်ကျောက်များကို စွန့်စွန့်စားစား နေ့စဉ်ရှာဖွေနေကြဆဲဖြစ်သည်။ ရေမဆေးကျောက် ရှာဖွေသူများသည် မြေစာပုံအနီးတွင် မိုးကာများ ကာအုပ်ထားသည့် တဲအိမ်လေးများကို ဆောက်လုပ်ကာ စုပေါင်းနေထိုင်ကြပြီး ရေမဆေးကျောက်ရှာဖွေကြသည်။ လက်တွေ့တွင် မြေစာပုံပြိုကျမှုကြောင့် လူ့အသက်များဆုံးရှုံးရမှုကို သက်သာအောင် မြေစာပုံမှုလျှော့ချမည်ဟု ဆိုကြသော်လည်း လက်တွေ့အကောင်အထည်မပေါ်သေးကြောင်း သိရသည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မေ ၃

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

အီရန်နိုင်ငံသို့ ရောက်ရှိလာသည့် တောင်ကိုရီးယားသမ္မတ ပတ်ခ်ဂွန်ဟေးနှင့် အီရန်သမ္မတ ဟက်ဆန်ရိုဟာနီတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုမှုကို ခံယူစဉ်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို အီရန်သမ္မတ ဆန့်ကျင်

တီဟီရန် မေ ၃

အီရန်သမ္မတ ဟက်ဆန် ရိုဟာနီက မိမိအနေဖြင့် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယား ဖွံ့ဖြိုးမှုအစီအစဉ်များကို ဆန့်ကျင်ကြောင်း တောင်ကိုရီးယား သမ္မတနှင့် မေ ၂ ရက်တွင် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည်။

တောင်ကိုရီးယားသမ္မတ ပတ်ခ်ဂွန်ဟေးသည် အီရန်နိုင်ငံ တီဟီရန်မြို့တော်သို့ မေ ၁ ရက်တွင် ရောက်ရှိလာခဲ့သည်။ ပတ်ခ်ဂွန်ဟေးသည် အီရန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ သံတမန်ဆက်သွယ်မှု စတင်တည်ထောင်သည့် ၁၉၆၂ ခုနှစ်ကတည်းက အီရန်နိုင်ငံသို့ လာရောက်သည့် ပထမဆုံး တောင်ကိုရီးယားသမ္မတဖြစ်သည်။

သမ္မတနှစ်ဦး တွေ့ဆုံပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပတ်ခ်ဂွန်ဟေးက မိမိအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို မြောက်ကိုရီးယားနိုင်ငံ လိုက်နာရေးတွင် အီရန်နိုင်ငံက ကူညီရန် တောင်းဆိုခဲ့သကဲ့သို့ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ၎င်း၏ နျူကလီးယား အစီအစဉ်ကို စွန့်လွှတ်ရန်အတွက်လည်း အီရန်နိုင်ငံက ထောက်ခံဖိအားပေးရန် တောင်းဆိုခဲ့သည်ဟု ဆိုသည်။

ဟက်ဆန်ရိုဟာနီက နျူကလီးယားလက်နက်များနှင့် ဖျက်အားပြင်း လက်နက်များကို ကိုရီးယားကျွန်းဆွယ်နှင့် အရှေ့အလယ်ပိုင်းဒေသတို့မှ ဖယ်ရှားသွားနိုင်ရန် မျှော်လင့်ကြောင်း ပြောကြားသည်။ ၎င်း၏မှတ်ချက် စကားမှာ မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် နျူကလီးယား လက်နက်ပိုင်ဆိုင်သည်ဟု ယူဆရသည့် အစ္စရေးနိုင်ငံတို့အပေါ် စောင်းပါး ရိပ်ခြည်ပြောခြင်းဖြစ်သည်ဟု ယူဆကြသည်။

အီရန်နိုင်ငံသည် ကာလရှည်မဟာမိတ်ဖြစ်သည့် မြောက်ကိုရီးယား နိုင်ငံနှင့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့သည်ဟု နိုင်ငံရေး လေ့လာသူများက ယူဆကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံသမ္မတများသည် အပြန်အလှန် ကုန်သွယ်ရေးတွင် ဒေါ်လာ ၁၈ ဘီလီယံအထိ တိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီခဲ့ကြသကဲ့သို့ စွမ်းအင်ကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် ဘဏ်လုပ်ငန်းများအပါအဝင် နယ်ပယ်ကဏ္ဍစုံတွင် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြသည်။

အင်န်အိတ်ချ်ကေ။

ဥရောပသမဂ္ဂနိုင်ငံများ၌ အရွယ်မရောက်သေးသူ ၉၀၀၀၀ ခန့် ခိုလှုံခွင့်တောင်းခံ

ဘရပ်ဆယ် မေ ၃

ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင်နိုင်ငံများ၌ ၂၀၁၅ ခုနှစ်အတွင်း အုပ်ထိန်းသူ အစောင့်အရှောက်မပါဘဲ ခိုလှုံခွင့်ရရှိရန် တောင်းခံသော အရွယ်မရောက်သေးသူ ၉၀၀၀၀ နီးပါးရှိကြောင်း အီးယူ၏ စာရင်းအင်းအေဂျင်စီ(ယူရိုစတက်)က ထုတ်ပြန်ကြေညာသည်။

လွန်ခဲ့သည့်နှစ်က အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကဒေသတို့မှနေ၍ စစ်ပွဲဘေးအန္တရာယ်နှင့် ဆင်းရဲမွဲတေမှု ဒုက္ခတို့မှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ထွက်ပြေးလာခဲ့ပြီး ခိုလှုံခွင့်တောင်းခံသူ လူတစ်သန်းကျော်အနက် လူပေါင်း ၈၈၃၀၀ ခန့်မှာ အုပ်ထိန်းသူ အစောင့်အရှောက်မပါသော အရွယ်မရောက်သေးသူများ ဖြစ်ကြကြောင်း ယူရိုစတက်က ပြောကြားသည်။

ခိုလှုံခွင့် တောင်းခံသူ ဦးရေမှာ ၂၀၁၄ ခုနှစ် အခြေပြ စာရင်းအင်းနှင့် နှိုင်းယှဉ်လျှင် နှစ်ဆခန့် ပိုမိုများပြားလာခြင်းဖြစ်ပြီး အုပ်ထိန်းသူအစောင့်အရှောက်မပါဘဲ ထွက်ပြေးလာသည့် အရွယ်မရောက်သူ ဦးရေမှာ လေးဆခန့် ပိုမိုများပြားလာကြောင်း ယူရိုစတက်၏ အစီရင်ခံစာတွင် ဖော်ပြသည်။

ဥရောပ သမဂ္ဂနိုင်ငံများ၌ လွန်ခဲ့သည့်နှစ်က ပထမဆုံးအကြိမ် ခိုလှုံခွင့် လျှောက်ထားသူ ၁ ဒသမ ၂၆ သန်းအနက် သုံးပုံတစ်ပုံမှာ အုပ်ထိန်းသူမပါသော အရွယ်မရောက်သေးသူများဖြစ်ကြကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

ရိုက်တာ။

နိုင်ရိုဘီရှိ ပြိုကျနေသော အဆောက်အအုံအောက်မှ ကလေးငယ်တစ်ဦးကို ကယ်တင်နိုင်

နိုင်ရိုဘီ မေ ၃

ကင်ညာနိုင်ငံမြို့တော် နိုင်ရိုဘီမြို့ရှိ ပြိုကျနေသော အဆောက်အအုံအောက်မှ ခြောက်လသားအရွယ် ကလေးငယ်တစ်ဦးကို ကယ်ဆယ်ရေးလုပ်သားများက မေ ၃ ရက်တွင် ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

နိုင်ရိုဘီမြို့၏ အခြေခံလူတန်းစားများနေထိုင်ရာ ဟူရူမာခရိုင်ရှိ အဆိုပါခြောက်ထပ်အဆောက်အအုံမှာ ဧပြီ ၂၉ ရက် ညက ပြိုကျခဲ့ရာ အနည်းဆုံးလူ ၂၁ ဦး သေဆုံးခဲ့သည်ဟု သိရသည်။ ရဲတပ်ဖွဲ့အနေဖြင့် အဆောက်အအုံပိုင်ရှင်အား ခွင့်ပြုချက်မရရှိဘဲ အခန်းပေါင်း ၁၁၉ ခန်းကို အငှားချထားခြင်းကြောင့် ဖမ်းဆီးထားပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ ကယ်တင်ခံရသော မိန်းကလေးငယ်မှာ အဆောက်အအုံအောက်တွင် နာရီ ၈၀ မျှ ပိတ်မိနေခဲ့ပြီး စောင်ဖြင့် ပတ်လျက်ရှိနေသည်။ ၎င်းအား တွေ့ရှိချိန်တွင် ဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရဘဲ ရေဓာတ်ခန်းခြောက်နေသော လက္ခဏာကိုသာ တွေ့ရကြောင်း ကင်ညာကြက်ခြေနီအဖွဲ့က ပြောကြားသည်။

အဆောက်အအုံပြိုကျမှုမှ လွတ်မြောက်ခဲ့သူပေါင်း ၁၃၅ ဦးခန့်ရှိကြောင်း ဌာနေသတင်းများတွင် ဖော်ပြသည်။

ရိုက်တာ။

အီတလီနိုင်ငံ မြို့ကြီးများတွင် တရုတ်နှင့်အီတလီ ရဲတပ်ဖွဲ့ဝင်များ ပူးတွဲကင်းလှည့်မှု စတင်

ရောမ မေ ၃

တရုတ်နိုင်ငံရဲတပ်ဖွဲ့မှ အရာရှိများနှင့် အီတလီရဲတပ်ဖွဲ့မှ အရာရှိများ၏ ပူးတွဲကင်းလှည့်မှုကို အီတလီနိုင်ငံ ရောမနှင့် မီလန်မြို့တို့တွင် မေ ၂ ရက်က စတင်ပြုလုပ်ခဲ့ပြီး ယင်းမှာတရုတ်နှင့် အီတလီအစိုးရများ သဘောတူညီမှု ရရှိခဲ့သည့် အစီအစဉ်တစ်ရပ်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ယင်းအစီအစဉ်အရ ကမ္ဘာလှည့်ခရီးသည်များ လာရောက်ရာဒေသဖြစ်သည့် အီတလီနိုင်ငံအလယ်ပိုင်း ရောမမြို့နှင့် နိုင်ငံမြောက်ပိုင်းဒေသမှ စီးပွားရေးမြို့တော်မီလန်တို့တွင် တရုတ်နှင့် အီတလီရဲတပ်ဖွဲ့ဝင်များ ပူးတွဲကင်းလှည့်ကြမည်ဖြစ်သည်။ ကင်းလှည့်ရဲအဖွဲ့ တစ်ဖွဲ့စီတွင် တရုတ်ရဲအရာရှိနှစ်ဦးစီ ပါဝင်မည်ဖြစ်ပြီး ၎င်းတို့မှာ အီတလီနှင့် အင်္ဂလိပ်ဘာသာစကားအပြင် မန်ဒရင်းဘာသာစကား ပြောဆိုနိုင်သူများဖြစ်သည်။

ယင်း တရုတ်-အီတလီ ရဲတပ်ဖွဲ့ဝင်များ ပူးတွဲကင်းလှည့်ခြင်းကို မေ ၂ ရက်မှစ၍ ရက်သတ္တနှစ်ပတ်ကြာ ပြုလုပ်သွားမည်ဖြစ်သည်။

ယနေ့သည် အရေးပါသော နေ့တစ်နေ့ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့နှင့် တရုတ်နိုင်ငံတို့သည် ကြီးလေးသော လုပ်ငန်းနယ်ပယ်တစ်ရပ်တွင် အင်အားကောင်းစွာ ပူးပေါင်းလုပ်ဆောင်ခြင်းကြောင့်ဖြစ်ကြောင်း အီတလီပြည်ထဲရေးဝန်ကြီး အိန်ဂျယ်လီနို အယ်လ်ဖာဒိုက ရောမမြို့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တရုတ်နှင့် အီတလီနှစ်နိုင်ငံ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တရုတ်ရဲတပ်ဖွဲ့ဝတ်စုံဝတ်ဆင်ထားသည့် ရဲတပ်ဖွဲ့ဝင်များနှင့် အီတလီရဲတပ်ဖွဲ့ဝတ်စုံဝတ်ဆင်ထားသော ရဲတပ်ဖွဲ့ဝင်များ ရောမမြို့နှင့် မီလန်မြို့တို့တွင် အတူတကွ တာဝန်ထမ်းဆောင်ခြင်းသည် တရုတ်လူမျိုး ခရီးသွားများ အများအပြား လာရောက်လည်ပတ်သည့် အီတလီနိုင်ငံတွင် လုံခြုံစိတ်ချရေးအတွက် အားဖြည့်လုပ်ဆောင်ခြင်းဖြစ်ကြောင်း အီတလီပြည်ထဲရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ။

ဂျပန်ကိုယ်ပိုင်ရေကြောင်း ကာကွယ်ရေးတပ်ဖွဲ့မှ လေ့ကျင့်ရေးလေယာဉ်များ ဖိလစ်ပိုင်သို့ ငှားရမ်းမည်

တိုကျို မေ ၃

ဂျပန်ကိုယ်ပိုင် ရေကြောင်းကာကွယ်ရေးတပ်ဖွဲ့ (အမ်အက်စ်ဒီအက်ဖ်)မှ တီစီ-၉၀ အမျိုးအစား လေ့ကျင့်ရေးလေယာဉ်ငါးစင်းအထိကို ဖိလစ်ပိုင်နိုင်ငံသို့ ငှားရမ်းမည်ဖြစ်ကြောင်း၊ ယင်းမှာ ဂျပန်ကိုယ်ပိုင်ရေကြောင်း ကာကွယ်ရေးတပ်ဖွဲ့အနေဖြင့် နိုင်ငံခြားတိုင်းပြည်တစ်ခုသို့ ပထမဆုံးအကြိမ်အဖြစ် စစ်လေယာဉ်များ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက မေ ၂ ရက်တွင် ပြောကြားသည်။

ယင်းလေယာဉ်များ ငှားရမ်းသည့် သဘောတူညီမှုကို ဂျပန်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးနာကာတာနီနှင့် ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီး ဗော်လ်တဲယားဂတ်စ်မင်တို့ မေ ၁ ရက် ညနေပိုင်းက ဖုန်းဖြင့် ဆက်သွယ်ပြောဆိုရာမှ အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

တီစီ-၉၀ အမျိုးအစား လေ့ကျင့်ရေးလေယာဉ်များသည် ကီလိုမီတာ ၁၉၀၀ အကွာအဝေးထိ ပျံသန်းနိုင်စွမ်းရှိပြီး ဖိလစ်ပိုင်ရေတပ်လေယာဉ်များ ပျံသန်းနိုင်စွမ်း၏ နှစ်ဆအထိ ပျံသန်းနိုင်သည်။ ယင်းလေယာဉ်ငှားရမ်းရေး သဘောတူညီချက်သည် ဖိလစ်ပိုင်နိုင်ငံ၏ ရေကြောင်းကင်းလှည့်လုပ်ငန်း စွမ်းဆောင်ရည်ကို ကြီးမားစွာ တိုးတက်ကောင်းမွန်လာစေမည်ဟု မျှော်လင့်ရသည်။

ယခုလေယာဉ်ငှားရမ်းမှုသည် ဂျပန်နိုင်ငံအနေဖြင့် ၎င်း၏ လက်နက်တင်ပို့မှုအပေါ် ပိတ်ပင်ထားမှုကို ရုပ်သိမ်းလိုက်ပြီးနောက်ပိုင်း ပြည်ပနိုင်ငံတစ်ခုသို့ ပထမဆုံးအကြိမ်အဖြစ် စစ်သုံးလေယာဉ်ငှားရမ်းမှု ဖြစ်လာခဲ့သည်။ ဂျပန်နိုင်ငံသည် ပြည်ပသို့ စစ်လက်နက်ပစ္စည်းတင်ပို့မှု ကန့်သတ်ထားချက်ကို ၂၀၁၄ ခုနှစ် ဧပြီလအတွင်းက ဖြေလျှော့ပေးခဲ့ပြီး ဖြစ်သည်။

ဆင်ဟွာ။

တူးမြောင်းဖြတ်ကူးတံတား စီမံကိန်းကြောင့် ထိခိုက်နစ်နာနိုင်သည့် အိမ်မဲပြည်သူများအတွက် မေလအတွင်း စတင်၍ စိစစ်တွက်ချက်ဆောင်ရွက်ပေးသွားမည်

နေပြည်တော် မေ ၃

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း(၃)ခုမေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း (၃)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရှင်းလင်းဖြေကြားသည်။

မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ မိုင်းရယ်မြို့နေ ပြည်သူများအတွက် စိုက်ပျိုးရေနှင့်သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေခြင်းကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရေလှောင်တမံတည်ဆောက်နိုင်ရေး အသေးစိတ်စူးစမ်းလေ့လာမှုကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ၃ နှစ်ခန့်ကြာမြင့်သော်လည်း ဘဏ္ဍာငွေတင်ပြတောင်းခံခြင်း ရှိ၊ မရှိ မသိရှိရသည့်အပြင် မြေပြင်တွင်လည်း ဆောင်ရွက်မှုတစ်စုံတစ်ရာ မတွေ့ရှိရပါသဖြင့် မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်းနှင့် ပြည်သူများစိုက်ပျိုးရေနှင့်သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေမှုကို ပြေလည်စေရန် နိုင်ငံတော်အစိုးရက မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ မိုင်းရယ်မြို့နယ်နေ ပြည်သူများ သောက်သုံးရေနှင့် စိုက်ပျိုးရေ အခက်အခဲမရှိ လုံလောက်စွာပေးဝေနိုင်ရန်အတွက် မြို့အထက်ဘက်တွင် နားဝါရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေလိုအပ်ချက်အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေခေါင်းစဉ်အောက်မှ တင်ပြတောင်းခံခဲ့သော်လည်း လုပ်ငန်းဦးစားပေးအလိုက် ရန်ပုံငွေအဆင့်ဆင့် စိစစ်လျှော့ချရာတွင် ပါဝင်သွားသဖြင့် လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပါကြောင်း၊ ထို့ကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေတွင် ထပ်မံထည့်သွင်းတင်ပြတောင်းခံခဲ့သော်လည်း လုပ်ငန်းဦးစားပေးအလိုက် ရန်ပုံငွေအဆင့်ဆင့် စိစစ်လျှော့ချရာတွင် ထပ်မံပါဝင်သွားသဖြင့် နားဝါရေလှောင်တမံ တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် လာမည့်နှစ်များတွင် ရန်ပုံငွေရရှိရေး ဆက်လက်တင်ပြတောင်းခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ။

မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်။

အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၏ အိမ်မဲမြို့နယ် တူးမြောင်းဖြတ်ကူးတံတားစီမံကိန်းကြောင့် ထိခိုက်နစ်နာနိုင်သည့် အိမ်မဲပြည်သူများအတွက် ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်စေရန် မည်သို့ဆောင်ရွက်ထားရှိသည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ တံတားချဉ်းကပ်လမ်း၏တန်ဖိုးတွင် မြေယာလျော်ကြေးငွေ ပေးချေရန်ပါဝင်ပြီး မြေယာလျော်ကြေးငွေတွက်ချက်ရာတွင် မြေတစ်ဧကလျှင် ၁၀ သိန်းနှုန်းဖြင့် မြေဧက ၃၂ ဒသမ ၁၄ အတွက် ငွေကျပ် ၃၂ ဒသမ ၁၄ သန်းအား လျော်ကြေးပေးရန် လျာထားတွက်ချက်ထားပါကြောင်း၊ အိမ်မဲတူးမြောင်းတံတားသည် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ချဉ်းကပ်လမ်းအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ချဉ်းကပ်လမ်းဆောင်ရွက်ရာတွင်ပါဝင်မည့် ကျေးရွာနေပြည်သူများ၏ အိမ်ခြံမြေနှင့် လယ်ယာမြေတို့အား နစ်နာကြေးပေးရေးအဖွဲ့ ဖွဲ့စည်းပြီး ကျေးရွာနေပြည်သူများ ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်စေမည့် ချဉ်းကပ်လမ်းအူကြောင်းပေါ် မူတည်၍ ပါဝင်မည့်မြေယာများ၏ လျော်ကြေးငွေအား မေလအတွင်း စတင်၍ စိစစ်တွက်ချက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း၏ လှိုင်လင်မြို့နယ် ပင်လုံမြို့ ပန်မုန့်ကျေးရွာအုပ်စုမှ ဆဟောင်းကျေးရွာအုပ်စု လှိုင်လောင်ရွာသို့သွားသည့် လမ်းပေါ်ရှိ နမ့်စီးဟောင်းရေချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် တံတားအမှတ်(၁) အလျားပေ ၄၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ သံကူကွန်ကရစ်တံတားတစ်စင်း အသစ်တည်ဆောက်ပေးရန်နှင့် တံတားအမှတ်(၂) အလျားပေ ၃၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေရှိ သံကူကွန်ကရစ်တံတားတစ်စင်း အသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နမ့်စီးဟောင်းရေချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် သံကူကွန်ကရစ်တံတားအသစ်တစ်စင်းနှင့် ကွန်ကရစ်ရေကျော်တစ်စင်းတို့အတွက် ကုန်ကျငွေကျပ် ၁၇ သန်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတို့ကို လွှတ်တော်သို့ တင်သွင်းသည်။

ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

ရက်ပေါင်း ၁၀၀ အတွင်းမှာ ဖလမ်းမြို့သို့ လျှပ်စစ်ဓာတ်အား မကြာမီဖြန့်ဖြူးပေးနိုင်မည်

နေပြည်တော် မေ ၃

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ လျှပ်စစ်နှင့် ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်း နှစ်ခု မေးမြန်းဖြေကြားခြင်းနှင့် ၁၉၇၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အဆိုတင်သွင်းခြင်း၊ အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှုယ်ထန်း။

အစည်းအဝေးတွင် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှုယ်ထန်း၏ ဖလမ်းမြို့သို့ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း မဟာဓာတ်အားလိုင်းရောက်ရှိမည်ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဖြေကြားခဲ့ပြီးဖြစ်သော်လည်း ယခုအချိန်ထိ မဟာဓာတ်အားလိုင်း အဘယ်ကြောင့်မရရှိသေးသည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ၂၀၁၅ ခုနှစ် မိုးရာသီတွင် ရေကြီးခြင်း၊ မြေပြိုခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုရှိခဲ့ပြီး စီမံကိန်းပစ္စည်းများ ပို့ဆောင်ရာ၌ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ခြင်း၊ တာဝါတိုင်နေရာများရှိ မြေလွှာများ ပြတ်ရွေ့ခြင်း၊ မြေကျွံခြင်းများဖြစ်ပေါ်၍ တာဝါတိုင်ဖောင်ဒေးရှင်းများ ရွေ့လျားပျက်စီးခြင်းတို့ကြောင့် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရသဖြင့် ဖလမ်းမြို့သို့ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း မဟာဓာတ်အားလိုင်း သွယ်တန်းနိုင်မှုမရှိခဲ့ပါကြောင်း၊ ယခု ၆၆ ကေဗွီ ဟားခါး-ဖလမ်း ဓာတ်အားလိုင်းမှာ ၉၉ ဒသမ ၂၃ ရာခိုင်နှုန်းနှင့် ၆၆ ကေဗွီ ဖလမ်းဓာတ်အားခွဲရုံမှာ ၁၀၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ ရက်ပေါင်း ၁၀၀ အတွင်းမှာ ဖလမ်းမြို့သို့ လျှပ်စစ်ဓာတ်အား မကြာမီဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးမိုး၏ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်ရှိသော ငဝန်မြစ်ကူးကြိုးတံတား(ပုသိမ်)၏ တံတားခံနိုင်ဝန်၊ ကြံ့ခိုင်မှုတို့အား ပုံမှန်စစ်ဆေးခြင်း၊ ထိန်းသိမ်းမွမ်းမံပြုပြင်ခြင်းများ ပုံမှန်ဆောင်ရွက်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ငဝန်မြစ်ကူးကြိုးတံတားကို တံတားအရည်အသွေးထိန်းသိမ်းရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)နှင့် အဖွဲ့ဝင်များက တံတား၏ Suspender ကြိုးများ မူလခံနိုင်ဝန်အတိုင်း ထမ်းနိုင်ခြင်း ရှိ၊ မရှိကို Stress, Strain & Cable Force Measuring Instrument အသုံးပြု၍ တိုင်းတာခြင်းနှင့် တာဝါတိုင်များ၊ ကြိုးထိန်းခုံများကို အသေးစိတ်စစ်ဆေးခဲ့ရာ ဒီဇိုင်းခံနိုင်ဝန်အတိုင်း ပြည့်မီသည်ကို စစ်ဆေးတွေ့ရှိပါကြောင်း၊ ထို့ပြင် ပုသိမ်ကြိုးတံတားကို ပုံမှန်မျက်မြင်စစ်ဆေးခြင်းအား (၃)လ တစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ပြီး Stress, Strain & Cable Force Measuring Instrument စက်ကိရိယာများ အသုံးပြု၍ တစ်နှစ်လျှင် တစ်ကြိမ် အသေးစိတ်တိုင်းတာစစ်ဆေး ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ဉာဏစိုးက နိုင်ငံတော်ကောင်စီဥပဒေ (ဥပဒေအမှတ် ၁၀/၁၉၇၄) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၏ မြန်မာ့တပ်မတော်နှင့် AA လက်နက်ကိုင်အဖွဲ့တို့အကြား ရခိုင်ပြည်နယ်အတွင်း ယခုတလော တစ်ကျော့ပြန်ဖြစ်ပွားနေသည့် တိုက်ပွဲများကို ချက်ချင်းရပ်စဲပြီး AA လက်နက်ကိုင်အဖွဲ့ကို နိုင်ငံရေးအရ ဆွေးနွေးပွဲသို့ ဖိတ်ခေါ်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုနှင့် စပ်လျဉ်း၍ ပါဝင်ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦး အနက် ယနေ့ အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးက ဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်က ယခုအစိုးရသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးနှင့် ၂၁ ရာစု ပင်လုံညီလာခံ စသည်တို့ကို အလေးထား အကောင်အထည်ဖော်နေသည့်ကာလ ဖြစ်ပါကြောင်း၊ ယခုလိုကာလမျိုးတွင် တိုင်းရင်းသား AA တပ်ဖွဲ့ကို ငြိမ်းချမ်းရေးစားပွဲဝိုင်းထဲသို့ ခေါ်ဆောင်ရန် အကောင်းဆုံးအချိန်ဖြစ်ပါကြောင်း၊ လွန်ခဲ့သည့်တစ်နှစ်က AA အနေဖြင့် အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်စာချုပ် (NCA)မှာ ပါဝင်လက်မှတ်ရေးထိုးနိုင်ခွင့်ရခဲ့ပါက ၃၅ နှစ်ကြာ သေနတ်သံမကြားခဲ့ရသည့် ရခိုင်ပြည်နယ်တွင် ယခုလို တိုက်ပွဲများ ပြန်ဖြစ်လာမည် မဟုတ်သည့်အပြင် ပြည်သူများလည်း ဒုက္ခမရောက်နိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဒေါ်နော်လှလှစိုးက စစ်ပွဲများနှင့် တိုက်ပွဲများ ဖြစ်ပွားနေရသည့်အတွက် နိုင်ငံတော်၏ တိုးတက်ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်အက်ကြောင်းများ ထင်စေပါကြောင်း၊ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးရသည့်အတွက် လူ့စွမ်းအားအရင်းအမြစ် အပါအဝင် နိုင်ငံ့စွမ်းအားစုများ လေလွင့်ဆုံးရှုံးရပါကြောင်း၊ တိုင်းရင်းသားရင်သွေးများ၏ ပညာရေး၊ မိသားစုများ၏ ကျန်းမာရေး၊ သယံဇာတအမွေအနှစ်များ အပါအဝင် နိုင်ငံသူ နိုင်ငံသားများ၏ ပိုင်ဆိုင်မှုများ ဆုံးရှုံးရခြင်း၊ အခွင့်အရေးများ ပျောက်ပျက်သွားခြင်း၊ မျှော်လင့်ချက်များ ပျောက်ဆုံးရခြင်း၊ လူ့အခွင့်အရေး ဆုံးရှုံးမှုများနှင့် ကြုံတွေ့ရသည့်အတွက် စစ်မက်ကင်းစင်သော ပြည်ထောင်စုကြီးအဖြစ် အေးအတူ ပူအမျှ လက်တွဲနေထိုင်သွားကြရန် မိမိတို့နိုင်ငံသားတိုင်းက ဆန္ဒရှိကြပါကြောင်း။

နိုင်ငံတစ်ဝန်းလုံးတွင် ငြိမ်းချမ်းရေးလက်တွေ့ကျကျ ဖြစ်ထွန်းစေရန်အတွက် မကြာမီ ပေါ်ပေါက်လာမည့် ၂၁ ရာစု ပင်လုံညီလာခံ အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ရန် ပြည်သူတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရန် အဆင်သင့်ရှိနေပြီး ယခု တင်သွင်းသည့် အရေးကြီးအဆိုကို နိုင်ငံတစ်ဝန်းမှ တိုင်းရင်းသား ပြည်သူများနှင့် သက်ဆိုင်မှု၊ ပါဝင်ဆောင်ရွက်နိုင်မှု အခြေအနေများအပေါ် အလေးအနက်သုံးသပ်ပြီး လွှတ်တော်၌ မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်က မိမိတို့နိုင်ငံသည် နှစ်ပေါင်း ၆၀ ခန့် ပြည်တွင်းစစ်ကို ဆင်နွှဲခဲ့ရသဖြင့် အာဆီယံနိုင်ငံများအတွင်း ဖွံ့ဖြိုးတိုးတက်မှု နောက်အကျဆုံး ဖြစ်ခဲ့ရပါကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် ပြည်တွင်းစစ်၏ ဆိုးကျိုးများကို ထိခိုက်ခံစားခဲ့ရသည်မှာ ပြည်သူများဖြစ်ပါကြောင်း၊ AA လက်နက်ကိုင်အဖွဲ့အနေဖြင့် အထက်ပါသင်ခန်းစာများကိုရယူပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခု၊ ၎င်းတို့အခေါ်အရ

စာမျက်နှာ ၈ သို့

ဓာတ်အားပြတ်တောက်မှုနှင့်ပတ်သက်၍ (ဓာတ်အားစနစ် ပြတ်တောက်မှု - System Break)

ဝေယံ

ဟာ. . . မီးပျက်သွားပြီ. . ဒီတစ်ခါပျက်သွားတာ တစ်မြို့လုံး မှောင်သွားတာပဲ. . . ဘောလုံးပွဲကြည့်ကောင်းနေတုန်းမို့ ဆတ်တငံ့ငံ့. . . ပူအိုက်လို့ လေအေးစက်. . ပန်ကာလေအကူနဲ့ နေရသူတွေကလည်း အိမ်အပြင်ထွက်ကြရ. . . ထမင်း၊ ဟင်း မချက်ရသေးသူတွေကလည်း မီးသွေးဖိုပဲ မီးမွှေးရမလိုလို. . . ဘာကြောင့် မီးပျက်ရတာလဲ. . . လျှပ်စစ်ရုံးကို ဖုန်းဆက်. . . လျှပ်စစ်ဌာနတွေရဲ့ Website တွေကြည့်ရ. . . .

တခြားမြို့တွေလည်း မီးလာသလား ဖုန်းဆက်မေးရ၊ Facebook ကြည့်ကြနဲ့၊ မြို့တိုင်းမီးပျက်သွားတယ်တဲ့။ ဓာတ်အားစနစ် System Break ဖြစ်သွားတယ်တဲ့။ ဓာတ်အားစနစ် System Break ဆိုတာဘာလဲ။ System ဆိုတဲ့ဟာကြီး ကျိုးပဲ့သွားတာလား၊ ပေါက်ကွဲသွားတာလား။ ဘာကြောင့် System Break ခဏခဏ ဖြစ်နေရတာလဲ။ ပြုပြင်မှုတွေ မလုပ်နိုင်ကြလို့လား။ System Break အကြောင်း ဂဃနဏ သေချာမသိကြသော်လည်း System Break ဆိုသည်နှင့် တစ်မြို့လုံးဖြစ်စေ၊ မြို့များစွာဖြစ်စေ၊ တစ်နိုင်ငံလုံးဖြစ်စေ ဓာတ်အားပြတ်တောက်သွားမှု ခံစားကြရသည်ကိုတော့ သိနေကြသည်။

ဓာတ်အားပြတ်တောက်ရခြင်း (လျှပ်စစ်မီးပြတ်ခြင်း)များမှာ ဓာတ်အားပေးစက်ရုံကြောင့်လား။ ဓာတ်အားပို့လွှတ်ရေး လိုင်းတွေကြောင့်လား။ မြို့တွင်းဖြန့်ဖြူးရေး လိုင်းတွေကြောင့်လား။ ထရန်စဖော်မာကြောင့်လား စသည်ဖြင့် အကြောင်းအရာများစွာရှိနိုင်သည့်အနက် ဓာတ်အားစနစ် ပြတ်တောက်မှု (System Break)သည် ဓာတ်အားသုံးစွဲသူအားလုံး ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ရပါသည်။

ဓာတ်အားပြတ်တောက်မှုဖြစ်စဉ်များမှ ဓာတ်အားစနစ် ဓာတ်အားပြတ်တောက်မှု (System Break)ကြောင့် ဆိုတာပဲသိရှိပြီး ဘာကြောင့်ဖြစ်ရတယ်ဆိုတာကို သိစေချင်ပါသည်။

ဓာတ်အားစနစ် ဓာတ်အားပြတ်တောက်မှု(System Break)

တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး/ပြည်နယ်များသို့ နိုင်ငံတော်ဓာတ်အားစနစ် (National Grid)က ပေးပို့ထားသော လျှပ်စစ်ဓာတ်အား တစ်စိတ်တစ်ပိုင်း ပြတ်တောက်ခြင်း၊ ဓာတ်အားစနစ်တစ်ခုလုံး ပြတ်တောက်သွားခြင်းတို့ကို System Break ဟု ခေါ်ပါသည်။

ဓာတ်အားစနစ် တစ်စိတ်တစ်ပိုင်း ပြတ်တောက်ပါက ဒေသအချို့ (တိုင်းဒေသကြီး/ပြည်နယ်အချို့) ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်စေပြီး ဓာတ်အားစနစ်တစ်ခုလုံး ဓာတ်အားပြတ်တောက်ပါက ဓာတ်အားစနစ်က ပေးထားသော တစ်နိုင်ငံလုံးရှိ မြို့များ၊ ကျေးရွာများအားလုံး ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ပါသည်။ ဓာတ်အားပြတ်တောက်မှုနှင့်ဆက်နွှယ်၍ ဓာတ်အားစနစ်အကြောင်းကိုလည်း သိရှိရန်လိုအပ်ပါသည်။

ဓာတ်အားစနစ်(National Grid)

လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးသော ရေအားစက်ရုံ၊ သဘာဝဓာတ်ငွေ့စက်ရုံ၊ ကျောက်မီးသွေးစက်ရုံ စသည့် စက်ရုံအသီးသီးတို့က ထုတ်လုပ်သော (Generation) လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းများဖြင့် ချိတ်ဆက်ပြီး နိုင်ငံအတွင်း ဓာတ်အားသုံးစွဲသောဒေသများ(တိုင်းဒေသကြီး/ပြည်နယ်)သို့ လျှပ်စစ်ဓာတ်အားများပို့လွှတ်ရန်(Transmission) ဗို့အားမြင့် ဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံများတည်ဆောက်ကာ လျှပ်စစ်ဓာတ်အားများကို ပို့လွှတ်ခြင်း(Transmission)ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားပေးစက်ရုံများကထွက်ရှိသော ဓာတ်အားများကို နိုင်ငံအတွင်း ဒေသများသို့ပေးပို့ရာတွင် ဓာတ်အားခွဲရုံကြီးများ (၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ)၊ ဗို့အားမြင့် ဓာတ်အားလိုင်းကြီးများ (၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ)များတည်ဆောက်၍ နိုင်ငံတော်ဓာတ်အားစနစ် (National Grid) ဖြင့် ပေးပို့လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ ၃၇ ရုံ၊ ၁၃၂ ကေဗွီ ဓာတ်အားခွဲရုံ ၂၃ ရုံ၊ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း ၂၄၈၉ ဒသမ ၃၂ မိုင်၊ ၁၃၂ ကေဗွီ ဓာတ်အားလိုင်း ၁၃၆၁ ဒသမ ၆၅ မိုင် တည်ဆောက်ပြီးဖြစ်ပါသည်။

ဓာတ်အားစနစ် (National Grid)ဓာတ်အားပြတ်တောက်ရသည့် အကြောင်းအရင်းများ

ဓာတ်အားစနစ်(National Grid)များ တည်ဆောက်ထားသော နိုင်ငံများတွင် ဓာတ်အားစနစ် ဓာတ်အားပြတ်တောက်မှုများ ရှိကြပါသည်။ ဓာတ်အားပြတ်တောက်မှု ဖြစ်ရသည့် အကြောင်းအရင်းများမှာ-

(က) ဓာတ်အားခွဲရုံများ ချွတ်ယွင်းမှုကြောင့် ဖြစ်ပွားခြင်း။
(ခ) ဓာတ်အားလိုင်းများ ချွတ်ယွင်းမှုကြောင့် ဖြစ်ပွားခြင်း။
(ဂ) ဓာတ်အားထုတ်စက်ရုံများ ချွတ်ယွင်းမှုကြောင့် ဖြစ်ပွားခြင်း။
(ဃ) ဓာတ်အားထုတ်လုပ်နိုင်မှုထက် ပို၍သုံးစွဲမှုကြောင့် ဖြစ်ပွားခြင်း။
(င) မုန်တိုင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် ဖြစ်ပွားခြင်း။
(စ) မိုးကြိုးပစ်ခြင်းကြောင့် ဖြစ်ပွားခြင်း။
(ဆ) အပူလှိုင်းများ ဖြတ်သန်းခြင်းကြောင့် ဖြစ်ပွားခြင်း။
(ဇ) အဖြေရှာမသိသော ယာယီလိုင်းအပြစ်များကြောင့် ဖြစ်ပွားခြင်း။
(ဈ) အခြားအကြောင်းအရာများကြောင့် ဖြစ်ပွားခြင်း။

မှတ်ချက်။ (က မှ ဃ အထိ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များရှိခြင်း၊ င မှ ဆ အထိ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း။)

ဖော်ပြပါ ဓာတ်အားစနစ် ဓာတ်အားပြတ်တောက်မှုများအနက် ဓာတ်အားစနစ်ကို တောင့်တင်းခိုင်မာစွာ တည်ဆောက်ထားသော ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အမှတ်စဉ်(က)မှ(ဃ)အထိ ဓာတ်အားစနစ်အတွက် ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်းများတွင် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကြောင့် ဖြစ်ပွားမှုနည်းပါသည်။

ယင်းနိုင်ငံများသည် ဓာတ်အားလုံလောက်စွာ ထုတ်လုပ်နိုင်သည့်အတွက် မြန်မာနိုင်ငံ၌ နွေရာသီတွင် ဖြစ်ပေါ်လေ့ရှိသော အမှတ်စဉ် (ဃ)ပါ ဓာတ်အားထုတ်လုပ်မှုထက် ပို၍သုံးစွဲမှုကြောင့် ဓာတ်အားပြတ်တောက်မှုမျိုး မရှိကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် ဓာတ်အားစနစ် ဓာတ်အားပြတ်တောက်မှု

မြန်မာနိုင်ငံအနေဖြင့် ဓာတ်အားစနစ်ကို ခိုင်မာအောင်တည်ဆောက်ရန် လိုအပ်နေသည့်အတွက် အမှတ်စဉ်(က)မှ (ဈ)အထိ အချက်အားလုံးဖြင့် ဓာတ်အားစနစ် ပြတ်တောက်မှု System Break ဖြစ်ပွားပါသည်။ မြန်မာနိုင်ငံ၌ ဓာတ်အားလိုင်းများ ချွတ်ယွင်းမှုတွင် သဘာဝဘေးဒဏ်အပြင် ဓာတ်အားလိုင်းတိုင်များ ဖျက်ဆီးခံရမှုများလည်း ပါဝင်ပါသည်။

အမှတ်စဉ်(က)မှ(ဃ)အထိ တည်ဆောက်မှုဖြည့်ဆည်းရန် လိုအပ်ချက်ကြောင့် ဓာတ်အားစနစ် ဓာတ်အားပြတ်တောက်မှုသည် ၅၀ ရာခိုင်နှုန်းကျော်အထိ ပါဝင်ပါသည်။ အထူးသဖြင့် နွေရာသီတွင် ဓာတ်အားထုတ်လုပ်မှုထက်ပို၍ သုံးစွဲမှုများကြောင့် ဓာတ်အားပြတ်တောက်မှုဖြစ်စဉ်များ တွေ့နေရပါသည်။

မြန်မာနိုင်ငံတွင် ဓာတ်အားစနစ်မှ ဓာတ်အားပြတ်တောက်မှုအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ၁၂ ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် ၁၄ ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် ၇ ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် ၁၀ ကြိမ်၊ ၂၀၁၅ ခုနှစ်တွင် ၈ ကြိမ်၊ ၂၀၁၆ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ ၇ ကြိမ် ဖြစ်ပေါ်ခဲ့ပါသည်။

မြန်မာနိုင်ငံ ဓာတ်အားစနစ်၏အားနည်းချက်များနှင့် ပြုပြင်ရန်အချက်များ

မြန်မာနိုင်ငံတွင် ဓာတ်အားပြတ်တောက်မှု (System Break) ဖြစ်ပေါ်ရခြင်းမှာ ဓာတ်အားစနစ်တွင် အားနည်းချက်များရှိနေပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရန်များ ရှိနေပါသည်။ ရန်ကုန်မြို့၏ ဓာတ်အားသုံးစွဲမှုသည် ၁၂၅၀ မဂ္ဂါဝပ်ခန့်ရှိပြီး ရန်ကုန်မြို့ပေါ်ရှိ သဘာဝဓာတ်ငွေ့ ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်မှုသည် ၅၀၀ မဂ္ဂါဝပ်ခန့်သာ ရှိသည့်အတွက် လိုအပ်နေသော ဓာတ်အားကို နိုင်ငံတော်ဓာတ်အားစနစ်က ရယူသုံးစွဲရပါသည်။

ရန်ကုန်မြို့အတွက် လိုအပ်သောဓာတ်အားကို **မိတ္ထီလာ၊ ပျဉ်းမနား၊ တောင်ငူ၊ ရန်ကုန် ၂၃၀ ကေဗွီ ဓာတ်အားလမ်းကြောင်း (၁)နှင့် မိတ္ထီလာ၊ တောင်တွင်းကြီး၊ ရွှေတောင်၊ ရန်ကုန် ၂၃၀ ကေဗွီ ဓာတ်အားလမ်းကြောင်း(၂)** တို့မှ ဓာတ်အားစီးဆင်းနိုင်သည့် ဝန်အားများအရ ရယူသုံးစွဲပါသည်။

ဓာတ်အားလမ်းကြောင်းတစ်ခု ချွတ်ယွင်းသွားပါက ကျန်သောဓာတ်အားလမ်းကြောင်းက ဓာတ်အားပိုမို ရယူသုံးစွဲနိုင်ခြင်းမရှိသောကြောင့် ဓာတ်အားပြတ်တောက်မှုဖြစ်ရပါသည်။ ယင်းဓာတ်အားလမ်းကြောင်း နှစ်ခုရှိ ဓာတ်အားစီးဆင်းနိုင်မှုနည်းသော အပိုင်းများ (လမ်းကြောင်း (၁)တွင် ပျဉ်းမနားမြို့နှင့် တောင်ငူမြို့အကြား၊ လမ်းကြောင်း(၂)တွင် တောင်တွင်းကြီးမြို့နှင့် ရွှေတောင်မြို့အကြား)တွင် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ပေးပါက ဓာတ်အားလိုင်းလမ်းကြောင်းတစ်ခု ချွတ်ယွင်းပါက ကျန်လိုင်းကြောင်းတစ်ခုမှ ဓာတ်အားလုံလောက်စွာရယူနိုင်မည်ဖြစ်၍ ဓာတ်အားပြတ်တောက်မှု လျော့နည်းမည်ဖြစ်ပါသည်။

ထို့အပြင် ရန်ကုန်မြို့ရှိ သဘာဝဓာတ်ငွေ့စက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုမှာ ၅၀၀ မဂ္ဂါဝပ်ခန့်သာရှိသဖြင့် ဓာတ်အားလိုင်းများ ချွတ်ယွင်းချိန်တွင် ရန်ကုန်မြို့ ဓာတ်အားမပြတ်တောက်အောင် ထိန်းထားနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်သွားရန် လိုအပ်ပါသည်။

ဓာတ်အားစနစ် တည်ငြိမ်မှု ရှိစေရန်အတွက် ဓာတ်အားစနစ်တွင် အရန်ဓာတ်အား(Operation Reserve Power)အဖြစ် သုံးစွဲဓာတ်အား၏ ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ထားရှိရပါမည်။ သို့မှသာ ဓာတ်အားပေးစက်ရုံတစ်ရုံ ချွတ်ယွင်းမှုဖြစ်ခြင်း၊ သတ်မှတ်ဝန်အားထက် ဓာတ်အားပိုမိုသုံးစွဲမှုများ ရှိလာပါက ဓာတ်အားပြတ်တောက်မှုမဖြစ်စေရန် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နွေရာသီကာလ မတ်၊ ဧပြီ၊ မေလများတွင် မိုးကာလထက် ဓာတ်အား ၁၂ ဒသမ ၅ ရာခိုင်နှုန်းခန့် ပိုမိုသုံးစွဲခြင်းကြောင့် ဓာတ်အားပေးစက်ရုံများသည် စွမ်းအားပြည့် လည်ပတ်ပေးရပါသည်။

ဓာတ်အားပေးစက်ရုံအားလုံး စွမ်းအားပြည့် မောင်းနှင်ပေးထားချိန်တွင်လည်း ဓာတ်အားသုံးစွဲမှုများ တိုးတက်လာသည့်အတွက် ထုတ်လုပ်ဓာတ်အားထက် သုံးစွဲဓာတ်အား ပိုမိုသွားခြင်း၊ ဓာတ်အားပေးစက်ရုံတစ်ရုံ ချွတ်ယွင်း၍ ဓာတ်အားထုတ်လုပ်မှုလျော့နည်းသွားခြင်းတို့ကြောင့် ဓာတ်အားစနစ် တည်ငြိမ်မှုမရှိတော့ဘဲ ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ပါသည်။

ယင်းသို့ မဖြစ်စေရန်အတွက် ထုတ်လုပ်ပေးနိုင်သော ဓာတ်အားပေါ်မူတည်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် သုံးစွဲမှုဝန်အားများလျှော့၍ အလှည့်ကျ ဓာတ်အားပေးစနစ်ဆောင်ရွက်ရပါသည်။ ၂၀၁၂ ခုနှစ် နွေရာသီတွင် ဓာတ်အားထုတ်လုပ်နိုင်မှုထက် ဓာတ်အားသုံးစွဲမှုက များပြားသည့်အတွက် အလှည့်ကျ ဓာတ်အားပေးစနစ်ကို ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါသည်။

လက်ရှိ ဓာတ်အားသုံးစွဲနေသောပြည်သူများ ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး၊ ဓာတ်အား မပြတ်တောက်ရေးနှင့် ဓာတ်အားမရရှိသေးသောပြည်သူများ ဓာတ်အားရရှိရေးအတွက် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများ၊ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကို တည်ဆောက်သွားရန် လိုအပ်လျက်ရှိပါသည်။

သုံးစွဲနေသော ဓာတ်အားခွဲရုံ၊ ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိပြီး အရန်ဓာတ်အားခွဲရုံနှင့် အရန်ဓာတ်အားလိုင်း စနစ်များရှိမှသာ ဓာတ်အားပြတ်တောက်မှုလျော့နည်းအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ အရန်ဓာတ်အားခွဲရုံ မရှိသည့်အတွက် အများပြည်သူ ဓာတ်အားပြတ်တောက်မှုနည်းရန် ဓာတ်အားခွဲရုံများ ကြံ့ခိုင်ထိန်းသိမ်းမှု၊ ပြုပြင်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် အားနည်းမှုမျိုး ရှိပါသည်။ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း အများပြည်သူ ဓာတ်အားသုံးစွဲမှုနည်းသော ညဉ့်နက်ချိန်ကျမှသာ ဆောင်ရွက်ကြရပါသည်။

လက်ရှိ အသုံးပြုနေသော ဓာတ်အားခွဲရုံများတွင် စက်ပစ္စည်းများ ပြည့်စုံအောင် တပ်ဆင်ရမည်ဖြစ်သော်လည်း ဘဏ္ဍာရေးအခြေအနေအရ ဓာတ်အားပေးနိုင်ရုံလောက်သာ ဆောင်ရွက်ခဲ့ရသဖြင့် ဗို့အားကျခြင်း၊ ဗို့အားမြင့်တက်ခြင်းများ ဖြစ်ပေါ်မှုများကို ထိန်းသိမ်းပေးနိုင်မှုမရှိခြင်း ဖြစ်ပါသည်။

ဓာတ်အားစနစ်များတွင် အရေးကြီးသည့် အပိုင်းတစ်ခုဖြစ်သော အလိုအလျောက် ဓာတ်အားထိန်းသိမ်းမှုစနစ် (Power System Control) ပြည့်စုံစွာ တပ်ဆင်ထားခြင်းဖြင့် ဓာတ်အားစနစ်၏ တည်ငြိမ်မှုကို ထိန်းညှိပေးပြီး ဓာတ်အားပြတ်တောက်မှုလျော့နည်းအောင် ဆောင်ရွက်နိုင်ပါသည်။ ဓာတ်အားလိုင်းတစ်လိုင်း၊ ဓာတ်အားခွဲရုံတစ်ရုံ ချွတ်ယွင်းပါက ဓာတ်အားပေးမှုစနစ် မထိခိုက်စေရေးအတွက် ချွတ်ယွင်းသောအပိုင်းကို အလိုအလျောက် ဖယ်ရှားပေးခြင်းကို ဆောင်ရွက်ပေးပါသည်။

မြန်မာနိုင်ငံ ဓာတ်အားစနစ်တွင် Power System Control စနစ် စတင်ဆောင်ရွက်နေပြီဖြစ်သော်လည်း ဓာတ်အားစနစ် တစ်ခုလုံးအတွက် ပြည့်စုံစွာတပ်ဆင်ရန် လိုအပ်လျက်ရှိပါသည်။

ဓာတ်အားပြန်လည်ပေးနိုင်ရေး ဆောင်ရွက်မှု

ဓာတ်အားစနစ်တွင် ဓာတ်အားပြတ်တောက်မှု(System Break) ဖြစ်ပေါ်ပါက ဓာတ်အား ပြန်လည်ပေးနိုင်ရေးအတွက် ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများကို အောက်ပါအတိုင်း အဆင့်ဆင့် ဆောင်ရွက်ရခြင်းကြောင့် ဓာတ်အားပြန်လည်ရရှိချိန် ကြာမြင့်ခြင်းဖြစ်ပါသည်-

(က) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများ ချွတ်ယွင်းမှုရှိ၊ မရှိ စိစစ်ရပါသည်။ ချွတ်ယွင်းမှုရှိသော ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများကို ဓာတ်အားစနစ်မှ ချိတ်ဆက်မှုကို ဖြတ်တောက်ရပါသည်။
(ခ) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ ပြန်လည်မောင်းနှင်ပြီး ဓာတ်အားစနစ်နှင့် ချိတ်ဆက်ရန် စောင့်ဆိုင်းရပါသည်။
(ဂ) ရဲရွာ၊ လောပိတ၊ ပေါင်းလောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကြီးများက ဓာတ်အားကို သက်ဆိုင်ရာ ဓာတ်အားခွဲရုံများသို့ ဓာတ်အားအရင်ပို့လွှတ်ပါသည်။ ဓာတ်အားခွဲရုံများသို့ ပို့လွှတ်ထားသော ဓာတ်အားများကို ဓာတ်အားစနစ်တွင် ချိတ်ဆက်နိုင်ရေး (Synchronize) ဆောင်ရွက်ရပါသည်။
(ဃ) ကျန်ရှိသော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများကို ဓာတ်အားစနစ်နှင့် ချိတ်ဆက်မှု ဆောင်ရွက်ပါသည်။

အထက်ဖော်ပြပါ ဓာတ်အားစနစ် ဓာတ်အားရရှိရေး ဆောင်ရွက်မှု အဆင့်ဆင့်အတွက် အခြေအနေပေါ်မူတည်၍ အနည်းဆုံး တစ်နာရီမှ သုံးနာရီထိ ကြာမြင့်ပါသည်။ အရန် ဓာတ်အားပေးစနစ်နှင့် ခေတ်မီ Power System Control စနစ် တပ်ဆင်ထားပါက ဓာတ်အားပြန်လည်ပေးနိုင်ရန် ပိုမိုမြန်ဆန်မှု ရှိမည်ဖြစ်ပါသည်။

အခြားနိုင်ငံများ၏ ဓာတ်အားစနစ် ပြတ်တောက်မှုအခြေအနေ

ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ဓာတ်အားစနစ်တွင်လည်း ဓာတ်အားပြတ်တောက်မှုများ ရှိကြပါသည်။ ၂၀၁၂ ခုနှစ် မှတ်တမ်းအရ နိုင်ငံတကာ ဓာတ်အားစနစ် ပြတ်တောက်မှုများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

၂၀၁၂ ခုနှစ်တွင် နိုင်ငံတကာ၏ ဓာတ်အားစနစ် ပြတ်တောက်မှု အခြေအနေ
(Source: Internet)

အဓိကဇာစ်မြစ်များ	**US & Canada**	**Europe**	**International**
ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ အပြစ်ဖြစ်ခြင်း	၆ ကြိမ်	၄ ကြိမ်	၁၁ ကြိမ်
မုန်တိုင်းများ ကျရောက်ခြင်း	၃၂ ကြိမ်	၅ ကြိမ်	၄ ကြိမ်
လေပြင်းတိုက်ခတ်ခြင်း	၈ ကြိမ်	၁ ကြိမ်	၃ ကြိမ်
မိုးကြိုးပစ်ခြင်း	၂ ကြိမ်	-	-
အပူလှိုင်းကျရောက်ခြင်း	၂ ကြိမ်	၂ ကြိမ်	၃ ကြိမ်
ဖြစ်စဉ်ရှာမရခြင်း	၃ ကြိမ်	၈ ကြိမ်	၁၁ ကြိမ်
အခြား	၄ ကြိမ်	၇ ကြိမ်	၁၂ ကြိမ်
စုစုပေါင်း	**၅၇ ကြိမ်**	**၂၇ ကြိမ်**	**၄၄ ကြိမ်**

စာမျက်နှာ ၇ သို့ »»

အမှောင်ခွင်း၍ အလင်းဆောင်ခဲ့သော စာပေဗိမာန်

မြင့်ဆွေဦး

'မြန်မာပြည် လွတ်လပ်ရေးပန်းတိုင်သို့ လျင်လျင်မြန်မြန်ပို့ဆောင်နိုင်ရန် လွတ်လပ်ရေးတိုက်ပွဲအတွက် နိုင်ငံရေးပရိယာယ်များပါဝင်သည့် စာအုပ်များ၊ တစ်ကမ္ဘာလုံးရှိ လွတ်လပ်ရေးအတွက် စွန့်စားနေသူတို့၏ ခြေလှမ်းများကိုဖော်ပြသည့် စာအုပ်များ၊ လွတ်လပ်ရေးစိတ်ဓာတ်များ တဖွားဖွားပေါ်စေသည့်ဝတ္ထုများ၊ ပြဇာတ်များ၊ သွေးထိုးပေးမည့် အတ္ထုပ္ပတ္တိများကို လက်ရွေးစင်စာအုပ်အဖွဲ့ဝင်များဖြစ်ကြသော သန်းထွန်း၊ မောင်စိုး၊ မောင်နုတို့ကရွေးချယ်၍ လွတ်လပ်ရေးကို လိုလားသူတို့အတွက် လစဉ် တစ်အုပ်ကျစီ ထုတ်ပေးမည်ဖြစ်ပါကြောင်း'

နဂါးနီစာအုပ်အသင်းထူထောင်ရန် လှုံ့ဆော်ကြော်ငြာစာရွက်မှ ကောက်နုတ်ချက်ဖြစ်သည်။ ဤသို့နှင့် နဂါးနီစာအုပ်တိုက်တည်ထောင်ပြီး ၁၉၃၇ ခုနှစ် နိုဝင်ဘာလမှစ၍ ၁၉၄၁ ခုနှစ်အထိ စာအုပ်ပေါင်း ၇၁ အုပ်ထုတ်ဝေဖြန့်ချိခဲ့လေသည်။ ထို့အတူ နဂါးနီနှင့်အပြိုင် ဦးထွန်းအေးကလည်း မြန်မာပြည်စာအုပ်ဖြန့်ချိရေးစာအုပ်တိုက်ကိုထူထောင်ပြီး အမျိုးသားရေးလှုပ်ရှားမှု၊ လွတ်လပ်ရေးတိုက်ပွဲဝင် စာအုပ်များ ထုတ်ဝေခဲ့ရာ အုပ်ရေ ၃၀ ရှိသဖြင့် နဂါးနီနှင့်ပေါင်းသော် ၁၀၁ အုပ်ရှိလေသည်။ ထိုစာအုပ်များကိုဖတ်ရှုခဲ့ကြပြီး အမျိုးသားရေးလှုပ်ရှားမှု လွတ်လပ်ရေးတိုက်ပွဲဝင် လူငယ်ကျောင်းသားများ အမြောက်အမြားပေါ်လာခဲ့သည်။ တချို့ဆိုလျှင် တို့ဗမာအစည်းအရုံးဝင် သခင်များဖြစ်လာကြသည်။ နဂါးနီစာအုပ်အသင်းကြီးသည် မြန်မာနိုင်ငံရေး၊ လွတ်လပ်ရေးတိုက်ပွဲအတွက် တစ်တပ်တစ်အားအနေဖြင့် ပါဝင်ခဲ့လေသည်။ ဗြိတိသျှအစိုးရထံမှ လွတ်လပ်ရေးရယူရန် ကြိုးပမ်းနေစဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီးအဖွဲ့ဝင်များ လုပ်ကြံသတ်ဖြတ်ခြင်းခံလိုက်ရလေသည်။ ထို့ကြောင့် ယာယီအစိုးရအဖွဲ့ကို သခင်နုအား ခေါင်းဆောင်စေပြီး လွတ်လပ်ရေးပေးရန် စီစဉ်ခဲ့သည်။

လွတ်လပ်ရေးရယူရန် လအနည်းငယ်အလို ၁၉၄၇ ခုနှစ် ဩဂုတ် ၂၆ ရက်နေ့တွင် သခင်နု နေအိမ်၌ ဦးတင်ထွဋ်၊ ဦးသန့်၊ ရန်ကုန်တက္ကသိုလ်မှ ဦးမျိုးမင်း၊ ပြန်ကြားရေးဌာန အတွင်းဝန် ဦးခင်မောင်လတ်တို့ ဆုံတွေ့ကြလေသည်။ ထိုသို့တွေ့ဆုံဆွေးနွေးသည့်အခါ မြန်မာနိုင်ငံသည် မကြာမီ လွတ်လပ်ရေးရရှိတော့မည်ဖြစ်ပြီး တိုင်းရင်းသားလူထုကြီးအတွက် ခေတ်မီပညာရပ်အမျိုးမျိုး၊ သိပ္ပံပညာရပ်အထွေထွေကို ဖြန့်ဖြူးပေးရန် နည်းလမ်းများရှာဖွေကြရာ 'နဂါးနီ စာအုပ်အသင်း'ကဲ့သို့ ဘာသာပြန်စာပေအသင်းကြီး တည်ထောင်ရန် သဘောတူ ဆုံးဖြတ်ခဲ့လေသည်။

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းကို ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် ဖွဲ့စည်းခဲ့လေသည်။ ပြည်ထောင်စုသားတိုင်း အသိပညာတိုးပွားစေမည့် ဘာသာခြားဖြင့် ရေးသားထားသည့် စာအုပ်စာတမ်းများကို ဘာသာပြန်ရန်၊ ပြည်ထောင်စုတိုင်းရင်းသားဘာသာဖြင့် ရေးသားထားသည့် စာအုပ်စာတမ်းများကို နိုင်ငံခြားဘာသာသို့ ပြန်ဆိုရန်၊ မြန်မာမှုအရပ်ရပ်ကို စူးစမ်းရှာဖွေရန်၊ စာအုပ်စာတမ်းအရပ်ရပ်ကို ပုံနှိပ်ဖြန့်ချိရန် စသောရည်ရွယ်ချက်များပါဝင်သည့် အသင်းဖွဲ့စည်းပုံတစ်ရပ်ကို ရေးဆွဲခဲ့ကြလေသည်။ အသင်းကို စီမံအုပ်ချုပ်ရန် အုပ်ချုပ်မှုကောင်စီအဖွဲ့ကိုလည်း ဖွဲ့စည်းခဲ့လေသည်။ အုပ်ချုပ်မှုအဖွဲ့ဝင်လူကြီးမှာ ဥက္ကဋ္ဌ ဦးနုဖြစ်ပြီး အကျိုးဆောင်အုပ်ချုပ်မှု အတွင်းရေးမှူးမှာ ဦးသန့် ဖြစ်သည်။ အဖွဲ့ဝင်များမှာ ဦးတင်၊ ဆာမြဘူး၊ ဆမားဒူးဝါးဆင်ဝါးနောင်၊ ဦးချန်ထွန်း၊ ဦးကောင်း၊ ဦးခင်ဇော်၊ ဦးခင်မောင်လတ်၊ ဦးချို၊ ဒေါက်တာတင်အောင်၊ ဦးဧမောင်၊ ဦးသိန်းဟန်၊ ဦးမျိုးမင်း၊ ဦးဝန်တို့ ဖြစ်သည်။ အသင်း၏မူလဆောင်ပုဒ်မှာ 'ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အကျိုးဆောင်မည်' ဟူ၍ ဖြစ်သည်။

၁၉၄၈ ခုနှစ် နှစ်ဦးတွင် ဂျပ်ဆင်ကောလိပ်ဝင်းအတွင်းရှိ အိမ်တစ်ဆောင်ကိုငှားရမ်းပြီး ဖွင့်လှစ်ခဲ့သည်။ ဒုတိယစာတည်းမှူးတစ်ဦး၊ စာတည်းနှစ်ဦး၊ လက်ထောက်စာတည်းခြောက်ဦး၊ စာပြု ၂၄ ဦးတို့ဖြင့် စာပြုလုပ်ငန်း၊ စာတည်းလုပ်ငန်းတို့ကို စတင်ဆောင်ရွက်ခဲ့သည်။ ၁၉၄၈ ခုနှစ် မေလတွင် ပြည်လမ်းပေါ်ရှိ 'တိုရန်ဆိုဗီလာ' အဆောက်အအုံသို့ပြောင်းရွှေ့ပြီး အသင်း၏အမည်ကိုလည်း မြန်မာဆန်ဆန် 'စာပေဗိမာန်' ဟု ပြောင်းလဲခေါ်တွင်စေခဲ့သည်။

၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်း၊ အကျိုးဆောင်အုပ်ချုပ်မှု အတွင်းရေးမှူး (ဦးသန့်)က ရန်ကုန်တက္ကသိုလ် ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာနမှူး ဦးဝန်ထံ စာတစ်စောင်ပို့ခဲ့သည်။ စာမှာ အသင်းအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးပြန်ကြားချက်အရ အသင်းဆောင်ပုဒ် 'ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အကျိုးဆောင်မည်' ကို ပြင်ဆင်နိုင်ရေးအတွက် အကြံဉာဏ်တောင်းခံစာဖြစ်သည်။

ဆရာ ဦးဝန် (မင်းသုဝဏ်)က ဆောင်ပုဒ်ရှစ်ခုကို ရေးသားပေးပို့ခဲ့ပြီး အသုံးပြုလိုပြုပါ၊ ပြင်လိုကလည်း ပြင်ပါဟု အမှာစကားရေးပေးလိုက်သည်။ ထိုဆောင်ပုဒ်ရှစ်ခုထဲမှ 'အမှောင်ခွင်း၍ အလင်းဆောင်အံ့'ကို အုပ်ချုပ်ရေးအဖွဲ့က ရွေးချယ်ခဲ့သည်။ ထိုဆောင်ပုဒ်ကို သရုပ်ဖော်သည့် အဖုံး တစ်ဖက်မည်း၊ တစ်ဖက်ဖြူ ကလောင်တံ တစ်ပိုင်းမည်း၊ တစ်ပိုင်းဖြူ စာအုပ်နှင့် ကလောင်တံကို ဦးခင်ဇော်က ရေးဆွဲပေးခဲ့သည်။

မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းသည် ပထမဦးစွာ စာစဉ်သုံးမျိုးကို ထုတ်ဝေရန်စီစဉ်ခဲ့ပြီး လူထုအလင်းစာစဉ်၊ လူထုအိတ်ဆောင်စာစဉ်၊ လူထုတက္ကသိုလ်စာစဉ် ဟူ၍ စာစဉ်သုံးမျိုး ထုတ်ဝေခဲ့လေသည်။ လူထုအလင်းစာစဉ်လုပ်ငန်းမှာ ကမ္ဘာ့ယဉ်ကျေးမှုအရပ်ရပ်၊ ကမ္ဘာ့စာပေဗဟုသုတအဖုံဖုံတို့ကို မြန်မာစာဖတ်တတ်သူတိုင်း ရယူနိုင်ရန် မြန်မာပြန်ဆို ရေးသားထုတ်ဝေသည့် စာအုပ်မျိုးဖြစ်သည်။

လူထုအိတ်ဆောင်စာစဉ်မှာ လောလောဆယ်ဖြစ်ပေါ်နေသော မြန်မာ့အခြေအနေနှင့် ကမ္ဘာ့အခြေအနေတို့ကို ဆင်ခြင်ဝေဖန်သုံးသပ်နိုင်စေရန် လူထုအဖို့ အရေးပေါ်ထုတ်ဝေသွားမည့် အိတ်ဆောင်စာအုပ်မျိုး ဖြစ်သည်။

လူထုတက္ကသိုလ်စာစဉ်မှာ အခြေခံပညာရှိပြီးသူတိုင်း တက္ကသိုလ်ပညာရပ်များကို အလုပ်မပျက် အိမ်မကွာ လေ့လာဆည်းပူးနိုင်ရန် ရေးသားပြုစုသည့် စာအုပ်များဖြစ်သည်။ ထို့အပြင် သိပ္ပံစာစဉ်များ၊ ကျောင်းသုံးစာအုပ်များကိုလည်း ရေးသားပြုစုထုတ်ဝေရန် စီစဉ်ပေးလေသည်။

စာပေဗိမာန်သည် ပြည်သူလူထုအား ပညာမျက်စိဖွင့်ပေးရန်ရည်ရွယ်ချက်ဖြင့် တည်ထောင်ဖွဲ့စည်းထားသောအဖွဲ့အစည်းဖြစ်သည်နှင့်အညီ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် 'စာပေဗိမာန် စာပေဆု'ကို တီထွင်ချီးမြှင့်ခဲ့လေသည်။ ပထမဦးဆုံး စာပေဗိမာန်စာပေဆုကို ဝတ္ထုအမျိုးအစားအတွက်သာ ချီးမြှင့်ခဲ့ရာမှ ၁၉၅၁ ခုနှစ်တွင် ဝတ္ထုဆု၊ ဘာသာပြန်ဆု၊ စာပဒေသာဆုမျိုး သုံးမျိုးခွဲ၍ ဆုချီးမြှင့်ခဲ့သည်။ အသင်း၏ လုပ်ငန်းအဝဝကို ပြည်သူလူထုသိရှိနိုင်စေရန် အသင်းကြီးက ပြုစုရေးသားနေသော စာအုပ်များအကြောင်း သိရှိနိုင်စေရန် ရည်ရွယ်ချက်ဖြင့် စာပေဗိမာန်လစဉ်စာစောင်ကို ၁၉၄၈ ခုနှစ် ဇွန်လမှစ၍ အခမဲ့ထုတ်ဝေပေးခဲ့သည်။ လစဉ် စာစောင်ကို လေးနှစ်တိုင်တိုင် ထုတ်ခဲ့ပြီးနောက် အတွဲ (၄)၊ အမှတ်(၁၂) သို့ ရောက်ရှိသည့်အခါ ဆက်လက်ထုတ်ဝေခြင်းမပြုတော့ဘဲ 'စာပေဗိမာန်မဂ္ဂဇင်း'ကို တိုးချဲ့ထုတ်ဝေခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်ငံတစ်ခုဖြစ်ပါလျက် စွယ်စုံကျမ်းဟူ၍ တစ်စောင်တစ်ဖွဲ့မရှိခြင်းမှာ တိုင်းပြည်၏ဂုဏ်အင်္ဂါချို့တဲ့လျက်ရှိကြောင်း အုပ်ချုပ်ရေးအဖွဲ့က သတိပြုခဲ့မိသဖြင့် ၁၉၄၈ ခုနှစ် မေလတွင် ရုပ်ပုံ၊ ဓာတ်ပုံ၊ မြေပုံပေါင်းများစွာပါဝင်သော သရုပ်ပြစွယ်စုံကျမ်းကြီးတစ်စောင်ပြုစုရန် ဆုံးဖြတ်ခဲ့လေသည်။ ပထမဦးစွာ ဆာဂျွန်ဟမ္မတန် တည်းဖြတ်သော သရုပ်ပြစွယ်စုံကျမ်းသစ် (New Pictured Encyclopedia) ကို တိုက်ရိုက်ပြန်ဆိုရန် စီမံခဲ့သည်။ သို့သော် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလတွင် တိုက်ရိုက်ဘာသာပြန်ခြင်းကို ရပ်စဲပြီးနောက် စွယ်စုံကျမ်းအစောင်စောင်နှင့် ညှိနှိုင်း၍လည်းကောင်း၊ မြန်မာမှုအကြောင်းရပ်တို့ကို ဖြည့်စွက်၍လည်းကောင်း ရေးသားပြုစုခဲ့လေသည်။

စွယ်စုံကျမ်း တစ်စောင်တစ်ဖွဲ့ပြုစုရသည့် လုပ်ငန်းမှာ ကျယ်ဝန်းလှသည်။ ထို့ကြောင့် ဗဟုသုတစုံအကြောင်းရပ်ပေါင်း ၄၀၀၀ ကျော်၊ စာမျက်နှာပေါင်း ၇၀၀၀ ကျော်ပါဝင်မည့် စွယ်စုံကျမ်းပြုစုရေးလုပ်ငန်းကို ဆောင်ရွက်နိုင်ရန် ၁၉၄၉ ခုနှစ်တွင် စွယ်စုံဌာနခွဲဟူ၍ သီးခြားဌာနတစ်ခု ဖွင့်ခဲ့သည်။ စွယ်စုံဌာနခွဲတွင် ဝိဇ္ဇာဌာနနှင့် သိပ္ပံဌာနတို့က ပြုစုပေးသောစာမူများကိုစိစစ်၍ ဝေါဟာရအသံလှယ်ညှိခြင်း၊ သတ်ပုံသတ်ညွှန်း ညှိခြင်း၊ ဗဟုသုတစစ်တမ်းနှင့် ဖတ်ချင်ဖွယ်ရာအဖြာဖြာအခန်းတို့ကို ပြုစု၍ စာမူဆိုင်ရာ ရုပ်ပုံ၊ ဓာတ်ပုံ၊ မြေပုံများ ရှာဖွေခြင်း၊ ခေါင်းစည်းအတွက် စာသား၊ ရုပ်ပုံအတွက် စာသားများ ရေးသားခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရလေသည်။

ထိုသို့ အဆင့်ဆင့်ပြင်ဆင်ပြီးသော စာမူနှင့် ရုပ်ပုံ၊ ဓာတ်ပုံတွဲတို့ ဘိလပ်ရှိ ဟေဇယ်ဝပ်ဆင်ဝိုင်းနေ့လီမိတက်သို့ ပေးပို့၍ ပုံနှိပ်စေသည်။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၁)မှ အတွဲ (၅) တို့ကို ဘိလပ်တွင် ပုံနှိပ်၍ ပြည်သူလူထုလက်သို့ ဖြန့်ချိထုတ်ဝေနိုင်ခဲ့သည်။ အတွဲ(၆)မှ အတွဲ(၁၅)အထိ၊ မြန်မာနိုင်ငံ စာပေဗိမာန်ပုံနှိပ်တိုက်၌ ရိုက်နှိပ်ခဲ့သည်။ ထို့နောက်ပိုင်း မြန်မာစွယ်စုံကျမ်း နှစ်ချုပ်စာအုပ်များကိုလည်း ၁၉၇၈ ခုနှစ်မှစ၍ ယခုတိုင် နှစ်စဉ်ရေးသားပြုစုထုတ်ဝေလျက်ရှိသည်။

စာပေများပြုစုရန် ဘာသာပြန်ရာ၌ ဝေါဟာရနှင့် အသံဖလှယ်စကားလုံးများရှိရန် လိုအပ်သဖြင့် ၁၉၅၀ ပြည့်နှစ်မှစ၍ ဝေါဟာရဘဏ်လုပ်ငန်းကို စတင်ခဲ့လေသည်။ ပြည်ထောင်စုသားတို့တွင် ဗလငါးတန်နှင့် စပ်လျဉ်း၍ မှတ်ယူကျင့်သုံးနိုင်စေရန် ရည်ရွယ်ချက်ဖြင့် စာပေဗိမာန်မဂ္ဂဇင်းကို ၁၉၅၂ ခုနှစ် ဇွန်လတွင် စတင်ထုတ်ဝေခဲ့သည်။

လူထုအတွက် ပညာရှာမှီးရာ ခေတ်မီစာကြည့်တိုက် တစ်တိုက်လည်း ရှိသင့်သည်ဟုယူဆသဖြင့် အုပ်ချုပ်မှုကောင်စီက စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်ကို ဖွင့်လှစ်ရန်ဆုံးဖြတ်ခဲ့ပြီး ၁၉၅၆ ခုနှစ် မတ်လတွင် ဖွင့်လှစ်ခဲ့လေသည်။ ပြည်သူ့စာကြည့်တိုက်တွင် လူကြီးလူငယ်များအတွက်သာမက ကလေးသူငယ်များအတွက်ပါ ရည်စူး၍ ကလေးစာကြည့်တိုက်ကိုပါ ဖွင့်လှစ်ပေးခဲ့သည်။ မြန်မာနိုင်ငံစာကြည့်တိုက်သမိုင်းတွင် ပထမဦးဆုံး ကလေးစာကြည့်တိုက် ဖြစ်သည်။

စာပေဗိမာန်မှ ထုတ်ဝေသော စာအုပ်စာတမ်းများကို ဈေးအသက်သာဆုံးဖြင့် စာပေဝါသနာပါသူများထံ ရောက်ရှိရန်ရည်ရွယ်၍ ၁၉၆၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ စာပေဗိမာန်စာအုပ်အသင်းကို တည်ထောင်ခဲ့သည်။ ထိုစာအုပ်အသင်းဝင်များသည် တစ်နှစ်တာအတွက် ဝင်ကြေးပေးပြီးနောက် လစဉ် စာပေဗိမာန်ထုတ် စာအုပ်များကို အိမ်တိုင်ရာရောက်ရရှိလေသည်။ စာပေဗိမာန်သည် စတင်တည်ထောင်စဉ်က စာအုပ်များကို ပြည်ပသို့ ပေးပို့ရိုက်နှိပ်ခဲ့ရသည်။ ထို့နောက်ပိုင်းတွင် စာပေဗိမာန် စာပုံနှိပ်တိုက် တည်ထောင်ခဲ့ပြီး စာအုပ်များကို ပြည်တွင်း၌သာ ရိုက်နှိပ်ခဲ့လေသည်။

၁၉၆၂ ခုနှစ် စစ်တပ်က အာဏာသိမ်းပြီးနောက် ၁၉၆၃ ခုနှစ် မြန်မာနိုင်ငံတော်လှန်ရေးအစိုးရ စာပေဗိမာန် အုပ်ချုပ်ရေးအဖွဲ့ အက်ဥပဒေအရ ၁၉၆၃ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း (စာပေဗိမာန်) ကို ဖျက်သိမ်း၍ 'ပြည်ထောင်စုမြန်မာနိုင်ငံ စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့' ဟူ၍ အဖွဲ့သစ်ကိုဖွဲ့စည်းပေးခဲ့ပြီး ပြန်ကြားရေးဌာန လက်အောက်တွင် ထားရှိခဲ့လေသည်။

ထိုအချိန်စ၍ စာပေဗိမာန်သည် အစိုးရဌာနလက်အောက်ခံအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အစိုးရမူဝါဒများအတိုင်းလိုက်နာခဲ့ရပြီး စာအုပ်စာတမ်းများကို ထုတ်ဝေခဲ့ရသည်။ တော်လှန်ရေးအစိုးရနှင့် မဆလခေတ်တွင် စာပေဗိမာန်လုပ်ငန်းများမှာ ပြည်သူလူထုအတွက် ရည်ရွယ်ရေးသားသော စာအုပ်အချို့ ထုတ်ဝေနိုင်ခဲ့သေးသည်။

၁၉၈၈ ခုနှစ် ရှစ်လေးလုံး အရေးတော်ပုံအပြီးတွင် စစ်အာဏာရှင်များက အာဏာသိမ်းပြီးနောက် စာပေဗိမာန်ကိုလည်း သူတို့စိတ်ကြိုက် ဝါဒဖြန့်ဌာနကြီးတစ်ခုသဖွယ် လုပ်ဆောင်ခဲ့သည်။ ထိုစဉ်က ထုတ်ဝေခဲ့သော စာအုပ်စာတမ်းများမှာ ဝါဒဖြန့်စာအုပ်များဖြစ်ပြီး စာအုပ်အပြင်အဆင်မှအစ အဆင့်အတန်းများစွာနိမ့်ကျခဲ့သည်။ ပုဂ္ဂလိကစာအုပ်များနှင့် ယှဉ်လိုက်လျှင် အဆင့်အတန်းများစွာကွာခြားလျက်ရှိသည်။

စာပေဗိမာန်ကို ပြန်လည်ဖွဲ့စည်းရန်လိုအပ်နေပြီး ယခင်က မူဝါဒရည်ရွယ်ချက်များအတိုင်းဖြစ်စေရန် စာပေဗိမာန်အုပ်ချုပ်မှုအဖွဲ့ကို ပြန်လည်ဖွဲ့စည်း၍ စာပေဗိမာန်ကို အစိုးရဌာနလက်အောက်မှ ကင်းလွတ်သော၊ လွတ်လပ်သောအဖွဲ့အစည်းတစ်ခုအဖြစ် ထားရှိရမည်ဖြစ်သည်။ သို့မှသာ အစိုးရမူဝါဒများမှ ကင်းလွတ်သော ပြည်သူလူထုအတွက် အသိဉာဏ်ဗဟုသုတပေးရန် ရသ၊ သုတ စာအုပ်များကို ပုဂ္ဂလိကစာအုပ်တိုက်များအတိုင်း အရည်အသွေး အဆင့်မီမီ ထုတ်ဝေနိုင်လိမ့်မည်ဖြစ်သည်။

စာပေဗိမာန်ကို ပြန်လည်ဖွဲ့စည်းရန်လိုအပ်နေပြီး ယခင်က မူဝါဒရည်ရွယ်ချက်များအတိုင်းဖြစ်စေရန် စာပေဗိမာန်အုပ်ချုပ်မှုအဖွဲ့ကို ပြန်လည်ဖွဲ့စည်း၍ စာပေဗိမာန်ကို အစိုးရဌာနလက်အောက်မှ ကင်းလွတ်သော၊ လွတ်လပ်သောအဖွဲ့အစည်းတစ်ခုအဖြစ် ထားရှိရမည်ဖြစ်သည်။

»» စာမျက်နှာ ၆ မှ

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများတွင် ဓာတ်အားစနစ်အတွင်း သဘာဝဘေးဒဏ်ဖြင့် အကြီးစားပျက်စီးမှုများကြောင့် ဓာတ်အားပြတ်တောက်ချိန်ကြာမြင့်နိုင်ပါသည်။ သို့သော် အခြားဓာတ်အားပြတ်တောက်မှုဖြစ်စဉ်များတွင် အရန်ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ (Operation Reserve Power) တည်ဆောက်ထားရှိမှု၊ အလိုအလျောက်ဓာတ်အားထိန်းသိမ်းမှုစနစ် ထားရှိနိုင်မှုများဖြင့် ဓာတ်အားပြတ်တောက်ချိန်နည်းအောင် ဆောင်ရွက်နိုင်ကြပါသည်။

ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများ တိုးတက်တည်ဆောက်လာသည်နှင့်အမျှ ဓာတ်အားစနစ်ကြီးမားလာပြီး ဓာတ်အားပြတ်တောက်မှု ပိုမိုများပြားလာပါသည်။ ဓာတ်အားစနစ်ကြီးမားလာပါက ဓာတ်အားပေးစနစ် (Grid) တစ်ခုတည်းမထားဘဲ ဓာတ်အားပေးနယ်မြေအလိုက် သီးခြားဓာတ်အားစနစ်များခွဲခြားတည်ဆောက်ခြင်း၊ သီးခြား(Smart Grid)များ တည်ဆောက်ပြီး ချိတ်ဆက်ခြင်းများ ဆောင်ရွက်ကြပါသည်။ အမေရိကန်နိုင်ငံတွင် ပြည်နယ်အလိုက် ဓာတ်အားစနစ်(Grid) ၄၈ ခု တည်ဆောက်ထားပြီး တစ်ခုနှင့်တစ်ခု ချိတ်ဆက်အသုံးပြုကြပါသည်။

ဓာတ်အားမပြတ်စေချင်ဆုံးသူ

ဓာတ်အားပြတ်တောက်မှုကို မဖြစ်ပေါ်စေချင်ဆုံးသောသူများသည် လျှပ်စစ်ဝန်ထမ်းများဖြစ်ကြပါသည်။ ဓာတ်အားပြတ်တောက်ပါက ဖြစ်ပွားသောနေရာရှာဖွေမှု၊ ပြုပြင်မှုများနှင့်အတူ အများပြည်သူနားလည်အောင် ဖြေကြားရှင်းလင်းရပါသည်။ နေပူမိုးရွာမရှောင် အန္တရာယ်ကြားမှ နေ့ရောညပါ ဓာတ်အားပြန်လည်ရရှိရေး ဆောင်ရွက်ကြရပါသည်။

သက်တမ်းကြာသော စက်ပစ္စည်းများ၊ နည်းပညာပိုင်းဆိုင်ရာ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များ၊ ဝန်ထမ်းပိုင်း ဖြည့်ဆည်းရန် လိုအပ်ချက်များစွာဖြင့် လက်ရှိ ဓာတ်အားပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသော လျှပ်စစ်ဝန်ထမ်းများအနေဖြင့်လည်း ဗို့အားကောင်းမွန်ရေး၊ ဓာတ်အားမပြတ်တောက်ရေးတို့အတွက် ဓာတ်အားဖြန့်ဖြူးပေးရေးလုပ်ငန်းများကို ၂၄ နာရီ ဆောင်ရွက်နေသော်လည်း မီးသုံးစွဲသူများ၏ဆန္ဒကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် လိုအပ်ချက်များရှိနေပါသေးသည်။

ဓာတ်အားပြတ်တောက်မှုဖြစ်စဉ်များအပေါ် ဓာတ်အားသုံးစွဲသော ပြည်သူများ၏ နားလည်ပေးနိုင်မှုကြောင့်လည်း လျှပ်စစ်ဝန်ထမ်းများ၏ ပင်ပန်းမှုကို ပြေပျောက်စေပါသည်။

အချိန်ပေးရပါမည်

ငွေမရှိ၍ မလုပ်နိုင်ခဲ့မှု၊ ငွေရှိသော်လည်း နေ့ချင်းညချင်း ဆောင်ရွက်နိုင်သော လုပ်ငန်းမဟုတ်၍ အချိန်အတိုင်းအတာတစ်ခုအထိ ပေးရပါမည်။ ဓာတ်အားရရှိသုံးစွဲနေသော ပြည်သူများအတွက် ဓာတ်အားပြည့်ဝစွာ ရရှိရေး၊ မီးမပြတ်တောက်ရေး ဆောင်ရွက်သွားရန်နှင့် ဓာတ်အားမရရှိသေးသော ကျန်ပြည်သူများအတွက် ဓာတ်အားတိုးတက်ထုတ်လုပ်မှု (Generation)၊ ဓာတ်အားပို့လွှတ်မှု(Transmission)နှင့် ဓာတ်အားဖြန့်ဖြူးခြင်း(Distribution) လုပ်ငန်းများကို အချိုးညီစွာတိုးတက်ရေးအတွက် စီမံကိန်းများကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဖြင့် ရေတိုရေရှည်စီမံကိန်းများ ဆောင်ရွက်လျက်ရှိပါသည်။

ဓာတ်အားလုံလောက်စွာ မထုတ်လုပ်နိုင်သောကာလတွင် ဓာတ်အားသုံးစွဲသူများဘက်ကလည်း **"လိုသလောက်သာသုံး၊ အပိုမဖြုန်းနဲ့"**ဆိုသည့်အတိုင်း ချွေတာမှုအလေ့အကျင့်များ ဆောင်ရွက်ပေးခြင်းဖြင့် နွေရာသီကာလတွင် ဓာတ်အားစနစ်တည်ငြိမ်ရေးကို ကူညီပေးရာရောက်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားတက်ရောက်သူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

စာနယ်ဇင်းသမားများ၏ အားထုတ်မှုများက တန်းတူညီမျှအရေးကြီးသည်ဟု မြင်

ရန်ကုန် မေ ၃

"ဒီကနေ့ ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့အခမ်းအနားမှာ မိတ်ဆွေများနဲ့ ဆုံဆည်းရတဲ့ အခါသမယမှာ ကျွန်တော်သည် မိတ်ဆွေများနဲ့အတူ တကွပူးတွဲပြီး မြန်မာ့စာနယ်ဇင်းလွတ်လပ်ခွင့်တိုးတက်ရေးအတွက် အလေးအနက်ဆောင်ရွက်ဖို့ အသင့်ရှိပါတယ်လို့ ဒီနေရာက အသိပေးပြောကြားလိုက်ပါတယ်"ဟု ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယူနက်စကိုတို့ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပသည့် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားတွင် ပြောကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပြဿနာများကို ဖြေရှင်းကုစားသည့်နေရာတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍများဘက်မှ ပြုပြင်ပြောင်းလဲမှုများလုပ်ရန် အရေးကြီးသကဲ့သို့ စာနယ်ဇင်းသမားများ၏ အားထုတ်မှုများကလည်း တန်းတူညီမျှအရေးကြီးသည်ဟု မြင်ပါကြောင်း၊ စာနယ်ဇင်းအဖွဲ့အစည်းများ၊ တစ်ဦးချင်းသော စာနယ်ဇင်းသမားများသည် စာနယ်ဇင်းလွတ်လပ်ခွင့် တိုးတက်အောင် တိုက်တွန်းဆော်ဩနိုင်၊ တွန်းနိုင်၊ ရွှေ့နိုင်သည် ဆိုသည်ကို အလေးအနက်ထားစေချင်ပါကြောင်း၊ ရရှိခဲ့သည့် တိုးတက်မှုများသည်လည်း သူ့အလိုအလျောက်ဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ အဓိကမှာ စာနယ်ဇင်းသမားများ အစဉ်တစိုက်ထောက်ပြဝေဖန်ခြင်း၊ တိုက်တွန်းပြောဆိုခြင်း၊ စုစည်းဆောင်ရွက်ခြင်း များကြောင့် ပိုပြီးမြန်ဆန်စွာ ရရှိခဲ့ခြင်းဖြစ်သည်ကို သတိပြုစေချင်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်က ပေးပို့လာသည့် သဝဏ်လွှာကို ယူနက်စကို၏ မြန်မာဌာနေကိုယ်စားလှယ် Mr. Sardar Umar Alam က ဖတ်ကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)၊ မြန်မာဂျာနယ်လစ်ကွန်ရက်(MJN)၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ(MJU)၊ နိုင်ငံတကာမြန်မာ့သတင်းအဖွဲ့(BNI)၊ အမျိုးသားစီမံခန့်ခွဲမှု ဒီဂရီကောလိပ် (ဂျာနယ်လစ်ဇင်ဌာန)နှင့် သတင်းအချက်အလက်သိပိုင်ခွင့်အတွက် ဦးဆောင်လုပ်ကိုင်နေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပေးပို့လာသည့်သဝဏ်လွှာများကို ကိုယ်စားလှယ်များက ဖတ်ကြားခဲ့ကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံအမတ်ကြီးများ၊ ယူနက်စကိုမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအတွင်းရှိ သတင်းမီဒီယာဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကမ္ဘာ့သတင်း လွတ်လပ်ခွင့်နေ့ အခမ်းအနားများကို မြန်မာနိုင်ငံတွင် ကျင်းပလာသည်မှာ ယခုဆိုလျှင် (၅) ကြိမ်မြောက်ရှိပြီဖြစ်သည်။

ယနေ့ကျင်းပသည့် သတင်းလွတ်လပ်ခွင့်နေ့၏ အဓိကဦးတည်ချက်မှာ "သတင်း အချက်အလက်များနှင့် အခြေခံလွတ်လပ်ခွင့်များ ရရှိရေးသည် သင့်အခွင့်အရေးဖြစ်သည်" (Access to Information and Fundamental Freedoms,:၊ This is Your Right!) ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း(MJA)၊ မြန်မာနိုင်ငံဂျာနယ်လစ်ကွန်ရက် (MJN)၊ မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ(MJU)နှင့် နိုင်ငံတကာ မြန်မာ့သတင်းအဖွဲ့(BNI) တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် MJA၊ MJN၊ MJU နှင့် BNI တို့မှ တာဝန်ရှိသူများက သတင်းလွတ်လပ်ခွင့် ရရှိရေး၊ ပုဂ္ဂလိကသတင်းစာများ၏ အခက်အခဲများ၊ သတင်းရယူခွင့်နှင့် အခက်အခဲများ၊ သတင်းသမားများ၏အခွင့်အရေး၊ တိုင်းရင်းသားမီဒီယာဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းစာရှင်းလင်းပွဲများကို ပုံမှန်ကျင်းပပေးရေး၊ ရုပ်သံဥပဒေ၊ နည်းဥပဒေများကို အကောင်အထည်ဖော်နိုင်ရေး၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပရေး၊ သတင်းရယူခွင့် လွယ်ကူချောမွေ့စေရေး တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် ဝဏ်ဘာလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသူများက ရုပ်ရှင်ဇာတ်ကားထုတ်လုပ်ရိုက်ကူးမှု စျေးကွက်တွင် ကြုံတွေ့နေရသည့် အခက်အခဲများ၊ ရုံတင်ပြသသည့်စနစ်၊ တရားမဝင်ခိုးကူးခွေများကြောင့် စျေးကွက်တွင် အခက်အခဲများကြုံတွေ့နေရမှု၊ ရိုက်ကူးထုတ်လုပ်ပြီးသောရုပ်ရှင်ကားများကို အွန်လိုင်းတွင်တင်၍ ပြသနေမှုများကြောင့် Cyber Law နှင့်ပတ်သက်ပြီး ထိရောက်သောဥပဒေတစ်ရပ်ရှိသင့်မှု၊ ၂၀၂၀ ပြည့်နှစ်တွင် ကျရောက်မည့် မြန်မာ့ရုပ်ရှင် နှစ်(၁၀၀)ပြည့် ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ရာတွင် လိုအပ်မှုအခြေအနေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ကဏ္ဍအလိုက် ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့သည်။

(သတင်းစဉ်)

စာဖတ်သူများ နစ်နာမှုနှင့် မကျေနပ်မှု တစ်စုံတစ်ရာရှိပါက မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ တိုင်ကြားနိုင်

ရန်ကုန် မေ ၃

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက သတင်းမီဒီယာကျင့်ဝတ်များနှင့် စာဖတ်သူများ၏ အခွင့်အရေးများကို လေးစားလိုက်နာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စာဖတ်သူများအနေဖြင့် နစ်နာမှုနှင့် မကျေနပ်မှုတစ်စုံတစ်ရာရှိပါက တိုင်ကြားနိုင်ကြောင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်၊ အငြင်းပွားမှုနှင့် တိုင်ကြားမှု ဖြေရှင်းညှိနှိုင်းရေးကော်မတီဝင် ဦးမြင့်ကျော်က ပြောသည်။

"အငြင်းပွားမှုနဲ့ တိုင်ကြားမှု ဖြေရှင်းညှိနှိုင်းရေးကော်မတီက ကောင်စီရဲ့ လုပ်ငန်းတွေထဲမှာ အဓိကတစ်ခုအပါအဝင်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ စာနယ်ဇင်းကောင်စီ (ယာယီ) လက်ထက်ကတည်းက ရှိခဲ့တယ်။ အစဉ်အဆက် တောက်လျှောက်လုပ်လာတယ်။ အခုအထိလည်း လုပ်နေတုန်းပါပဲ။ ကျွန်တော်တို့ဘာအသိပေးချင်လည်းဆိုတော့ သတင်းမီဒီယာနည်းဥပဒေမှာလည်း ပါပါတယ်။ ဘယ်လို တိုင်ကြားလို့ရတယ်။ ဘယ်လိုပုံစံတွေရှိတယ်ဆိုပြီးတော့ပါ။ အဲဒီပုံစံတွေကို ရှာလို့မတွေ့ဘူးဆိုရင် သတင်းမီဒီယာကောင်စီရဲ့လိပ်စာ၊ အီးမေးသိမယ်ဆိုရင် တိုင်ကြားလိုတဲ့ မီဒီယာတွေရဲ့ ရေးသားဖော်ပြမှုနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာ လွဲမှားနေတယ်။ ကိုယ့်ရဲ့ဂုဏ်သိက္ခာ ထိခိုက်နစ်နာတယ်လို့ ယူဆတယ်ဆိုရင် ပထမအကြံပြုချင်တာကတော့ တိုက်ရိုက်ဆက်သွယ်ပြီး တိုင်ကြားလို့ရတယ်။ အဲဒီလိုမှ သက်ဆိုင်ရာတိုက်က တုံ့ပြန်ဖြေကြားတာ ကျေနပ်စရာမရှိဘူး။ တစ်ခါတလေ မတုံ့ပြန်၊ မဖြေကြားတာ၊ ဖုန်းမကိုင်တာတို့ဆိုရင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို တိုက်ရိုက်တိုင်လို့ရပါတယ်" ဟု ဦးမြင့်ကျော်က ဆိုသည်။

ထို့အတူ သက်ဆိုင်ရာသတင်းစာ၊ ဂျာနယ်တိုက်သို့ ဦးစွာ ဆက်သွယ်နိုင်သကဲ့သို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကိုလည်း စပြီး တိုင်တန်း၍ရကြောင်း၊ ကောင်စီသို့ လိပ်စာနှင့် ဖော်ပြချက်၊ မိတ္တူ ဖော်ပြချက်မှာ သတင်းစာဆိုပါက သတင်းစာ၊ ရုပ်သံဆိုပါက ရုပ်သံ၊ မည်သည့်အချိန် မည်သည့်နေ့ကဆိုသည်ကို မိတ္တူကိုးကား၍ တစ်ပါတည်း တိုင်ကြား၍ရကြောင်း၊ ရုပ်သံနှင့်ပတ်သက်လျှင် နှစ်လအတွင်း၊ ပုံနှိပ်နှင့်ပတ်သက်လျှင် သုံးလအတွင်း ဖော်ပြသည့်ကိစ္စများဖြစ်ရမည်ဖြစ်ကြောင်း၊ ထို့ထက်ကြာသွားပါက ကော်မတီက လက်ခံဆောင်ရွက်ပေးသွားမည်မဟုတ်ကြောင်း ၎င်းက ပြောသည်။

အငြင်းပွားမှုနှင့် တိုင်ကြားမှုဖြေရှင်းညှိနှိုင်းရေးကော်မတီကို ၂၀၁၂ ခုနှစ် စက်တင်ဘာလ စာနယ်ဇင်းကောင်စီ(ယာယီ)ဖွဲ့စည်းကတည်းက ထည့်သွင်းဖွဲ့စည်းခဲ့ပြီး ပြီးခဲ့သည့် သုံးနှစ်သက်တမ်းအတွင်း တိုင်ကြားမှုပေါင်း ၁၆၀ မှ ၁၈၀ ဝန်းကျင်အထိရှိကြောင်း အဆိုပါတိုင်ကြားမှုများအနက် ၈၀ ရာခိုင်နှုန်း ညှိနှိုင်းပြေလည်မှုရရှိခဲ့ကြောင်း သိရသည်။ **(ရီရီမြင့်၊ ဥမ္မာသန့်)**

❂ စာမျက်နှာ ၅ မှ

တပ်မတော်တစ်ခုတည်ဆောက်ခြင်းကြောင့် မလိုလားအပ်သည့် အင်အားပြန်းတီးမှုများသာ ဖြစ်စေနိုင်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးကို ရှေးရှုဆောင်ရွက်ခြင်းဖြင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်နိုင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်မှသာ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

လက်နက်ကိုင်တိုက်ခိုက်ခြင်းဖြင့် စစ်မှန်သည့်ငြိမ်းချမ်းရေးကို ပို၍အလှမ်းဝေးကွာစေမည်ဖြစ်သကဲ့သို့ လက်နက်ကိုင်အဖွဲ့အစည်း ထူထောင်ခြင်းအတွက် လိုအပ်သည့် လက်နက်ခဲယမ်း၊ ငွေကြေးရရှိစေရန်အတွက် မူးယစ်ဆေးဝါး၊ သယံဇာတ၊ လက်နက်ခဲယမ်းမှောင်ခိုရောင်းဝယ်ခြင်းနှင့် ပြည်သူများထံမှ ငွေကြေး အတင်းအကျပ်ကောက်ခံခြင်းတို့ကြောင့် နယ်မြေလူထု၌ ဝန်ထုပ်ဝန်ပိုးဖြစ်ခြင်း၊ တိုက်ပွဲများဖြစ်ပွားခြင်းကြောင့် အလုပ်ပျက်၊ အကိုင်ပျက်ဖြစ်၍ စစ်ပြေးဒုက္ခသည်များ ပိုမိုများပြားကာ ဆိုးကျိုးများသာ ဖြစ်ပေါ်ပါကြောင်း။

ထို့ပြင်အိုင်အက်(စ်)အဖွဲ့၏ ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ ခြိမ်းခြောက်မှုများကို နိုင်ငံတကာလေ့လာသူ အသိုင်းအဝိုင်းမှ ရခိုင်ပြည်နယ်ကို အာရှဒေသ၏ ကိုဆိုဗိုအဖြစ် ပုံဖော်လာနိုင်မည်ဟု သတိပေးချက်များကိုလည်း ဂရုစိုက်ရမည်ဖြစ်ပါကြောင်း၊ တိုက်ပွဲများ အမြန်ဆုံးရပ်စဲရန်အတွက် မှန်ကန်သော ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ တွေ့ဆုံဆွေးနွေး အဖြေရှာသင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်မည့်နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို မေ ၄ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

(သတင်းစဉ်)

❖ ကျောဖုံးမှ

ဝယ်ခွန်နှုန်းထားက အရင်ထက်စာရင် သုံးဆလေးဆတက်လာတာကို တွေ့ရပါတယ်။ အစိုးရသစ်လက်ထက်ဖြစ်တဲ့အနာဂတ်ကာလမှာတော့ အိမ်ခြံမြေစျေးကွက်က ကောင်းမွန်လာနိုင်တယ်ဆိုတော့ အိမ်ခြံမြေစျေးကွက်ကို အားလုံးစောင့်ကြည့်လေ့လာနေကြပါတယ်"ဟု ရှင်းပြသည်။

လက်ရှိအနေအထားအရ မြန်မာနိုင်ငံအတွင်းခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများသာ ယခုနှစ်အတွင်း စျေးကွက်အခြေအနေကောင်းမွန်လျက်ရှိပြီး အခြားကျောက်မျက်လုပ်ငန်းများ၊ ရေထွက်ပစ္စည်းလုပ်ငန်းများနှင့် အခြားလုပ်ငန်းများအားလုံးမှာ ဖြည်းဖြည်းချင်းသာလည်ပတ်လျက်ရှိနေကြောင်းနှင့် ထို့အတွက်ကြောင့် အိမ်ခြံမြေစျေးကွက်မှာလည်း စျေးကွက်အနေအထားအရ အေးနေခြင်းဖြစ်ကြောင်း သိရသည်။

iMyanmarHouse.com မှ မန်နေဂျင်းဒါရိုက်တာ ဦးနေမင်းသူကလည်း "အစိုးရသစ်တက်လာပြီးနောက်ပိုင်း အိမ်ခြံမြေစျေးကွက်အတွက်ကို ကျွန်တော်တို့အများကြီးမျှော်မှန်းထားပါတယ်။ နောင် ငါးနှစ်သက်တမ်းဖြစ်တဲ့ အစိုးရသစ်လက်ထက်မှာ ကျွန်တော်တို့ခန့်မှန်းထားတာကတော့ အိမ်ခြံမြေစျေးနှုန်းတွေကို ကျဆင်းအောင်ပြုလုပ်ပေးပြီး တန်ဖိုးနည်းအိမ်ရာတွေနဲ့ တန်ဖိုးမျှတအိမ်ရာတွေကို ချမှတ်ဖော်ဆောင်ပေးမယ်လို့ မျှော်မှန်းထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခြေခံလူတန်းစားနဲ့ လူလတ်တန်းစားများအတွက် ဦးတည်ပြီး စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်မယ်လို့ မျှော်လင့်ထားတာမို့ပါ။ အခြေခံလူတန်းစားနဲ့ လူလတ်တန်းစားများအတွက် အကောင်အထည်ဖော်ဆောင်ရွက်မယ့် တန်ဖိုးနည်းအိမ်ရာတွေနဲ့ တန်ဖိုးမျှတအိမ်ရာတွေကို ဆောင်ရွက်မယ်ဆိုရင် ဖော်ဆောင်လို့ရတဲ့နေရာတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ဖြစ်စေချင်တာကတော့ မြို့သစ်စီမံကိန်းတွေကို အရင်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်စေချင်ပါတယ်။ ဥပမာအားဖြင့် ကြည့်မြင်တိုင်တစ်ဖက်ကမ်းဖြစ်တဲ့ တွံတေးဒေသ၊ မှော်ဘီ၊ သန်လျင်အစရှိတဲ့နေရာတွေမှာ မြို့သစ်စီမံကိန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုရင် ဒီစီမံကိန်း နှစ်ခုစလုံးဟာ မြန်မြန်ဆန်ဆန်နဲ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အနာဂတ်ကာလမှာတော့ အိမ်ခြံမြေအရောင်းအဝယ်စျေးကွက်တွေ ပိုမိုအားကောင်းလာမယ်လို့ခန့်မှန်းထားပါတယ်။ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံသူတွေကလည်း အစိုးရသစ်အပေါ် ယုံကြည်မှုများ ပိုမိုများပြားလာမှာဖြစ်ပြီး အိမ်ခြံမြေ အရောင်းအဝယ်နဲ့ အငှားတွေ ပိုမိုသွက်လက်လာပါလိမ့်မယ်"ဟု သုံးသပ်ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် အောက်တိုဘာ ၉ ရက်က အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရန်ကုန်တိုင်းအိမ်ခြံမြေလုပ်ငန်းရှင်များအသင်းကို တရားဝင်စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်း၌ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် ၃၀၀ ကျော်ရှိကြောင်း။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းနှင့် iMyanmarHouse.com မှပူးပေါင်း၍ "၂၀၁၆ အိမ်ခြံမြေစျေးကွက် အခြေအနေနှင့် အနာဂတ်အလားအလာ" ဟောပြောဆွေးနွေးပွဲကို UMFCCI Office Tower ၌ လာမည့် မေ ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အိမ်ခြံမြေဆိုင်ရာ ဗဟုသုတများကို တတ်ကျွမ်းနားလည်ကြသော ဝါရင့်အသိပညာရှင်၊ အတတ်ပညာရှင်များက ဆွေးနွေးဟောပြောပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တရုတ်သံအမတ်ကြီးနှင့်အဖွဲ့ ဒလမြို့နယ် ရေရှားပါးရပ်ကွက်များသို့ ရေလှူဒါန်း

ရန်ကုန် မေ ၃

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် ရှမ်းကုန်းလမ်းတနင်္ဂနွေသန့်ရှင်းရေး ပရဟိတအသင်းတို့ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း ရေရှားပါးသော ရပ်ကွက်များသို့ သောက်သုံးရေလှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ဒလမြို့နယ် အုပ်ချုပ်ရေးမှူးရုံးရှိ သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်က -ဒလမြို့နယ်တွင် ရေရှားပါးမှုအခက်အခဲများဖြစ်သည်ကို ကြားသိရသဖြင့် ယခုလိုလာရောက်လှူဒါန်းရခြင်းဖြစ်ကြောင်း၊ လှူဒါန်းနိုင်အောင် ကူညီဆောင်ရွက်ပေးကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်ရှိ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ မြန်မာနှင့် တရုတ်နိုင်ငံတို့သည် ရှေးယခင်ကတည်းက ဆွေမျိုးပေါက်ဖော်များဖြစ်ပြီး တစ်ဦးကိုတစ်ဦး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒလမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်ပညာရှင်အဖွဲ့များစေလွှတ်၍ အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း၊ ဒလမြို့နယ် ရေလှူဒါန်းမှုပြီးပါက မန္တလေး၊ မကွေး၊ စစ်ကိုင်းစသည့် တိုင်းဒေသကြီးများရှိ ရေရှားပါးသည့် မြို့နယ်များသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒလမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက ကျေးဇူးတင်စကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက သောက်သုံးရေဘူးများကို ပေးအပ်လှူဒါန်းရာ ဒလမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ တရုတ်သံအမတ်ကြီးနှင့်အဖွဲ့သည် ဒလမြို့နယ် ဗညားဒလရပ်ကွက် နန်းဦးကျောင်းပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တပုညဝန္တအား သက်နှင်းများ ဆက်ကပ်လှူဒါန်းကာ ဗညားဒလရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများအား သောက်သုံးရေများ ပေးအပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန် ဒလမြို့နယ် ဗညားဒလရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများအား သောက်သုံးရေများ ပေးအပ်လှူဒါန်းစဉ်။

ယနေ့လှူဒါန်းမှုမှာ ဒလမြို့နယ်ရှိ ရပ်ကွက်ပေါင်း ခြောက်ခု၊ အိမ်ထောင်စု ၅၀၀၀ ကျော်အတွက် ရေဂါလန်ပေါင်း ၁၅၀၀၀ ခန့် လှူဒါန်းခဲ့ပြီး အခြားရပ်ကွက်၊ ကျေးရွာများသို့ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း - ကိုကိုဇော်
ဓာတ်ပုံ - ဇော်မင်းလတ်

နွေရာသီရေရှားပါးသောဒေသများသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေဂါလန် ၄၉၇၁၅၁၀ ဖြန့်ဝေခဲ့ပြီးဖြစ်

နေပြည်တော် မေ ၃

ယခုနှစ် နွေရာသီတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ရေရှားပါးမှုဖြစ်စဉ်များ မြန်မာနိုင်ငံတစ်ဝန်း၌ ဖြစ်ပွားခဲ့သည်။ အဆိုပါဒေသများသို့ အဖွဲ့အစည်းအသီးသီးမှ အလှူရှင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များက ကျေးလက်ဒေသအရောက် သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိရာ ဧပြီ ၃၀ ရက်အထိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေဂါလန်ပေါင်း ၄၉၇၁၅၁၀ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်သည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သောက်သုံးရေဖြန့်ဝေပေးမှုမှာ ဇယားပါအတိုင်းဖြစ်သည်။

ပြည်နယ်/တိုင်းဒေသကြီးရှိ ရေလိုအပ်သည့် မြို့နယ်များတွင် ၃၀-၄-၂၀၁၆ ရက်နေ့အထိ ရေပေးဝေမှုပြီးစီးသည့်စာရင်းများ

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	မြို့နယ်	ကျေးရွာပေါင်း	အိမ်ခြေ	လူဦးရေ	ရေပေးပို့ပြီးအကြိမ် အရေအတွက်	ဖြန့်ဝေပြီးရေဂါလန်
၁	ကချင်	၁	၁			၁	၁၂၀၀
၂	ကယား	၃	၁၂	၇၁၇	၃၆၀၆	၁၈	၁၃၇၂၀
၃	ကရင်	၆	၂၀	၂၃၇၃	၁၁၄၃၄	၁၉၂	၁၇၃၈၀၀
၄	ချင်း	၈	၂၃	၁၄၈၄	၇၃၄၁	၇၀	၂၉၆၂၇၇
၅	စစ်ကိုင်း	၇	၁၆	၁၆၆၇	၈၅၄၁	၆၅	၁၁၄၆၈၄
၆	တနင်္သာရီ	၄	၁၇	၂၃၈၈	၁၃၉၁၄	၂၅	၇၅၆၀၃
၇	ပဲခူး	၁၂	၇၂	၁၅၆၀၀	၇၉၅၂၂	၄၅၂	၅၂၉၉၈၀
၈	မကွေး	၁၂	၅၄	၇၅၇၄	၃၈၂၂၃	၄၃၅	၁၀၀၇၇၉၀
၉	မန္တလေး	၁၃	၁၄၉	၂၁၂၈၉	၁၀၈၈၇၇	၃၈၄	၇၀၈၄၃၄
၁၀	မွန်	၈	၅၄	၉၈၄၅	၅၈၇၃၁	၂၉၀	၂၄၆၇၅၄
၁၁	ရခိုင်	၁၄	၅၂	၆၇၆၇	၄၂၀၂၆	၃၁၃	၁၀၅၄၄၀၀
၁၂	ရန်ကုန်	၆	၂၃	၂၉၆၀	၁၂၇၀၀	၃၇	၃၆၇၁၀
၁၃	ရှမ်း	၄	၂၆	၃၅၁၈	၁၆၃၉၄	၁၀၀	၁၈၃၂၈၁
၁၄	ဧရာဝတီ		၅၈	၇၅၀၇	၃၁၅၆၅	၉၇	၁၁၁၄၇၇
၁၅	နေပြည်တော်	၆	၂၆	၆၆၇၆	၂၇၄၀၇	၄၁	၄၁၇၄၀၀
	တိုင်းဒေသကြီးစုစုပေါင်း	၁၁၇	၆၀၄	၉၀၃၆၅	၄၆၀၂၈၁	၂၅၂၀	၄၉၇၁၅၁၀

သန်းဦး(လေးမျက်နှာ)

ဒုတိယဝန်ကြီးများခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၁၇/ ၂၀၁၆
၁၃၇၈ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်
(၂၀၁၆ ခုနှစ်၊ မေလ ၃ ရက်)

ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉) တို့ပါပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဗိုလ်ချုပ်အောင်စိုး — ဒုတိယဝန်ကြီး, ပြည်ထဲရေးဝန်ကြီးဌာန
(၂) ဗိုလ်ချုပ်မြင့်နွယ် — ဒုတိယဝန်ကြီး, ကာကွယ်ရေးဝန်ကြီးဌာန
(၃) ဗိုလ်ချုပ်သန်းထွဋ် — ဒုတိယဝန်ကြီး, နယ်စပ်ရေးရာဝန်ကြီးဌာန

(ပုံ)ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။

နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း
(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၈ ခုနှစ်၊ လ ရက်
(၂၀၁၆ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်ကောင်စီဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

အီဂျစ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ဦးမြင့်လွင်အား ပြောင်းရွှေ့ခန့်အပ်

နေပြည်တော် မေ ၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး နယူးယောက်မြို့မှ ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဦးမြင့်လွင်အား အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

သောက်သုံးရေ ရှားပါးပြတ်လပ်သည့် ကျေးရွာများသို့ ရေသွားရောက်လှူဒါန်း

ကျိုက်မရော မေ ၃

ကျိုက်မရောမြို့နယ်တွင် နွေရာသီသောက်သုံးရေရှားပါးပြတ်လပ်လာသည့်အတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေသယ်ယာဉ်ဖြင့်သောက်သုံးရေရှားပါးပြတ်လပ်သော ကျေးရွာများသို့ သွားရောက်ပေးဝေလျက်ရှိရာ ဧပြီ ၃၀ ရက်တွင် ကျုံကွယ်ကျေးရွာအုပ်စု နွတ်အောက်ကျေးရွာနှင့် တောင်နားကျေးရွာသို့ သောက်သုံးရေဂါလန် ၁၂၈၀၀ သွားရောက်လှူဒါန်းခဲ့ပြီး သောက်သုံးရေများ လိုအပ်သည့် ကျေးရွာများသို့ သွားရောက်လှူဒါန်းနိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သူရ(ကျေးလက်)

အဖိုးတန်သစ်များ တရားမဝင်ခိုးယူထုတ်လုပ်ရောင်းချမှုမရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၃

မြန်မာနိုင်ငံသည် သယံဇာတများ ပေါကြွယ်ဝပြီး စိမ်းလန်းစိုပြည်သည့် သဘာဝ သစ်တောများ ပိုင်ဆိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ထိုသို့ အဖိုးမဖြတ်နိုင်သော သဘာဝသစ်တောများကို ဝိသမလောဘ စီးပွားရေးသမားများ အနေဖြင့် ကိုယ်ကျိုးစီးပွားအတွက် နည်းလမ်းမျိုးစုံအသုံးပြုပြီး တရားမဝင် ခိုးယူထုတ်လုပ်ရောင်းချမှုများ ဆောင်ရွက်လျက် ရှိခြင်းကြောင့် သဘာဝသစ်တောများ လျော့နည်းဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

တပ်မတော်အနေဖြင့် နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင်ရင်း နိုင်ငံတော်၏ သံယံဇာတများနှင့် သဘာဝသစ်တောများ ပြုန်းတီးမှု မရှိစေရေးအတွက် နယ်မြေရှင်းလင်းရေးနှင့် နယ်မြေလုံခြုံရေးကိုပါ သက်ဆိုင်ရာဌာနများနှင့်စနစ်တကျ ပူးပေါင်းစီမံ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဧပြီ ၃၀ ရက်အထိ လေးလတာကာလအတွင်း ဒေသတန်ဖိုး ငွေကျပ် ၆၃၈၇ သိန်းကျော်တန်ဖိုးရှိ ကျွန်း၊ ပိတောက်၊ တမလန်းသစ်စသည့် အဖိုးတန်သစ်များအပါအဝင် သစ်မျိုးစုံ စုစုပေါင်း တန် ၁၆၁၀ ကျော်နှင့် တရားမဝင်သစ်ထုတ်လုပ်ရာတွင် အသုံးပြုသော ယာဉ်မျိုးစုံ ၁၄၁ စီးတို့နှင့်အတူ တရားမဝင်သစ်ထုတ်လုပ်သူ ၁၇၁ ဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

တပ်မတော်စစ်ကြောင်းများ၏ နယ်မြေရှင်းလင်းမှုများကြောင့် ကချင်ပြည်နယ်၊ တာလောကြီးဒေသ၊ ဗန်းမော်-မံစီဒေသ၊ ကြူဆာ-မံဝိန်းကြီးဒေသ၊ ဖားကန့်-ဆယ်ဇင်းဒေသအတွင်းမှ ကျွန်း၊ ပိတောက်၊ တမလန်းသစ်အပါအဝင် သစ်မျိုးစုံ ၇၇၀ ဒသမ ၆၄၇ တန်၊ ယာဉ်မျိုးစုံ ၁၁၃ စီးနှင့် သစ်ထုတ်လုပ်သူ ၃၇ ဦးအားလည်းကောင်း၊ ရှမ်းပြည်နယ် မုန်းစီ-တာမိုးညဲ ဒေသ၊ နမ့်ဆန်ဒေသ၊ မန်တုံဒေသ၊ မိုင်းငေါ့ဒေသ၊ တော့ဆန်ဒေသ၊ မိုးမိတ်ဒေသ၊ ဗထူး-ရပ်စောက်ဒေသ၊ မိုင်းနောင်-ကျေးသီးဒေသ၊ ဝမ်ဆင်း-လုံယမ်းဒေသ၊ ဝမ်လော-ဆိုက်ခေါင်- ကျိုင်းတောင်းဒေသ၊ ကျိုင်းတုံ-မိုင်းခုတ်ဒေသ၊ မိုင်းဖြတ်-ဘူရှီးဒေသအတွင်းမှ ကျွန်း၊ ပိတောက်၊ တမလန်းသစ်အပါအဝင် သစ်မျိုးစုံ ၅၃၉ ဒသမ ၀၁၆၄ တန်၊ ယာဉ်မျိုးစုံ ၂၄ စီးနှင့် သစ်ထုတ်လုပ်သူ ၄၇ ဦးအားလည်းကောင်း၊ ရခိုင်ပြည်နယ် အမ်းဒေသ၊ ကျောက်တော်ဒေသ၊ ရွှေတောင်ဒေသ၊ ကျောက်ဖြူဒေသအတွင်းမှ သစ်မျိုးစုံ ၁၇၁ ဒသမ ၁၇ တန်၊ ယာဉ်တစ်စီးနှင့် သစ်ထုတ်လုပ်သူ ၈၀ အားလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူး-ကဘော်ဒေသ၊ ရွှေဘိုဒေသ၊ ဗန်းမောက်-မံစီဒေသအတွင်းမှ ကျွန်း၊ တမလန်းသစ်အပါအဝင် သစ်မျိုးစုံ တန် ၁၃၀၊ ယာဉ်မျိုးစုံ သုံးစီးနှင့် သစ်ထုတ်လုပ်သူ ခုနစ်ဦးအားလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသူများ၊ ယာဉ်များနှင့် သစ်များကိုလည်း သက်ဆိုင်ရာဌာနများသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့သည်။

တပ်မတော်အနေဖြင့် အဖိုးတန်သစ်များနှင့် သဘာဝသံယံဇာတများ ပြုန်းတီးဆုံးရှုံးမှုမရှိစေရေးအတွက် သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်းကာ အစွမ်းကုန်ကာကွယ် တားဆီးခြင်းဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားကို အလေးထား ကာကွယ်စောင့်ရှောက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ပေစိကျွန်းကျေးရွာအုပ်စု ဘောလုံးကျေးရွာ သာသနာ့ရက္ခိတ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ မြေမြတ်မဟာ၌ အနန္တမေတ္တာစေတီတော် တွင်းတော်ဝင်းရတနာအုတ်မြစ်တော်စီ စေတီယမင်္ဂလာအခမ်းအနားသို့ နာယကဆရာတော်ကြီးများ၏ သြဝါဒနှင့်အညီ ကျင်းပစဉ်။(သပြေထွန်း)

တောင်ကြီးမြို့မှ မေ့မှိန်နေသော ဝန်းသိုစော်ဘွားကြီးအုတ်ဂူနှင့် လွတ်လပ်ရေးကျောက်တိုင် အထင်ကရဖြစ်စေလို

သတင်း - ကိုသက်၊ ဓာတ်ပုံ - ငွေအောင်

တောင်ကြီး မေ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ မြို့မိမြို့ဖများက ဝန်းသိုစော်ဘွားကြီးအုတ်ဂူမေ့မှိန်နေရာမှ အထင်ကရဖြစ်ပေါ်စေရေး၊ လွတ်လပ်ရေးကျောက်တိုင်ဟု အပြည့်အဝပြန်လည်ခေါ်ဆိုသတ်မှတ်ပေးရန်နှင့် ယခုဆောက်လက်စရှော့ပင်းစင်တာအား ပြည်ထောင်စုနှင့် သက်ဆိုင်သည့် အမည်မှည့်ခေါ်ရေးကို ဆန္ဒရှိနေကြကြောင်း ကြားသိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဧပြီ ၂၅ ရက်တွင် တောင်ကြီးမြို့၏ လိုအပ်ချက်၊ အားနည်း အားသာချက်များနှင့် ပြည်သူများ၏ စကားသံကို သိလိုသောကြောင့် မြို့မိမြို့ဖများနှင့် တွေ့ဆုံရာတွင် ၎င်းတို့က ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ပြည်သူများ၏ကိုယ်စား တင်ပြတောင်းဆိုခဲ့သည့် ဦးထွန်းအေးလေးက"ကျွန်တော်က သမိုင်းဝင်ပုဂ္ဂိုလ်တွေ၊ သမိုင်းဝင်နေရာတွေကို နောင်လာနောက်သားတွေ မမေ့အောင်၊ ဒါတွေကိုကြည့်ပြီး နောင်လာနောက်သားတွေ အတုယူပြီး တိုင်းပြည်ချစ်စိတ် အမြဲရှိနေအောင်လို့ပါ။ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်ဆိုလျှင် ကျွန်တော်တို့ ကျောင်းစာတွေထဲမှာရောပါတယ်။ အင်္ဂလိပ်နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်တဲ့နေရာမှာ ဓားနဲ့ လက်တောင်ခွာမရဘူး။ ရေနွေးနဲ့ခွာမှ ရတာပါ။ တိုင်းပြည်ကို ဘယ်လောက်ချစ်လဲ ကြည့်ပါ။ တိုင်းပြည်နဲ့ လူမျိုးအတွက် အဲဒီလောက် ရှုပ်ရှုပ်ချွံချွံ တိုက်ခိုက်တော်လှန်ခဲ့တာ။ သူသေဆုံးတော့ ဂူဗိမာန်ကို လုပ်ထားပါတယ်။ ဒါပေမယ့် အဲဒီတုန်းက သီးခြားလုပ်ထားတာ။ ခုနောက်ပိုင်းကျတော့ ဂူဗိမာန်နားတစ်ဝိုက် ရပ်ကွက်တွေဖြစ်လာတယ်။ အိမ်တွေပတ်ပတ်လည်ဝိုင်းလာတယ်။ တဖြည်းဖြည်းနဲ့ မေ့မှိန်လာတယ်။ ဒီလိုသမိုင်းဝင်ပုဂ္ဂိုလ်မျိုးကို မမေ့မှိန်စေချင်ဘူး။ အထင်ကရဖြစ်အောင် သက်ဆိုင်ရာကို သင့်တော်တဲ့နေရာမှာ သီးသန့်လေး ထားပေးချင်ပါတယ်"ဟု ပြောသည်။

"နောက်တစ်ချက်က မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး တစ်နိုင်ငံလုံးမှာ လွတ်လပ်ရေးအထိမ်းအမှတ်ကျောက်တိုင်တွေစိုက်ထူတယ်။ စိုက်ထူပြီး လွတ်လပ်ရေးကျောက်တိုင်လို့ပဲ မှည့်ခေါ်ကြတယ်။ ယခုတောင်ကြီးမှာက လွတ်လပ်ရေးဆိုတဲ့ဟာ ပြုတ်ပြီး ကျောက်တိုင်ကွင်းလို့ပဲ ခေါ်ကြတယ်။ အစိုးရရုံးအဖွဲ့အစည်းတွေကလည်း ရုံးစာတွေမှာ ကျောက်တိုင်ကွင်းလို့ပဲ သုံးလာတာတွေ့ရတယ်။ ဒါကို လွတ်လပ်ရေးအထိမ်းအမှတ်လေး မပျောက်စေချင်ဘူး။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အနေနဲ့ လွတ်လပ်ရေးကျောက်တိုင်လို့ အမည်အပြည့်အဝခေါ်စေနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးပါလို့ တောင်းဆိုခဲ့တာပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

မြို့မိမြို့ဖ ဦးထွန်းအေးလေး

ထို့ပြင် ပင်လုံစာချုပ်အခြေခံဟု ပြောလို့ရသည့် ဗိုလ်ချုပ်အောင်ဆန်း တောင်တန်းဒေသများ၏ကိုယ်စားပြုကြောင်း ထောက်ခံခဲ့သည့် လူထုအစည်းအဝေးနေ့ကို ပြုလုပ်သည့်နေရာ (ယခု တောင်းကြီးရှော့ပင်းစင်တာ)ဆောက်နေသည့် နေရာကို အများပြည်သူများက တောင်ကြီးရှော့ပင်းစင်တာနာမည်အစား ပြည်ထောင်စုရှော့ပင်းစင်တာ၊ ဗိုလ်ချုပ်အောင်ဆန်းရှော့ပင်းစင်တာ သို့မဟုတ် ယူနီယမ်ရှော့ပင်းစင်တာ တစ်ခုခု အမည်မှည့်ခေါ်စေလိုကြကြောင်း သိရသည်။

၎င်းကိစ္စနှင့်ပတ်သက်၍ မြို့ခံတစ်ဦးက "ဗိုလ်ချုပ်က အင်္ဂလန်နိုင်ငံမှာ လွတ်လပ်ရေးတောင်းဆိုတဲ့ အချိန်မှာ ဒီက ရှမ်းစော်ဘွားတွေကို အင်္ဂလိပ်ဘုရင်ခံ သွေးထိုးမှုကြောင့် ဗိုလ်ချုပ်က တောင်တန်းဒေသကို ကိုယ်စားမပြုဘူးဆိုပြီး ကြေးနန်းရိုက်တယ်။ အင်္ဂလိပ်က ကြေးနန်းပြတယ်။ ကိုယ်စားမပြုဘူးပေါ့။ ဒါကြောင့် ရှမ်းပြည်နယ် ပြည်သူတွေကို လူထုထောက်ခံပွဲ ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှာ အခု ဆောက်နေတဲ့ ရှော့ပင်းစင်တာနေရာမှာ လုပ်တယ်။ ဒီထောက်ခံမှုရတဲ့ ကြေးနန်းပြမှ အောင်ဆန်း - အက်တလီစာချုပ်ချုပ်တာ။ ဒီထောက်ခံပွဲကြောင့် ပင်လုံစာချုပ်ဆိုတာ ဖြစ်ပေါ်လာတာပါ။ ဒါကြောင့် ဒီလိုသမိုင်းဝင်နေရာမှာ ဘာအဆောက်အအုံပဲဖြစ်ဖြစ် သမိုင်းနဲ့ပတ်သက်တဲ့အမည်ပဲ မှည့်စေချင်ပါတယ်" ဟု ပြောကြားသည်။

၎င်းကိစ္စရပ်များနှင့် ပတ်သက်၍လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အများပြည်သူများ၏ ဆန္ဒကို အလေးအနက်ထား၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သိရသည်။

ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်၏ ဂူဗိမာန်အား တွေ့ရစဉ်။

ရေရှားပါးမှုများကြုံတွေ့နေရသည့်ဒေသများသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သောက်သုံးရေများ စဉ်ဆက်မပြတ် သွားရောက်လှူဒါန်းပေးလျက်ရှိ

နေပြည်တော် မေ ၃

ယခုနှစ် နွေရာသီကာလတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဒေသအချို့၌ ရေရှားပါးမှုများဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သောက်ရေ သုံးရေများကို အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၃၀ ရက်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ လေကြောင်းရဲတပ်ဖွဲ့ခွဲ(ရန်ကုန်)မှ ဒုတိယရဲမှူးကြီး အုပ်စိုးထွန်း ဦးဆောင်သောတပ်ဖွဲ့ဝင်များက ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အနိုးချောင်းကြီးရွာတွင် လီတာ ၂၀ ဆံ့ သောက်ရေသန့်ဘူးကြီး ၇၀၀ အားလည်းကောင်း၊ မေ ၁ ရက်တွင် မကွေးတိုင်းဒေသကြီး မကွေးမြို့နှင့် သရက်မြို့နယ်ရဲတပ်ဖွဲ့မှူးများဦးစီးသည့်အဖွဲ့များက သောက်သုံးရေ ဂါလန် ၈၁၀၀ အားလည်းကောင်း၊ ရခိုင်ပြည်နယ် အမ်းမြို့မရဲစခန်းမှူးဦးစီးသည့်အဖွဲ့က သောက်သုံးရေ ဂါလန် ၁၇၀၀ အားလည်းကောင်း၊ မေ ၂ ရက်တွင် မွန်ပြည်နယ် သထုံမြို့နှင့် ချောင်းဆုံမြို့နယ်တို့တွင် မြို့မ/ရဲကင်းစခန်းမှူးများဦးစီးသည့်အဖွဲ့များက သောက်သုံးရေဂါလန် ၂၀၅၀ အား လည်းကောင်း၊ ကတိုက်ကြီးရဲကင်းစခန်းမှူး ဦးစီးသည့်အဖွဲ့၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်မိရပ်ဖများပူးပေါင်း၍ သောက်သုံးရေဂါလန် ၁၃၀၀ အားလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်တွင် ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက သောက်သုံးရေဂါလန် ၄၀၀ အားလည်းကောင်း မိမိတို့မြို့နယ်အတွင်းရှိ ရေရှားပါးသည့် နေရာဒေသအသီးသီးသို့ သွားရောက်လှူဒါန်းခဲ့ကြရာ ဧပြီ ၂၄ ရက်မှ မေ ၂ ရက်ထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့က စုစုပေါင်းသောက်သုံးရေ ၂၂၂၁၄၆ ဂါလန် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။**(ရဲပြန်ကြား)**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၌ ဧပြီ ၃၀ ရက်က မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲခြင်း၊ ဓာတ်မီးတိုင်များ ကျိုးကျပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး လမ်းများပိတ်ဆို့နေရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၁၁)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင် ၁၂၀ တို့က မေ ၁ ရက်တွင် သွားရောက်၍ ပိတ်ဆို့နေသည့်နေရာများအား ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်ပေးစဉ်။ (ရဲပြန်ကြား)

စစ်တွေမြို့ ဘောဒူဖ ကယ်ဆယ်ရေးစခန်းအမှတ်(၂) မီးလောင် သက်ဆိုင်ရာက ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၃

ရခိုင်ပြည်နယ် စစ်တွေမြို့ ဘောဒူဖကယ်ဆယ်ရေးစခန်း အမှတ်(၂)တွင် ယနေ့နံနက်ပိုင်းက ရှစ်ခန်းတွဲ အဆောင် (၁) အခန်း(၄)မှစ၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ရှစ်ခန်းတွဲ အဆောင် ၄၉ ဆောင် စုစုပေါင်း ၃၉၂ ခန်း မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီ ၁၀ မိနစ်ခန့်က အဆိုပါကယ်ဆယ်ရေးစခန်း အဆောင်(၁) အခန်း(၄)နေ အဒူဟိုက်၏ နေအိမ်ခန်း မီးဖိုဆောင်တွင် ထမင်းချက်ရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း၊ မီးလောင်မှုကြောင့် ရှစ်ခန်းတွဲ အဆောင် ၄၉ ဆောင် အခန်း ၃၉၂ ခန်း မီးလောင်ဆုံးရှုံးကာ မီးကူးစက်လောင်ကျွမ်းမှုမရှိစေရေးအတွက် ရှစ်ခန်းတွဲအဆောင် ခြောက်ဆောင်အား ဖျက်ဆီးခဲ့ရကြောင်း၊ မီးလောင်မှုဖြစ်စဉ်ကြောင့် ကာလတန်ဖိုးငွေကျပ် ၁၃၇၅ သိန်း ဆုံးရှုံးခဲ့ရကြောင်း၊ မီးလောင်ကျွမ်းရာသို့ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့(စစ်တွေ)မြို့မှ တာဝန်ရှိသူများ ပူးပေါင်း၍ မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းအတွင်းရှိ ဒုက္ခသည် အိမ်ထောင်စု ၄၃၅ စု စုစုပေါင်း လူဦးရေ ၁၇၄၄ ဦးတို့အား အုန်းတောကြီးကယ်ဆယ်ရေးစခန်းရှိ စျေးဆိုင်တန်းများတွင် နေရာချထားပေးပြီး ထိခိုက်ဒဏ်ရာရသူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း(စစ်တွေ)က အရေးပေါ်ကယ်ဆယ်ကုသခြင်း၊ ပျောက်ဆုံးသူများရှာဖွေခြင်း၊ ဆေးဝါးများထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် ဦးစီးမှူးရုံးမှ တာဝန်ရှိသူများကလည်း မိသားစုသုံး ကယ်ဆယ်ရေးပစ္စည်းများကို အိမ်ထောင်စုအလိုက် ထောက်ပံ့ပေးခြင်း၊ ယာယီနေထိုင်ရန်အတွက် မိုးကာတဲကြီးများ ဆောင်ရွက်ပေးခြင်းတို့ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများသို့ သောက်သုံးရေဖြန့်ဝေ

နေပြည်တော် မေ ၃

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ်ရုံးများအဆင့်ဆင့်မှ ဝန်ထမ်းများသည် နွေရာသီသောက်သုံးရေ ပြတ်လပ်မှု မရှိစေရေးအတွက် သက်ဆိုင်ရာကျေးရွာများသို့အရောက် ရေဖြန့်ဝေပေးလျက်ရှိရာ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီး၍ နတ်မောက်မြို့နယ် ကျေးလက်ဦးစီးဌာနနှင့် ဆောက်လုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်ဦးစီးဌာန၊ နှလုံးလှသွေးအလှူရှင်အသင်းတို့ ပူးပေါင်းကာ မေ ၁ ရက်တွင် နတ်မောက်မြို့နယ်၊ ဖက်တောရေ၊ ပိတောက်ကုန်း၊ ဝမ်းဘဲအင်း၊ ပိတောက်ငုတ်(ရွာကြီး) ကျေးရွာများသို့ သောက်သုံးရေဂါလန် ၇၆၀၀ ဖြန့်ဝေလှူဒါန်းခဲ့ပြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဦးစီးမှ တာဝန်ရှိသူများသည် သခွတ်ရင်း၊ ခါးဇက်၊ သက္ကယ်မြောင်၊ တဲကြီးကုန်း၊ မဒိုင်း၊ ကဒေါင်းကျင်းကျေးရွာများသို့ ရေရရှိမှု၊ ရေသုံးစွဲမှု၊ ရေပေးဝေရန် လိုအပ်မှု အခြေအနေများကို ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အမှိုက် စနစ်တကျ စွန့်ပစ်ရေး ဆွေးနွေး

ရန်ကုန် မေ ၃

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၏စီစဉ်မှုဖြင့် ဧပြီ ၃၀ ရက် နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် ဇေရာဇ်ရပ်ကွက် ဇေရာဇ်ဓမ္မာရုံ၌ အမှိုက်စနစ်တကျစွန့်ပစ်ရေးနှင့် အမှိုက်အစို၊ အခြောက်ခွဲခြားစွန့်ပစ်နိုင်ရေး ဆွေးနွေးပွဲကျင်းပသည်။

"မင်္ဂလာဒုံမြို့နယ် လှော်ကားဥယျာဉ်သွားတဲ့လမ်းမှာ ဂျပန်နိုင်ငံရဲ့အကူအညီနဲ့ အမှိုက်ကနေ စွမ်းအင်ထုတ်တဲ့စက်ရုံ တည်ဆောက်နေတာ ၁၅ ရာခိုင်နှုန်းလောက်ပြီးစီးနေပါပြီ။ ၂၀၁၇ ခုနှစ် ဧပြီလလောက်မှာ စပြီးလည်ပတ်နိုင်မှာဖြစ်ပါတယ်။ အဲ့ဒီစက်ရုံက တစ်နေ့ကို အမှိုက်တန် ၆၀ လောက်မီးရှို့ပြီး လျှပ်စစ်ကီလိုဝပ် ၇၀၀ ထုတ်ပေးနိုင်မှာဖြစ်ကာ ကီလိုဝပ် ၃၀၀ ကို စက်ရုံအတွက် ပြန်အသုံးပြုမှာဖြစ်တယ်။ ကျန်တဲ့ ကီလိုဝပ် ၄၀၀ ကို မိဘပြည်သူတွေရဲ့လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးသွားမယ်လို့သိရပါတယ်။ နောက်ပြီး မင်္ဂလာဒုံမြို့နယ်အနေအထားနဲ့ တစ်နေ့ကို အမှိုက်တန် ၆၀ လောက်ထွက်တော့ စက်ရုံက လိုအပ်ချက်နဲ့ အကိုက်ပဲလေ။ ဒါပေမယ့် အမှိုက်မီးရှို့စက်က အမှိုက်အစိုက ၆၀ ရာခိုင်နှုန်း၊ အမှိုက်အခြောက်က ၄၀ ရာခိုင်နှုန်းရရှိမှ မီးရှို့လို့အဆင်ပြေမှာဖြစ်တဲ့အတွက် အမှိုက်များကို စနစ်တကျ အစို၊ အခြောက်ခွဲခြားစွန့်ပစ်ပေးဖို့လိုအပ်ပါတယ်"ဟု ခေတ္တဒုတိယဌာနမှူးဦးဇော်ဝင်းနိုင်က ပြောကြားသည်။

ဆက်လက်၍ လက်ထောက်ဌာနမှူး ဒေါက်တာအောင်မြင့်မော်က "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သန့်ရှင်းရေးဌာနအနေနဲ့ ရန်ကုန်တစ်မြို့လုံးအနေအထားအရ အမှိုက်တန် ၁၆၀၀ ခန့် သိမ်းဆည်းပေးနေရတော့ အမှိုက်စွန့်ပစ်ဖို့ နေရာအခက်အခဲရှိလာတာကြောင့် ယခုလိုအမှိုက်ကို မီးရှို့ပြီး စွမ်းအင်ထုတ်နိုင်မယ်ဆိုရင် အမှိုက်တွေလဲရှင်းပြီး စွမ်းအင်လည်းရရှိမှာဖြစ်ပါတယ်။ ဒီမြို့နယ်မှာ အောင်မြင်မှုရရင် အခြားမြို့နယ်တွေကိုလည်း ဆက်လက်လုပ်ဆောင်ပေးမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

(၅၉၇)

ကြေးမုံ

ဒစ်စနေးမှ Maleficent-2 အပါအဝင် နောက်ဆက်တွဲဇာတ်ကားများစွာကို ရိုက်ကူးမည်

ဒစ်စနေးရုပ်ရှင်ထုတ်လုပ်ရေးမှ ၂၀၁၄ ခုနှစ်က ထွက်ရှိခဲ့ပြီး ဟောလိဝုဒ်မင်းသမီး အိန်ဂျလီနာဂျိုလီနှင့် သမီးငယ်ဖြစ်သူတို့ ပါဝင်သရုပ်ဆောင်ထားကြသည့် Maleficent ဇာတ်ကား၏ နောက်ဆက်တွဲအဖြစ် Maleficent 2 အပါအဝင် နောက်ဆက်တွဲဇာတ်ကားများစွာကို ဆက်လက်ရိုက်ကူးသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ယင်းသို့ ဒစ်စနေးထုတ်လုပ်ရေးအနေဖြင့် ပရိသတ်များ အံ့အားသင့်သွားစေရန်ဟု အကြောင်းပြချက်ပေးခဲ့သော်လည်း ဂျိုလီအနေဖြင့် ပရိသတ်များအတွက် ယင်းဇာတ်ကားနှင့်ပတ်သက်ပြီး နောက်ဆက်တွဲဇာတ်ကားများ မလိုအပ်ဟု ယူဆထားကြောင်း သိရသည်။

"ကျန်တာတွေကို ကျွန်မ မသိပါဘူး။ ဒီဇာတ်ကားအတွက် ကျွန်မကျေနပ်တယ်။ ဒီ့အပြင် နောက်ဆက်တွဲဇာတ်ကားတွေ မလိုအပ်ဘူးလို့ ကျွန်မအနေနဲ့ ယူဆပါတယ်"ဟု USA Today ၏ အင်တာဗျူးတစ်ခုတွင် ဂျိုလီက Maleficent 2 အတွက် ဝေခွဲရခက်နေမှုအပေါ် ဖြေကြားခဲ့သည်။

ဒစ်စနေးရုပ်ရှင်ထုတ်လုပ်ရေး အနေဖြင့်မူ Maleficent 2 စတင်ပြသမည့်ရက်ကို ထုတ်ပြန်ခဲ့ခြင်းမရှိသေးသော်လည်း ပထမဇာတ်ကားမှ အဓိကဇာတ်ကောင် အိန်ဂျလီနာဂျိုလီနှင့် ဇာတ်ညွှန်းရေးဆရာတို့ ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း အတည်ပြုခဲ့သည်။

ဒစ်စနေးအနေဖြင့် Maleficent ကဲ့သို့ပင် အခြားသော နောက်ဆက်တွဲဇာတ်ကားများအနေဖြင့် The Jungle Book တောတွင်းဇာတ်ကားနှင့် Cruella ဇာတ်ကားတို့ကို ဆက်လက်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နောက်ဆက်တွဲ ဇာတ်ကားများအတွက် စတင်ဖြန့်ချိမည့်ရက်များကို အသီးသီးသတ်မှတ်ထားသော်လည်း Maleficent -2 အတွက် ဖြန့်ချိမည့်ရက်အတိအကျကိုမူ ယခုထိ ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

The Jungle Book ဇာတ်ကားမှ ဒါရိုက်တာနှင့် ဇာတ်ညွှန်းရေးဆရာတို့က နောက်ဆက်တွဲဇာတ်ကားအတွက် သဘောတူညီမှုရရှိထားပြီးဖြစ်ကာ Cruella ဇာတ်ကားတွင်လည်း မင်းသမီး အမ်မာစတုန်းကို Cruella de Vil ဇာတ်ကောင်နေရာတွင် ပါဝင်သရုပ်ဆောင်ရန် သဘောတူထားပြီးဖြစ်ကြောင်း သိရသည်။

■

ဟောလိဝုဒ်အထိထိုးဖောက်ကာ ဆုများဆွတ်ခူးခဲ့သည့် ဘောလိဝုဒ်ငွေကြယ်ပွင့် ပရီရန်ကာချိုပရာ

ဘောလိဝုဒ်မင်းသမီး ပရီရန်ကာချိုပရာက အမေရိကန်ရုပ်သံဇာတ်လမ်းတွဲများအထိ ထိုးဖောက်ကာ အောင်မြင်မှုများရယူနိုင်ခဲ့ပြီး People's Choice Award ဆုပေးပွဲတွင် ဆုများဆွတ်ခူးနိုင်ခဲ့သည်။ ပရီရန်ကာသည် အေဘီစီရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသလျက်ရှိသည့် Quantico အမည်ရှိ မှုခင်းအက်ရှင်ဇာတ်လမ်းတွဲတစ်ခုတွင် အကြမ်းဖက်မှုတစ်ခုတွင် ပါဝင်ပတ်သက်ကြောင်း သံသယရှိသူ အဲလက်စ်ပါရစ်ရှ်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါ ဇာတ်ကားကို အေဘီစီရုပ်သံလိုင်းတွင် ၂၀၁၅ ခုနှစ် စက်တင်ဘာလက စတင်ပြသခဲ့ပြီး ယခုနှစ် မတ်လအတွင်းက Season 2 ကို စတင်ပြသခဲ့သည်။ အဆိုပါ ဇာတ်လမ်းတွဲသည် အကြောင်းပြချက်အမျိုးမျိုးဖြင့် FBI သို့ ဝင်ရောက်လာကြသည့် တပ်ဖွဲ့ဝင်များကို ဗာဂျီးနီးယားရှိ Quantico သင်တန်းကျောင်းတွင် ကောင်းစွာလေ့ကျင့်မှုများအပြီး နယူးယောက်မြို့တွင် လှည့်ကွက်များစွာနှင့် ရှုပ်ထွေးနက်နဲသော အကြမ်းဖက်မှုကြီးတစ်ခု ဖြေရှင်းပုံကို ခြယ်မှုန်းရိုက်ကူးထားသော မှုခင်းအက်ရှင်ဇာတ်ကားဖြစ်သည်။

ယခုနှစ်အတွင်း ကျင်းပခဲ့သည့် (၄၂)ကြိမ်မြောက် People's Choice Award ဆုပေးပွဲတွင် ယင်းဇာတ်ကားဖြင့် မင်းသမီး ပရီရန်ကာချိုပရာက Favorite Actress in A New TV series ဆုကိုရရှိခဲ့ပြီး Quantico ဇာတ်ကားက Favorite New TV Drams ဆုအတွက် ဆန်ခါတင်ရွေးချယ်ခံခဲ့ရကာ ယင်းဇာတ်ကားသည် ဝေဖန်ရေးဆရာများ၏ အပြုသဘောဆောင်သော ဝေဖန်ချက်များရရှိခဲ့သည့် ဇာတ်ကားတစ်ကားလည်း ဖြစ်သည်။

ဖြိုး စ န္ဒာ မြင့် - စု စည်း ရေး သား သည်

ဘောလ်ဘုတ်ဂီတဆုပေးပွဲတွင် Millennium Award ဆုလက်ခံရယူမည့် ဘရစ်တနီစပီးယားစ်

အမေရိကန်ပေါ့ပ်ကြယ်ပွင့် ဘရစ်တနီစပီးယားစ်အား ၎င်း၏ ဂီတဖန်တီးမှုနှင့် ထူးခြားသော ဖျော်ဖြေမှုများအတွက် ယခုလ ၂၂ ရက်တွင်ကျင်းပမည့် ဘောလ်ဘုတ်ဂီတဆုပေးပွဲအခမ်းအနားတွင် Millennium Award ဆုကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အသက်(၃၄)နှစ်အရွယ်ရှိ အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးလည်းဖြစ်သူ ဘရစ်တနီသည် ယခုလအတွင်းတွင် သူ၏ နဝမမြောက် စတူဒီယိုအယ်လ်ဘမ်ဖြစ်သည့် Make Me (Oooh) ကို ဖြန့်ချိသွားမည်ဖြစ်ကြောင်းလည်း သိရသည်။ အမေရိကန်တေးဂီတအစည်းအရုံး၏ စာရင်းများအရ ဘရစ်တနီသည် အမေရိကန်ရှိ ထိပ်တန်းအမျိုးသမီးတေးသံရှင်များတွင် နံပါတ်ရှစ်နေရာတွင် ရပ်တည်နေပြီး ကမ္ဘာတစ်ဝန်းတွင် ဘရစ်တနီ၏ တေးသီချင်းများပါဝင်သည့် အယ်လ်ဘမ်အချပ်ရေပေါင်း သန်း ၁၀၀ ကျော်ရောင်းချခဲ့ရကာ ရောင်းအားအကောင်းဆုံး တေးသံရှင်အဖြစ် ထိပ်တန်းမှရပ်တည်နေသူတစ်ဦးလည်းဖြစ်သည်။

ရုပ်မြင်သံကြားအစီအစဉ်များ

[၄ - ၅ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

MRTV- 4

- ၅း၀၀ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၄၀ "သာသနာ့အမွေခံ" တရားတော် [ဆရာတော်ဒေါက်တာ အရှင်ပညိသရာဘိဝံသ)(ဓမ္မဒူတ)]
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၅၁)
- ၇း၃၀ MRTV-4 သတင်း
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Association of Business Executives,UK,Diploma ဘွဲ့လက်မှတ်ချီးမြှင့်ခြင်း အခမ်းအနား)
- ၈း၀၀ "မင်္ဂလာပါ" The Morning Show
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၉၉)
- ၁၀း၁၀ ခေတ်သစ်ပျိုမေ
- ၁၀း၅၅ အနုပညာမိုးကောင်းကင်
- ၁၁း၃၅ MRTV-4 Stage
- ၁၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ထဝင်ကုန်သည်" (အပိုင်း-၆၉)
- ၁၂း၄၀ ရန်ကုန်မြင်ကွင်းကျယ် -မြန်မာနိုင်ငံ အလှုကုန်အသင်း Government, Taxation, & Industry Affaris Committee todynmay;a[majymyGJ -The Signing Ceremony of MOU Between MSHRM & SHRI နားလည်မှုစာလွှာမှတ်တမ်းတင်လက်မှတ်ရေးထိုးခြင်း အခမ်းအနား
- ၁း၀၀ "သာသနာ့အမွေခံ" တရားတော် [ဆရာတော်ဒေါက်တာ အရှင်ပညိသရာဘိဝံသ)(ဓမ္မဒူတ)]
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၁၅)
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၅၁)
- ၃း၄၅ Miss Myanmar World 2016
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၅၂)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၁၆)
- ၈း၂၀ ရသစုံညွှန်းတမ်းများ
- ၈း၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၀၀)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ 'ဂန္ထဝင်ကုန်သည်" (အပိုင်း-၇၀)
- ၁၀း၂၀ Let's Talk
- ၁၁း၂၀ World of Knowledge (Ghost Town Gold Showdown In Silver City)
- ၃း၄၅ MRTV-4 Stage

MWD

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၀ မျိုးချစ်တပ်မတော်
- ၆း၃၅ မှတ်တမ်း
- ၆း၄၅ မြန်မာသံစဉ်ချိုနားဝင်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၇း၂၅ သင့်အတွက်တစ်နေ့တာ
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ မွေးမြူသုတ
- ၈း၃၀ DVD Hits
- ၈း၃၅ ဇာတ်လမ်းတို
- ၈း၄၅ မြဝတီနေ့စဉ်သတင်း
- ၈း၅၀ သူနှင့်သူ၏သီချင်းများ
- ၉း၀၀ စာပေအလင်းစာပေသတင်း
- ၄း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၅၅ ရှေးဟောင်းသုတ
- ၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၂၅ ပန်းကလေးများပွင့်တော့မည်
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အယ်ဒါနာ အပိုင်း(၂၁)
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၅ Meet Whith The Celebrities
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သောဧကရီ အပိုင်း(၂၆)
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -အမျိုးသားရေးတေးကဗျာ -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ရယ်စရာပျော်စရာဟာသကမ္ဘာ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -မြဝတီရုပ်မြင်သံကြားသတင်း -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အရိပ်လေး အပိုင်း(၁၈)

mitv

07:03 Am News
07:26 Mobile House
07:37 Reflected Glory
08:26 "Myanmar's Traditions and Culture" Novicehood in Myanmar
08:51 Porcelain and Glass
09:26 A Life In The Ring
09:43 Interview with Shan State Chief Minister
10:27 Myanmar Scout
07:03 Pm News
07:25 An Oasis Trip to Mt. Popa
07:53 The Pride of Myanmar "Traditional Handicraft"
08:26 Myanmar Traditional Identity (EP- 2) Myanmar Chinthe (Myanmar Lion)
08:41 Sightseeing in Yangon: Inya Lake

သမိုင်းဝင်မယ့် အောင်မြင်မှုကို ရယူနိုင်ခဲ့တဲ့ လက်စတာ

စပါးအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ပြီးနောက် လက်စတာအသင်းဟာ ဒုတိယနေရာမှ စပါးအသင်းကို ခုနစ်မှတ်ဖြတ်ပြီး ပရီမီယာလိဂ် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပါပြီ။ လက်စတာအသင်းကို ထိုင်းဘီလျံနာသူဌေး ဗီချိုင်းဆရီဗက်ဟားနားပရာဟာ ဝယ်ယူပြီးနောက် ပထမဦးဆုံးအကြိမ် ချန်ပီယံဖြစ်ခဲ့တာဖြစ်သလို ချန်ပီယံလိဂ်ဝင်ခွင့် ပထမဆုံးအကြိမ် ရရှိခဲ့တာလည်းဖြစ်ပါတယ်။ လက်စတာအသင်း ဒီနှစ်ဘောလုံးရာသီမှာ စွမ်းဆောင်ပြခဲ့တာမျိုးကို ၁၉၉၅ ခုနှစ်မှာ ဘလက်ဘန်းအသင်းက တစ်ကြိမ်လုပ်ပြနိုင်ခဲ့ပါတယ်။ အဲဒီနောက် ပရီမီယာလိဂ် ချန်ပီယံဆုကို မန်ယူ၊ အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်စီးတီးတို့ကသာ ရယူနိုင်ခဲ့ပြီး ဘယ်အသင်း ကမှ တစ်ကြိမ် တစ်ခါတောင် ကြားဖြတ်ရယူနိုင်ခြင်းမရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဒီလိုဆိုတော့ ဘောလုံးလောက အောင်မြင်မှုက ဘဏ္ဍာရေး အင်အားတောင့်တင်းမှုနဲ့ တိုက်ရိုက် အချိုးကျပြီး ချယ်လ်ဆီး၊ မန်စီးတီးတို့ရဲ့ အောင်မြင်မှုဟာ ဘဏ္ဍာရေး တောင့်တင်းမှုကြောင့်သာဖြစ်တည်လာတဲ့ ငွေကြေးအခြေတည် အောင်မြင်မှုဖြစ်ပါတယ်။

ဒါကြောင့် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ် ၂၀၀၃ ခုနှစ်မှာ ပရီမီယာလိဂ် ဘောလုံးလောကကို ဝင်ရောက်လာပြီးနောက်ပိုင်း အာဆင်နယ်တောင် တစ်ကြိမ်သာ ပရီမီယာလိဂ်ချန်ပီယံဖြစ်နိုင်ခဲ့ပြီး မန်ယူက ငါးကြိမ်ချန်ပီယံဖြစ်ခဲ့ပါတယ်။ အဲဒီနောက် မန်စီးတီးအသင်းကို အဘူဒါဘီရေနံသူဌေးရှိတ်မန်ဆော် ဝယ်ယူခဲ့ပြီးနောက်မှာ ပရီမီယာလိဂ်မှာ အရင်က ထိပ်ဆုံး လေးသင်းကို ဝင်ရောက်နိုင်ခဲ့တဲ့ လီဗာပူး၊ နယူးကာဆယ်၊ လိဒ်ယူနိုက်တက်တို့ရဲ့ အခန်းကဏ္ဍလည်း မှေးမှိန်သွားခဲ့ပြီး ထိပ်ဆုံးလေးနေရာကို မန်ယူ၊ မန်စီးတီး၊ အာဆင်နယ်နဲ့ ချယ်လ်ဆီးတို့ကသာ နှစ်စဉ်နှစ်တိုင်းလိုလို လွှမ်းမိုးလာခဲ့တာကို တွေ့ကြရမှာ ဖြစ်ပါတယ်။

မန်ယူအသင်းကတော့ ဖာဂူဆန် ထွက်ခွာသွားပြီးနောက်ပိုင်းထိပ်ဆုံး လေးသင်း ဝင်ရောက်ဖို့တောင် ရုန်းကန်ခဲ့ရပြီး မန်ယူ၊ အာဆင်နယ်၊ လီဗာပူး၊ မန်စီးတီး၊ ချယ်လ်ဆီး၊ စပါးစတဲ့ အသင်းခြောက်သင်းလောက်က ချန်ပီယံလိဂ် ဝင်ခွင့် (ထိပ်ဆုံးလေးနေရာ)အတွက် ယှဉ်ပြိုင်လာခဲ့ရပါတယ်။ ဒါပေမယ့် ဒီနှစ်မှာတော့ အရင် ဆယ်စုနှစ်နှစ်ခုကြာရှိခဲ့တဲ့ အစဉ်အလာတစ်ရပ်ဟာ မထင်မှတ်ဘဲ သွေဖည်သွားခဲ့ပြီး ချယ်လ်ဆီးက ဥရောပဝင်ခွင့်ရဖို့မဖြစ်နိုင်တော့သလို၊ မန်စီးတီး၊ အာဆင်နယ်၊ မန်ယူတို့ဟာ အရင်က မထင်မရှားဖြစ်ခဲ့တဲ့ စပါး၊ လက်စတာတို့နောက် ရောက်ရှိခဲ့ပြီး လက်စတာအသင်းဟာ အမှတ်ပေး ဇယားထိပ်ကို ခြေချော်မှုမရှိဘဲ ချန်ပီယံဖြစ်ခဲ့တာကို တွေ့ရပါတယ်။

အသင်းကြီးတွေအားလုံးဟာ လက်စတာရဲ့ ခြေချော်မှုကို စောင့်နေခဲ့ပေမယ့် စပါး၊ မန်စီးတီး၊ လီဗာပူးတို့ကို အနိုင်ယူပြခဲ့တာ၊ ဗာဒီပွဲပယ်ပြစ်ဒဏ်ကျခံနေရစဉ်မှာ အသင်းကစားပုံ ပိုတောင်ကောင်းလာခဲ့တာက လက်စတာကို ဘယ်အသင်းမှ ရပ်တန့်လို့ မရနိုင်တော့ဘူးဆိုတဲ့ အဖြေကိုသာ ထွက်ပေါ်စေပါတယ်။ အသင်းကြီးတွေထဲမှာ အာဆင်နယ်တစ်သင်းပဲ လက်စတာကို နှစ်ကျော့လုံး အနိုင်ယူခဲ့ပြီး ကျန်အသင်းတွေက ဘာဆိုဘာမျှ ထိထိရောက်ရောက်မစွမ်း ပြနိုင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီရာသီမှ လက်စတာကို စတင်ကိုင်တွယ်တဲ့ ရာနီရေရီဟာ ကလပ်အသင်းကို အခုလောက်အထိ အောင်မြင်လာဖို့ မမျှော်လင့်ခဲ့ဘဲ ဇန်နဝါရီပွဲကြပ်ကာလ မတိုင်မီရမှတ် ၄၀ လောက်ရလာချိန်မှသာ ပရိသတ်တွေက လက်စတာရဲ့ အခြေအနေကို စိတ်ဝင်တစားနဲ့ စောင့်ကြည့်လာတာဖြစ်ပါတယ်။ ဒါပေမယ့် ဇန်နဝါရီ ပွဲကြပ်ကာလမှာ အာဆင်နယ်သာ ခြေချော်သွားပြီး လက်စတာကတော့ ဖြည်းဖြည်းနဲ့ မှန်မှန်ခရီးဆက်နိုင်ခဲ့လို့ အားလုံးက အံ့အားသင့်ခဲ့ကြရပါတယ်။ လက်စတာဟာ လီဗာပူး၊ မန်စီးတီးတို့ကို ဆက်တိုက်ရင်ဆိုင်ခဲ့ရပေမယ့် အသင်းရဲ့ ရလဒ်ပိုင်းကို အကောင်းဆုံး အခြေအနေတစ်ရပ်မှာ ဆက်လက်ထိန်းထားနိုင်ခဲ့တာကို တွေ့ကြရပါတယ်။

အောင်ပွဲတွေကြောင့် ပျော်ရွှင်နေတဲ့ လက်စတာနည်းပြ ရာနီရေရီကတော့ ဒီနှစ်ဘောလုံးရာသီမှာ ဖြစ်ပျက်ခဲ့တဲ့ လက်စတာရဲ့ အောင်မြင်မှု အခြေအနေဟာ တစ်သက်မှာ တစ်ခါလောက်ပဲ ကြုံတွေ့နိုင်တဲ့ အနေအထား ဖြစ်ပါတယ်။ နောက်လာမယ့်ရာသီမှာတော့ မန်ယူ၊ ချယ်လ်ဆီး၊ အာဆင်နယ်နဲ့ မန်စီးတီးတို့သာ ထိပ်ဆုံးလေးနေရာကို ရယူနိုင်ကြပါလိမ့်မယ်။ အခုတော့ ဟောလိဝုဒ်ရုပ်ရှင်တွေလိုပါပဲ။ ပျော်ရွှင်မှုတွေနဲ့ အဆုံးသတ်သွားဖို့ပဲ မျှော်လင့်ပါတယ်လို့ မန်ယူနဲ့ ပွဲမတိုင်မီက ပြောကြားခဲ့ပါတယ်။

လက်စတာရဲ့ အောင်မြင်မှုဟာ ကျန်ပရီမီယာလိဂ်အသင်းငယ်လေးအတွက် မျှော်လင့်ချက်ကို အရောင်တောက်စေခဲ့ပြီး ယခုလို အောင်မြင်မှု ရယူနိုင်ခဲ့တဲ့ ဆရာဟောင်း ရာနီရေရီအတွက်လည်း ဂုဏ်ယူမိပါတယ်လို့ ချယ်လ်ဆီးအသင်း ခေါင်းဆောင် ဂျွန်တယ်ရီက ဆိုပါတယ်။ တကယ်တော့ လက်စတာအသင်းကို ဘယ်သူကမှတောင် ချန်ပီယံဖြစ်မယ်လို့ မမျှော်လင့်ကြတာက ဘဏ္ဍာရေးတောင့်တင်းမှု မရှိသလို ရာနီရေရီရဲ့ အဆင့်မြင့်အမှတ်ပေး ပြိုင်ပွဲတွေမှာ ချန်ပီယံဆု တစ်ကြိမ်တစ်ခါမျှ ရယူနိုင်ခြင်းမရှိတဲ့ မှတ်တမ်းတွေကြောင့် ဖြစ်ပါတယ်။

ရာနီရေရီဟာ ချယ်လ်ဆီး၊ ဂျူဗင်တပ်၊ အင်တာမီလန်၊ အက်သလက်တီကို၊ မိုနာကိုစတဲ့ အသင်းကြီးတွေကို ကိုင်တွယ်ခဲ့ဖူးပေမယ့် အမြင့်ဆုံးအဆင့်အဖြစ် ဒုတိယနေရာနဲ့သာ ကျေနပ်ခဲ့ရပြီး အကောင်းဆုံး ဒုတိယသမားအဖြစ်သာ ကျေနပ်ခဲ့ရသူဖြစ်ပါတယ်။ ဒါ့အပြင် ရာနီရေရီဟာ လွန်ခဲ့တဲ့ တစ်နှစ်ခွဲကာလက ဂရိလက်ရွေးစင်အသင်းကို ကိုင်တွယ်ခဲ့ချိန်မှာ ဖာရိုးကျွန်းစုလို အသင်းငယ်လေးကိုတောင် ရှုံးနိမ့်ခဲ့တာကြောင့် ရာထူးကနေ ထုတ်ပယ်ခံခဲ့ရသူဖြစ်ပါတယ်။ ဒါ့ကြောင့် ရာနီရေရီကတော့ အခုအောင်မြင်မှုဟာ ဂရိမှာ ကြုံတွေ့ခဲ့ရတဲ့ မှတ်တမ်းဆိုးအတွက် လျော်ကြေးရတဲ့ဆုဖြစ်တယ်လို့ ချယ်လ်ဆီးနဲ့ စပါးအသင်းတို့ သရေကျခဲ့တဲ့ ပွဲစဉ်အပြီးမှာ ပြောကြားခဲ့တာ ဖြစ်ပါတယ်။

လက်စတာအသင်းဟာ အခုလို ချန်ပီယံဆုရရှိခဲ့တဲ့အတွက် ဆုကြေးငွေပေါင်သန်း ၁၅၀ ရရှိခဲ့ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရရှိတဲ့အတွက် ဝင်ငွေတွေ ဆက်လက်ရရှိလာမှာဖြစ်သလို လက်မှတ်ရောင်းချမှုနဲ့ ကလပ်အသင်းရဲ့ အမှတ်တံဆိပ်တန်ဖိုးမြင့်တက်လာမှုတွေကလည်း ဝင်ငွေတွေ ထပ်ဆောင်းရရှိဦးမှာဖြစ်တယ်လို့ ရီပူကွန်ဈေးကွက်ဆန်းစစ်ရေးအဖွဲ့အစည်းက ထုတ်ပြန်ကြေညာခဲ့ပါတယ်။ လောလောဆယ် အနေအထားအရ လက်စတာအသင်းဟာ ပြည်တွင်း မြို့ခံပရိသတ်အင်အားထက် ပြည်ပပရိသတ်အင်အား အဆမတန် များပြားလာကာ ဖေ့ဘွတ်ခ်၊ အင်စတာဂရမ်လို လူမှုကွန်ရက်စာမျက်နှာတွေမှာ ကလပ်အသင်းရဲ့ အောင်မြင်မှုကို ချီးကျူးရေးသားထားတဲ့ စာသားတွေ၊ ဓာတ်ပုံတွေဟာ ပလူပျံလို့နေပါတယ်။

လက်စတာအသင်းရဲ့ အောင်မြင်မှုဟာ ၂၀၀၄ ခုနှစ် စပိန်လာလီဂါမှာ အက်သလက်တီကို မထင်မှတ်ဘဲ ချန်ပီယံဖြစ်ခဲ့တဲ့အနေအထားထက် အဆများစွာ ပရိသတ်တွေကို အံ့အားသင့်စရာ အခြေအနေဖန်တီးပေးခဲ့ပါတယ်။ ပွဲထွက်ကစားသမား ၁၁ ယောက်စာရင်းအတွက် လက်စတာ အသုံးပြုတဲ့ တန်ဖိုးဟာ ပေါင် ၂၂ သန်းသာ ရှိခဲ့တဲ့အတွက် ဒါဟာမန်စီးတီးရဲ့ ပွဲထွက်စာရင်းအတွက် အသုံးပြုတဲ့ ပေါင်၂၈၁ သန်းရဲ့ ဆယ်ပုံတစ်ပုံတောင် မရှိဘူးလို့ တွက်ဆရမှာဖြစ်ပါတယ်။ ပရီမီယာလိဂ် ချန်ပီယံဆုအတွက် ပထမပွဲထွက်ကစားသမား ၁၁ ယောက်အတွက် ပေါင်သန်း ၂၀၀မှ ၃၀၀ ကြား အသုံးပြုနေတဲ့ ပရီမီယာလိဂ်အသင်းကြီးတွေ ပြိုင်ဆိုင်နေတဲ့ကြားကပဲ လက်စတာလို အသင်းငယ်လေးက ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့တဲ့ ကိစ္စဟာ သမိုင်းဝင်တဲ့ အောင်မြင်မှုဖြစ်တယ်ဆိုတာ ချွင်းချက်မရှိလက်ခံသင့်တဲ့ ဖြစ်စဉ်ပဲ ဖြစ်ပါတော့တယ်။

မေလှဲ့သင်း
ရေးသားသည်

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ(ဦးဇော်ဝင်း)+(ဒေါ်စန်းစန်းမြင့်)တို့၏သားကြီး
မောင်ဟိန်းထွဋ်ဇော် B.Tech (Mechatronics)၏အစ်ကို
ဗိုလ်ကြီးပြည့်ဖြိုးဇော် B.C.Sc (DSA)
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဗိုလ်မှူးကြီးမျိုးမြင့်(ငြိမ်း)၊ မန်နေဂျင်းဒါရိုက်တာ၊ ဇမ္ဗူလသယ်ယူပို့ဆောင်ရေးကုမ္ပဏီ(မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်) + ဒေါ်ခင်ဌေးဌေး တို့၏သမီးငယ်
မနှင်းနီလာမျိုး Section Head (Editing Department), Forever Group Co.,Ltd. ၏ ညီမ
မနှင်းသန္တာမျိုး B.C.Sc (UCSY)
Diploma In Computer Art, Senior Editor (Editing Department), Forever Group Co.,Ltd.

တို့၏ (၂၉. ၄. ၂၀၁၆)ရက်နေ့ ရန်ကုန်မြို့ အင်းလျားကန်ဖျားကျောင်းတိုက်၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဦးဆွမ်းကပ်နှင့် မင်္ဂလာမော်ကွန်းတင်အခမ်းအနားတွင် လက်မှတ်ရေးထိုးပေးကြပါသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ လ/ထညွှန်ကြားရေးမှူး Dr.ခိုင်ခိုင်လေးနှင့် အသိသက်သေ ဦးအောင်ကျော်မင်း၊ ဒေါ်နှင်းဝတ်မှုံတို့အားလည်းကောင်း၊ (၁. ၅. ၂၀၁၆)ရက်နေ့ ရန်ကုန်မြို့ NOVOTEL Yangon Max Hotel ၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးနှင့်ဇနီး ဒေါ်ကြူကြူစိုး၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော Director & Co-Founder,Forever Group Co.,Ltd မှ ဦးခင်မောင်ဌေးနှင့်ဇနီး ဒေါ်သီတာလှိုင်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့တက်ရောက်ချီးမြှင့်ပေးပါသော စစ်ဘက်၊ နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော ရုပ်ရှင်သရုပ်ဆောင်အဆိုတော် ဒေါ်ချိုပြုံး၊ မင်္ဂလာတေးသံသာများနှင့် ဖျော်ဖြေပေးပါသော တေးသံရှင်များနှင့် The Tree Music Band တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော ညီမငယ် မယမင်းသန့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဗန်းကိုင်ဆောင်ပေးပါသော ညီမငယ် မမြင့်စံပယ်၊ မင်္ဂလာလက်စွပ် ဗန်းကိုင်ဆောင်ပေးပါသော ညီမငယ် မခင်စန္ဒီအောင်၊ မင်္ဂလာသတို့သားအရံ ဗိုလ်ကြီးမောင်ဖြိုးနှင့် ဗိုလ်ကြီးကျော်မင်းထွန်း၊ မင်္ဂလာသတို့သမီးအရံ မအေးမင်းသန့်နှင့် မအေးပွင့်ဖြူနိုင်၊ မင်္ဂလာဝတ်စုံ၊ လက်ဝတ်ရတနာ၊ မိတ်ကပ်ဆံပင်အလှပြင်၊ ဓါတ်ပုံနှင့်ဗီဒီယို၊ ပန်းအလှဆင်များ ဆောင်ရွက်ပေးပါသော Aroma Zulu Studio၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော လက်ရွေးစင်ပုံနှိပ်တိုက်၊ ဧည့်ခံကျွေးမွေးရေး NOVOTEL Yangon Max Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအား အစစအရာရာအဆင်ပြေချောမွေ့အောင် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးခဲ့ကြသော နှစ်ဖက်သောဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ ဇမ္ဗူလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်မှ အရာထမ်း၊ အမှုထမ်းများ၊ တေဇ(၁)သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံးကို လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးပြည့်ဖြိုးဇော်+မနှင်းသန္တာမျိုး

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဇော်မိုး (၇/ပခန(နိုင်)၂၄၂၆၅၈)၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပါရန်။ **ဖုန်း-၀၉၇၈၀၉၅၉၈၈၃**

တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသား လေးဦးကို လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မေ ၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ကောင်းမှုတုံရပ်ကွက် ငွေဆင်အိမ်ရာ၊ တရုတ်-မြန်မာနယ်စပ် မိုင်တိုင်အမှတ်(၈၃)နှင့် (၈၄/၂) ကြား မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်လာသော တရုတ်နိုင်ငံသား လေးဦးကို လက်နက်ခဲယမ်း များနှင့်အတူ မေ ၂ ရက် မွန်းလွဲ ၁ နာရီခန့်က ဖမ်းဆီးရမိခဲ့ကြောင်း ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖမ်းဆီးရမိသော တရုတ်နိုင်ငံသားလေးဦးမှာ စီချွမ်းပြည်နယ် နေသူများဖြစ်သည့် ဝမ်ဆို့ချန်(၄၄)နှစ်၊ ကျန်းကျင်(၃၀)နှစ်၊ လျိုခွမ်(၂၅)နှစ်နှင့် ချိန်ကျားတုံး(၂၅)နှစ်တို့ဖြစ်ပြီး ၎င်းတို့နှင့်အတူ ၉ မမ ပစ္စတိုလေးလက်၊ ကျည်အိမ်ငါးခု၊ ၎င်းကျည် အတောင့် ၄၀၊ ပွိုင့် ၃၈ ပစ္စတိုတစ်လက်၊ ကျည်အိမ်တစ်ခု၊ ၎င်းကျည် ရှစ်တောင့်တို့ကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါအဖွဲ့ကို နှစ်နိုင်ငံနယ်စပ်ရှိ ကိုင်းတောအနီး မသင်္ကာဖွယ်တွေ့ရှိကြောင်း သတင်းအရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြို့မ ပြည်သူ့စစ်အဖွဲ့တို့က ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

၎င်းတို့လေးဦးသည် ကျယ်ဂေါင်မြို့ရှိ လောင်းကစားရုံများသို့ လာရောက်ခြင်းဖြစ်ပြီး ကျယ်ဂေါင်တွင် လောင်းကစားရုံများ မရှိသည့်အတွက် တရုတ်နိုင်ငံအတွင်းသို့ ပြန်ဝင်ရန်ကြိုးစားစဉ် ရဲတပ်ဖွဲ့က ဖမ်းဆီးရမိခြင်းဖြစ်ကြောင်း ပြည်နယ်ဒုတိယ ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အဆိုပါ တရုတ်နိုင်ငံသားလေးဦးအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဘိန်းစိမ်းနှင့် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မေ ၃

ပင်လုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၁ ရက်က ပင်လုံမြို့ ဆဟောင်းကျေးရွာအုပ်စု ကောင်းကန်ကျေးရွာနေ ခွန်တမောင်း၏နေအိမ်ရှေ့ လမ်းမပေါ်တွင် တွေ့ရှိသူ တဆန့်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ သိမ်းဆည်းရမိပြီး နေအိမ်ကိုဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၉ ပြား နှင့် ဘိန်းစိမ်း ၈၁ ဒသမ ၆၅ ဂရမ် တို့ကိုလည်းကောင်း၊ အလားတူ ယင်းနေ့က မူးယစ်တပ်ဖွဲ့စု(၄၀)ရန်ကုန်(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၉)ရပ်ကွက် လှော်ကားလမ်းရှိ အမှတ်တရ စားသောက်ဆိုင်သို့ ရောက်ရှိလာသူ မျိုးဦးဇော်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် (၈၉)အနီး ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

ကျောက်တံခါး မေ ၃

ပဲခူးတိုင်းဒေသကြီးကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းအပိုင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမိုင်တိုင်(၈၈/၇)နှင့် (၈၉/၀) အကြားတွင် ယနေ့ နံနက် ၇ နာရီခွဲခန့်က ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်ကြောင်း သတင်းအရ မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူးဒု-ရဲမှူးထွန်းထွန်းဦး၊ တာဝန်မှူး ရဲအုပ်ရဲစိုးနှင့် တပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးရာ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ပြည်ကြီးတံခွန်မြို့နယ် မြဝတီမင်းကြီးလမ်းနေ မောင်မောင်မြင့်လွင်(၃၅)နှစ် မောင်းနှင်လာသော 3H/----- NISSAN WING ROAD အမျိုးအစားခဲရောင်ယာဉ်သည် ရှေ့ဝဲဘက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ ကွန်ကရစ်တုံးများအား ဝင်ရောက်တိုက်မိပြီး လမ်းလယ်ကျွန်းပေါ် ရောက်ရှိကာ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်မောင်းနှင့်ယာဉ်ပေါ်ပါသူတစ်ဦးတို့မှာ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိသော်လည်း ယာဉ်မှာ ရှေ့နောက်ဝဲယာဘီးများပေါက်ပြဲပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ မောင်မောင်မြင့်လွင်အား မြို့ချောင်းအမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၃

ရန်ကုန်(ရွှေဈေး) ၇၉၃၀၀၀ - ၇၉၃၀၀၀ မန္တလေး(ရွှေဈေး) ၇၉၃၀၀၀ - ၇၉၃၀၀၀

စက်သုံးဆီဈေးနှုန်း

			ရန်ကုန်	မန္တလေး
(က)	ဒီဇယ်	တစ်လီတာ	၄၇၀/၅၀၀ ကျပ်၊	၅၁၀/၅၃၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၆၃၀/၆၅၀ ကျပ်၊	၇၃၀/၇၄၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၅၃၀/၅၅၀ ကျပ်၊	၆၀၀/၆၁၀ ကျပ်
(ဃ)	အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၁၀/၅၄၀ ကျပ်၊	၅၆၀/၅၈၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၄၄၁ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၈၅ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၈၅ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	=	၁၁၇၀. ၀
(ခ)	ဥရောပ	တစ်ယူရို	=	၁၃၄၉. ၄
(ဂ)	တရုတ်	တစ်ယွမ်	=	၁၈၀. ၇၂
(ဃ)	ထိုင်း	တစ်ဘတ်	=	၃၃. ၅၆၈
(င)	မလေးရှား	တစ်ရင်းဂစ်	=	၂၉၉. ၁၆
(စ)	အိန္ဒိယ	တစ်ရူပီး	=	၁၇. ၆၂၆
(ဆ)	ဂျပန်	တစ်ရာယန်း	=	၁၁၀၂. ၆
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၀၃. ၁၁
(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	=	၈၉၈. ၁၃
(ည)	စင်ကာပူ	တစ်ဒေါ်လာ	=	၈၇၃. ၄၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

မုပ္ပလင်တွင် တရားမဝင်သယ်ဆောင်လာသော မြေတူးစက်သုံးစီးတွေ့ရှိ၍ ဖမ်းဆီးအရေးယူ

ကျိုက်ထို မေ ၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာတွင် လိုင်စင်မဲ့မောင်းနှင်လာသော ကုန်သေတ္တာတင် (ကွန်တိန်နာ) ယာဉ်အားစစ်ဆေးရာမှ ယာဉ်ပေါ်တွင် တရားမဝင်တင်ဆောင်လာသော မြေတူးစက်(ဘက်ဟိုး)သုံးစီးတွေ့ရှိရသဖြင့် မေ ၂ ရက်တွင် ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့နံနက် ၄ နာရီခွဲခန့်က သိမ်ဇရပ်နယ်မြေရဲစခန်းမှ ဒု-ရဲအုပ်အေးလွင်ဦးစီး၍ အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်စုမှ ရဲတပ်ကြပ်စန်းထွေးနှင့် ရဲတပ်ဖွဲ့ဝင်များသည် မုပ္ပလင်ကျေးရွာ စစ်တောင်းတံတားအသစ်နှင့် အဟောင်းလမ်းဆုံအနီးတွင် လိုင်စင်မဲ့ယာဉ်များအား ပိတ်ဆို့စစ်ဆေးမှုများပြုလုပ်နေစဉ် မြဝတီဘက်မှ မြဝတီမြို့ သက်နံ့ညီနောင်ကျေးရွာနေ ရဲနိုင်ထွန်း(၂၈)နှစ်မောင်းနှင်၍ ကော့ကရိတ်မြို့နေ စောဇော်ဆတ်(ခ)အငယ်ကောင် (၃၆)နှစ် သူလိုက်ပါလာသော 7K/----- NISSAN UP အမျိုးအစား ကွန်တိန်နာယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သောတရားဝင်စာရွက်စာတမ်းများ ပြသနိုင်ခြင်းမရှိသည့်အပြင် ယာဉ်ကိုစစ်ဆေးရာ၌ တရားမဝင်တင်ဆောင်လာသော KOMATSU အမျိုးအစား သုံးတန်ဘက်ဟိုးနှစ်စီးနှင့် ငါးတန်ဘက်ဟိုးတစ်စီးတို့အား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ ဘက်ဟိုးသုံးစီးအား စောဇော်ဆတ်က ရန်ကုန်သို့ပို့ရန်သယ်ဆောင်လာခြင်းဖြစ်ကြောင်း သိရသဖြင့် ရဲနိုင်ထွန်းနှင့် စောဇော်ဆတ်(ခ) အငယ်ကောင်တို့အား သိမ်ဇရပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲခေါင်ဦး)

ရန်ကုန်-မန္တလေးအမြန်လမ်းတွင် AD VAN တိမ်းမှောက်၊ အမျိုးသားနှစ်ဦးသေဆုံး

နေပြည်တော် မေ ၃

ရန်ကုန်- မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ် (၁၂၂/၆)နှင့် (၁၂၂/၇)အကြား၌ နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသော ယာဉ်အမှတ် 7J /---- AD VAN (အဖြူရောင်) မော်တော်ယာဉ် (လိုင်စင်စိစစ်ဆဲ) သည် မေ ၂ ရက် ည ၁၂ နာရီ မိနစ် ၂၀ တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ဘာရီယာတုံးကို တိုက်ပြီးနောက် လမ်းမပေါ်၌ တိမ်းမှောက်ကာ မီးလောင်ကျွမ်းခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာသို့ ဗောဓိကုန်းအမြန်လမ်းမကြီး ရဲစခန်း၊ ဖြူးအမြန်လမ်းမကြီးရဲစခန်းနှင့် အမြန်လမ်း မီးသတ်တပ်ဖွဲ့တို့မှ တာဝန်ရှိသူများ ရောက်ရှိကြပြီး မီးငြိမ်းသတ်ခဲ့ကြသည်။ အဆိုပါ ယာဉ်အတွင်း၌ အမျိုးသားနှစ်ဦး မီးလောင်ကျွမ်းသေဆုံးနေသည်ကိုတွေ့ရပြီး တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် အုတ်တွင်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ယာဉ်တိမ်းမှောက်မှုနှင့်ပတ်သက်၍ အခင်းဖြစ်ရပ်ကို စစ်ဆေးခြင်း၊ သေဆုံးသူနှစ်ဦး၏ အမည်၊ နေရပ်တို့အား စုံစမ်းဖော်ထုတ်ခြင်းတို့ကို ဗောဓိကုန်းအမြန်လမ်းမကြီးရဲစခန်းမှ တာဝန်ရှိသူများက ဆက်လက်စုံစမ်းမှုများဆောင်ရွက်စဉ် သေဆုံးသူ ယာဉ်မောင်း၏ဇနီးဖြစ်သူ တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက် မိဂသီလမ်းအမှတ် (၁၈၈)နေ ဒေါ်ချိုချိုနွယ်က အုတ်တွင်းပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိလာသဖြင့် တာဝန်ရှိသူများက မေးမြန်းခဲ့ရာ ယာဉ်မောင်းမှာ ၎င်း၏ခင်ပွန်း ဦးအောင်မျိုးနိုင်ဖြစ်ပြီး ယာဉ်ပေါ်ပါလာသူမှာ တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက် (၂၁)လမ်း အမှတ် (၁၆၆/ခ)နေသူ ဦးအောင်ဖြိုးခိုင်ဖြစ်ကြောင်း သိရသည်။

အမြန်လမ်းတွင် ခရီးသွားယာဉ်မောင်းများအနေဖြင့် မိမိတို့မောင်းနှင်မည့် ယာဉ်အားကြံ့ခိုင်မှုစစ်ဆေးပြီးမှသာ ထွက်ခွာရန်၊ သတ်မှတ်နှုန်းထားအတိုင်းမောင်းနှင်ရန်၊ အမြန်လမ်းတစ်လျှောက် သတိပေးဆိုင်းဘုတ်များကို သတိထားကြည့်ရှုမောင်းနှင်ရန်နှင့် အိပ်မငိုက်စေရန် အထူးသတိထားရမည်ဖြစ်သည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်သွားလာမှုစတင်ခွင့်ပြုချိန်မှ ခုနစ်နှစ်အတွင်း ယာဉ်မတော်တဆမှုကြောင့် ခရီးသွားပြည်သူ ၆၀၀ ကျော် သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၃၀၀၀ ကျော် ရှိကြောင်းသိရသည်။

သို့ပါ၍ အမြန်လမ်းမကြီးတွင် မောင်းနှင်သွားလာနေကြသော ယာဉ်များအနေဖြင့် တစ်နေ့တာ မိမိတို့လိုရာခရီးကို အဆင်ပြေချောမွေ့စွာသွားရောက်နိုင်ရေးအတွက် သတိ၊ အသိဖြင့်ယှဉ်၍ စိတ်ရှည်သည်းခံမောင်းနှင်ကြပါရန် တိုက်တွန်းအပ်ပါသည်။

(ညီညီသန်း)

သတင်းအရ စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှုများ ဖော်ထုတ်နိုင်သဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိ

နေပြည်တော် မေ ၃

မန္တလေးတိုင်းဒေသကြီး တိုင်းရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက မပေါ်ပေါက်သေးသည့်အမှုများအား ကူညီဖော်ထုတ်ရန် နယ်မြေအတွင်း မေ ၁ ရက် ည ၆ နာရီက သတင်းစုံစမ်းနေစဉ် မဟာအောင်မြေမြို့နယ် (၄၁)လမ်း ကမ်းနားလမ်းဘေးအရောက် ခိုးမှုကျူးလွန်ထားကြောင်း သတင်းရရှိထားသည့် အောင်မြေသာစံမြို့နယ် (၁၉)လမ်း တာရိုးနေ ဖြိုးမောင်(၁၈)နှစ်နှင့် တစ်ရပ်တည်းနေ ဇော်မင်းထွန်း (ခ)ရှမ်းလေး (ခ)ကျော်ဟိန်း(၁၈)နှစ်တို့အား တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့နှစ်ဦးသည် မတ် ၁ ရက် နံနက် ၃ နာရီခန့်က အောင်မြေသာစံမြို့နယ် အမရဌာနီ အရှေ့ရပ်ကွက်ရှိ နေအိမ်တစ်အိမ်ရှေ့တွင်ရပ်ထားသော FOLLOWME CZI-125 ခဲနက်ရောင် ဆိုင်ကယ်အား ခိုးယူခဲ့ကြောင်း စစ်ဆေးသိရှိရ၍ သက်သေခံဆိုင်ကယ်သိမ်းဆည်းပြီး ဇော်မင်းထွန်း (ခ)ရှမ်းလေး(ခ)ကျော်ဟိန်းနှင့် ဖြိုးမောင်တို့အား အောင်မြေသာစံမြို့နယ် အမှတ်(၄) နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

ဗေဒယျာရွှေမြေကလပ် နွေရာသီ ဘောလုံးအဆင့်မြင့် သင်တန်းဆင်းပွဲ ကျင်းပ

မုံရွာ မေ ၃

စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ဗေဒယျာရွှေမြေကလပ်မှ ဦးစီးပြီးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဘောလုံးဝါသနာရှင်လူငယ်များကို ဖွင့်လှစ်သင်ကြားပေးခဲ့သော နွေရာသီဘောလုံးအဆင့်မြင့်သင်တန်း ဆင်းပွဲကို ဧပြီ ၃၀ ရက် ညနေ ၃ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဗေဒယျာရွှေမြေဘောလုံးကွင်းအတွင်း ကျင်းပခဲ့ကြောင်း သိရသည်။

နွေရာသီ ဘောလုံးအဆင့်မြင့် သင်တန်းကို ဦးအောင်ဒင်ဦးဆောင်သည့် အဖွဲ့ဝင် ကိုးဦးပါ နည်းပြအဖွဲ့မှ ဧပြီ ၁ ရက်မှ ၃၀ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ၈ နာရီခွဲအထိ မုံရွာမြို့ဗေဒယျာရွှေမြေ ဘောလုံးကွင်းအတွင်း စာတွေ့၊ လက်တွေ့သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ဗေဒယျာရွှေမြေကလပ်မှ ဦးစီးဖွင့်လှစ်သော နွေရာသီဘောလုံး အဆင့်မြင့်သင်တန်းသို့ တိုင်ဒေသကြီးအတွင်းရှိ မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများ၊ ဘောလုံးဝါသနာရှင် အမျိုးသားလူငယ် ၁၃၂ ဦး၊ အမျိုးသမီးလူငယ် သုံးဦး စုစုပေါင်း ၁၃၅ ဦး တက်ရောက်အောင်မြင်ခဲ့ရာ သင်တန်းသင်တန်းသား/သူများကို နည်းပြများက သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲအပြီးတွင် ဗေဒယျာရွှေမြေ ဘောလုံးကွင်းတွင် အဆင့်မြင့်သင်တန်းနည်းပြအဖွဲ့နှင့် သင်တန်းသားများနှင့် လည်းကောင်း၊ အဆင့်မြင့်သင်တန်းနည်းပြအဖွဲ့နှင့် မုံရွာမြို့ ဘုန်းစိုးရပ်ကွက်လူငယ်အသင်းတို့နှင့် ခြေစမ်းကစားခဲ့ကြောင်း သိရသည်။ **(ဖိုးချမ်း-မုံရွာ)**

စဥ့်ကိုင်မြို့နယ်တွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး ဂါလန် ၃၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်

စဥ့်ကိုင် မေ ၃

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မွမ်းမံရန်ပုံငွေကျပ် ၄ ဒသမ ၅ သန်းဖြင့် စဥ့်ကိုင်မြို့နယ် မြို့ဝန်ကုန်းကျေးရွာအုပ်စု မြို့ဝန်ကုန်းကျေးရွာတွင် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိရေးအတွက် တွင်းကျယ်မှ မော်တာဖြင့်တစ်ဆင့် ရေတင်၍ရေပေးဝေရန် ဂါလန် ၃၀၀၀ ဆံ့ ရေလှောင်ကန်ကို မေ ၂ ရက် နံနက် ၉နာရီက တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါရေလှောင်ကန် တည်ဆောက်ခြင်းအား ရက်၁၀၀အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးပါက ရေကန်အနီးပတ်ဝန်းကျင်ရှိ ရပ်ကွက်၊ ကျေးရွာများဖြစ်သောမြို့သစ်ရပ်ကွက်၊ သင်္ဂတုံကျေးရွာ၊ မြို့ဝန်ကုန်းကျေးရွာတို့ရှိ အိမ်ခြေ ၅၂၉ လုံးမှ လူဦးရေ ၂၉၃၂ ဦးအတွက် သောက်သုံးရေ အလွယ်တကူသုံးစွဲနိုင်မည့်အပြင် မြို့ဝန်ကုန်းကျေးရွာအတွင်းသို့ ရေပိုက်လိုင်းများဖြင့် စနစ်တကျသွယ်တန်းပြီးလွယ်လင့်တကူ သန့်ရှင်းသော သောက်သုံးရေများသုံးစွဲနိုင်ရန် ရည်ရွယ်၍ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း စဥ့်ကိုင်မြို့နယ် ကျေးလတ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်းက ပြောသည်။ **တင်တင်ထွေး(စဥ့်ကိုင်)**

ကျောက်ပန်းတောင်းမြို့နယ် ပွေးကျစ်တောင်ရွာတွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားသဖြင့် ကွင်းဆင်းကုသခြင်းနှင့် ကာကွယ်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်

ကျောက်ပန်းတောင်း မေ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပွေးကျစ်ကျေးရွာအုပ်စု ပွေးကျစ်တောင်ရွာတွင် မေ ၁ ရက်က ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားသဖြင့် ပွေးကျစ်တိုက်နယ်ဆေးရုံ ဆေးခန်းသို့ လာရောက်ပြသ ကုသမှုခံယူသူ လူနာစုစုပေါင်း ၄၀ ရှိကြောင်း သိရသည်။

အဆိုပါ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ပွားရသည့် အကြောင်းရင်းမှာ ဧပြီ ၂၇ ရက်တွင် ဒေါ်စန်းရီ(သီလရှင်)မှ သရက်သီးမှည့်နှင့် ကြက်ဟင်းခါးသီးကြော်စားပြီး နောက်နေ့တွင် ဗိုက်နာလာ၍ ဝမ်းများစတင်သွားခဲ့သည်။ ယင်းနောက် အဆိုပါ ဝမ်းသွားထားသည့် အဝတ်အစားများကို အများသုံးရေတွင်းတွင် သွားရောက်လျှော်ဖွတ်ခဲ့ကြောင်း သိရသည်။

ယင်းရေတွင်းမှ စတင်၍ အခြားရွာသူ၊ ရွာသားများကို ကူးစက်ခဲ့ခြင်းဖြစ်ကာ၊ ဧပြီ ၂၉ ရက်က လူနာခြောက်ဦးသည် ပွေးကျစ်တောင်ကျေးရွာရှိ အရန်သားဖွားဆရာမထံ ပြသခဲ့ပြီး ဧပြီ ၃၀ ရက် ညနေပိုင်းတွင် အဆိုပါ လူနာ ခြောက်ဦးအား တိုက်နယ် ဆရာဝန်ထံ လွှဲပြောင်းကုသစေခဲ့ကြောင်းလည်း သိရသည်။

ဆက်လက်၍ မေ ၁ ရက်တွင်လူနာ ၄၀ ဦး တိုက်နယ်ဆေးခန်းသို့ လာရောက်ပြသကုသမှုခံယူခဲ့ကြခြင်းဖြစ်ကြောင်း သိရပြီး လူနာများမှာ ဝမ်းပျက်ဝမ်းလျောဖြစ်ပွားသော်လည်း သွေးပေါင်ကျခြင်း၊ ဖျားနာခြင်း မရှိကြောင်းသိရသည်။

အဆိုပါ ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားသည့် ပွေးကျစ်တောင်ကျေးရွာသို့ ပွေးကျစ်တိုက်နယ်ဆရာဝန် ခေါင်းဆောင်သော ကျန်းမာရေးဝန်ထမ်း ၁၀ ဦးတို့မှ ကွင်းဆင်းကုသမှုများပြုလုပ်ခြင်း၊ လူနာရှာဖွေခြင်း၊ ရေနမူနာ၊ ဝမ်းနမူနာယူခြင်းများနှင့် ကျေးရွာအတွင်း ထုံးဖြူးခြင်း၊ ရေတွင်းရေကန်များအား ဆေးခတ်ခြင်း၊ (retal swab) ယူခြင်း၊ ကျန်းမာရေး အသိပညာပေးဟောပြောခြင်း လုပ်ငန်းများအပြင် ယာယီဆေးခန်းဖွင့်လှစ်၍ ကုသခြင်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ခရီးသွားရာသီကုန်ဆုံးသွားပြီဖြစ်သော်လည်း ပုဂံ၊ ညောင်ဦးမြို့ပေါ်ရှိ မြင်းလှည်းများအား ငှားရမ်းစီးနင်းသူများရှိနေ

ညောင်ဦး မေ ၃

ပုဂံရှေးဟောင်း ယဥ်ကျေးမှုနယ်မြေဒေသတွင် ခရီးသွားရာသီချိန်ကုန်ဆုံးသွားသော်လည်း ပြည်ပနိုင်ငံများမှ နိုင်ငံခြားသားဧည့်သည်များ ဝင်ရောက်လည်ပတ်လျက်ရှိနေသေးကြောင်း၊ ထို့အပြင် နိုင်ငံခြားဧည့်သည်များသည် ပုဂံ-ညောင်ဦးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများသို့ လည်ပတ်ရာတွင် စိတ်အေးသက်သာစွာစီးနင်းလို့ရသည့် မြင်းလှည်းများကိုငှားရမ်း၍ လည်ပတ်ကြလေ့ရှိကြောင်းနှင့် ညနေပိုင်း၏ နေဝင်ဆည်းဆာအလှမှတ်တမ်းဓာတ်ပုံရိုက်ကူးမှုကို ပိုမိုနှစ်သက်ကြကြောင်း လောကနန္ဒာဘုရားအနီး မြင်းလှည်းအငှားလိုက်သူများက ပြောပြသည်။

"ကျွန်တော်တို့ ပုဂံရှေးဟောင်းယဥ်ကျေးမှုနယ်မြေဒေသမှာ ယခုအချိန် ခရီးသွားရာသီမဟုတ်သော်လည် ပြည်ပနိုင်ငံအသီးသီးက နိုင်ငံခြားသားတွေ လာရောက်လည်ပတ်ကြနေတုန်းပါပဲ။ ကျွန်တော်တို့ပုဂံညောင်ဦးဟာ ရှေးဟောင်းယဥ်ကျေးမှုအမွေအနှစ်တွေ ပေါကြွယ်ဝတဲ့ ဒေသတစ်ခုအဖြစ် ကမ္ဘာကသိနေတော့ နိုင်ငံခြားသားတွေအများစုက စိတ်ဝင်တစားနဲ့ လာရောက်လည်ပတ်နေတာဖြစ်မယ်လို့ ထင်ပါတယ်။ နောက်ပြီး လည်ပတ်တဲ့အခါမှာလည်း ပုဂံညောင်ဦးမြို့မှာရှိတဲ့ အထင်ကရ ရှေးဟောင်းသမိုင်းဝင်ဘုရားတွေရဲ့ သမိုင်းကြောင်းတွေကိုလေ့လာကြပြီး၊ ပုဂံညောင်ဦးမြို့အပေါ်စီးကနေ ဘုရားတွေရဲ့ ရှုခင်းအလှ မှတ်တမ်းဓာတ်ပုံရိုက်ရတာကို နိုင်ငံခြားသားတိုင်းလိုလို နှစ်သက်သဘောကျကြပါတယ်ခင်ဗျာ။ ဒါ့ကြောင့် ကျွန်တော်တို့လို မြင်းလှည်းသမားတွေအတွက် ညနေပိုင်း ငါးနာရီဝန်းကျင်ခန့်ဆိုရင် နေဝင်ဆည်းဆာရှုခင်းပုံတွေရိုက်ချင်တဲ့ နိုင်ငံခြားသားတွေ ကျွန်တော်တို့ မြင်းလှည်းတွေကို ငှားရမ်းပြီးသွားကြပါတယ်။

"အခုလည်း ကျွန်တော် နိုင်ငံခြားသားကိုပို့ပြီးပြန်လာတာပါ။ မြင်းလှည်းငှားရမ်းခဈေးနှုန်းခတွေကတော့ ပြည်တွင်း၊ ပြည်ပ ဈေးနှုန်းမတူပါဘူးခင်ဗျ။ ပြည်တွင်းဘုရားဖူး ဧည့်သည်တွေက ပုဂံညောင်ဦးမြို့မှာရှိတဲ့ ဘုရားစုံကိုဖူးချင်တဲ့သူများတာဖြစ်လို့ ပို့ရတဲ့လမ်းကြောင်းပေါ်မူတည်ပြီး ငွေကြေးတောင်းပါတယ်၊ နိုင်ငံခြားဧည့်သည်ကတော့ တစ်နေကုန်ဆိုပေမယ့် ခြောက် နာရီပဲ မောင်းပို့ပေးပါတယ်။ ခြောက်နာရီ မောင်းပို့တဲ့ အခါမှာလည်း မြင်းရော၊ လူရော သက်သာအောင် မနက်ပိုင်းသုံးနာရီ၊ ညနေပိုင်း သုံးနာရီ ပို့ပေးတာပါ။ သူတို့ကိုကျတော့ ငှားရမ်းခ ငွေကျပ် ၁၅၀၀၀၊ ၁၇၀၀၀ မှ ၂၀၀၀၀ ခန့်အထိ ယူပါတယ်။ နောက်ပြီး ကျွန်တော်တို့ မြင်းလှည်းသမားတွေတိုင်း လိုက်နာရတဲ့ စည်းကမ်းလေးရှိပါတယ်။ အဲဒါကတော့ ငှားတဲ့သူတွေဟာ ဂိတ်မှာလာငှားတာဆိုရင် အလှည့်ကျနဲ့ လိုက်ရပါတယ်။ တခြားနေရာမှာ ကြုံလို့ငှားမယ်ဆိုရင်တော့ အလှည့်ကျမဟုတ်ပါဘူး။ အဆင်ပြေသလိုပဲ မောင်းပို့ပေးလို့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ပုဂံ-ညောင်ဦးမြို့မှာ ခရီးသွားရာသီချိန်ကုန်ဆုံးခဲ့ပြီဖြစ်သော်လည်း နိုင်ငံခြားသားတွေ ဝင်ရောက်လည်ပတ်နေတာဖြစ်လို့ ကျွန်တော်တို့ မြင်းလှည်းသမားတွေအတွက် နေ့စဥ်ဝင်ငွေရရှိနေလို့ အဆင်ပြေကြပါတယ်"ဟု ပုဂံ၊ ညောင်ဦးမြို့ပေါ်ရှိမြင်းလှည်းမောင်သူတစ်ဦးက ပြောပြသည်။

ရဲဝင်းနိုင်(ညောင်ဦး)

တပ်ကုန်းမြို့နယ်တွင်း သောက်သုံးရေများဖြန့်ဝေ

တပ်ကုန်း မေ ၃

အယ်နီညိုရာသီဥတုဖြစ်စဥ်နှင့်အတူ အပူရှိန်များမြင့်တက်လာသောကြောင့် တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် အုတ်ရေတွင်း၊ လက်နှိပ်တုံကင်များ ရေထွက်နည်းပါးမှုကြောင့် သောက်သုံးရေ အခက်အခဲများ မရှိစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ရေများသွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးကျော်ဟိန်းနှင့် ဝန်ထမ်းများသည် ဧပြီ ၃၀ ရက်၊ နံနက်ပိုင်းက လူဦးရေတစ်ထောင်ကျော်နေထိုင်သည့် လွှပုံကျေးရွာအုပ်စု၊ ညောင်ပင်သာလေးကျေးရွာတွင် ရေတွင်း၊ လက်နှိပ်တွင်းအား ရေထွက်နှုန်းကောင်းမွန်မှု ရှိ၊ မရှိ ကွင်းဆင်းကြည့်ရှုပြီး ညောင်ပင်သာလေး ကျေးရွာ ပြည်သူများ ရေပြတ်လပ်မှုမရှိစေရန် ရေဂါလန် ၁၀၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ကျေးရွာက မြို့နှင့်အလှမ်းဝေးပါတယ်။ ရေတွင်းတွေက ရေများအထွက် နည်းပါးနေပါတယ်။ ယခုကဲ့သို့ ကျေးရွာအရောက် ရေဖြန့်ဝေပေးသည့်အတွက် မြို့နယ်မှ သောက်သုံးရေများလှူဒါန်းပေးတဲ့ တာဝန်ရှိသူများကို ကျေးဇူးတင်ပါတယ်" ဟု ညောင်ပင်သာလေးကျေးရွာမှ အမျိုးသမီးတစ်ဦးက ပြောသည်။

တင်စိုးလွင်

ကြေးမုံ

ညောင်ဦးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား ဖမ်းဆီး၍စစ်ဆေးအရေးယူ

ညောင်ဦး မေ ၃

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့စခန်းမှ ဒုရဲမှူးခင်မောင်ချိုနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ်ယာဉ်စည်းကမ်းကြီးကြပ်ရေးကော်မတီများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြားဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်းကာ လူစည်ကားရာ နေရာတစ်ခုဖြစ်သည့် ညောင်ဦးမြို့၊ မဏိစည်သူစျေးအနီးတွင် မေ ၂ ရက်က ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ပညာပေးခြင်းများပြုလုပ်ပြီး စည်းကမ်းမလိုက်နာသည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို ဖမ်းဆီးစစ်ဆေးကာ ထိရောက်စွာ အရေးယူမှုများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့စခန်းမှ ဒုရဲမှူးခင်မောင်ချိုနှင့် တပ်ဖွဲ့ဝင်များသည် ညောင်ဦးမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အခြားဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့်အတူ ညောင်ဦးမြို့၊ မဏိစည်သူစျေးအနီးဝန်းကျင်၌ ဖြတ်သန်းသွားလာနေသည့် ပြည်သူများကို ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်နှင့် လိုက်နာမှုမရှိသည့် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများ၊ ဆိုင်ကယ်တွင် နံပါတ်ပြား ရှေ့/နောက် မတပ်ဆင်သည့် မော်တော်ဆိုင်ကယ်များ၊ နှစ်ယောက်ထက်ပို၍ သုံးယောက်တင်ဆောင်မောင်းနှင်သူများ၊ မော်တော်ဆိုင်ကယ်တွင် ယာဉ်လိုင်စင်(အဝိုင်း)ကတ်ပြား မပါရှိသူများနှင့် ယာဉ်မောင်းလိုင်စင်မပါရှိသူများကို ဖမ်းဆီးစစ်ဆေးကာ စည်းကမ်းချက်တစ်ခုလျှင် ဒဏ်ငွေကျပ် ၃၀၀၀၀ အထိ ဒဏ်ငွေများပေးဆောင်စေပြီး လုပ်ငန်းများဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယင်းအပြင် မော်တော်ယာဉ်များကိုလည်း ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်သူများတွင် သတ်မှတ်ထားသည့် လိုင်စင်များ ကိုင်ဆောင်ထားမှု ရှိ၊ မရှိ ဖမ်းဆီးစစ်ဆေးကာ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ထိရောက်စွာ အရေးယူမှုများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

ဩဝါဒကထာနာယူကြည်ညိုပွဲနှင့်သာသနဓဇ ဓမ္မာစရိယ Ph-D ဘွဲ့ရဆရာတော်များအား ဂုဏဝိသိဋ္ဌပူဇော်ပွဲ ကျင်းပ

ကျွန်းလှ မေ ၃

ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ် သံဃနာယကဆရာတော်ကြီးများထံမှ ဩဝါဒကထာ နာယူကြည်ညိုပွဲနှင့် သာသနဓဇ ဓမ္မစရိယ Ph-D ဘွဲ့ရဆရတော်များအား ဂုဏဝိသိဋ္ဌပူဇော်ပွဲအခမ်းအနားကို ကျွန်းလှမြို့ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တည်ဆောက်မည့်မြေနေရာ မင်္ဂလာမဏ္ဍပ်၌ မေ ၁ ရက် နံနက် ၇ နာရီတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ကျွန်းရွှေဝါကျောင်း ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်လင်းနှင့် တာဝန်ရှိသူများက ကြွရောက်လာသည့် သံဃာတော် ၂၀၂ ပါးအား ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး IBEC ဆရာတော်ဦးသောဘိတက ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တည်ဆောက်ဖို့အတွက် ကန့်ဘလူ၊ ကျွန်းလှဒေသမှ ဆရာတော်၊ သံဃာတော်များ၏ သဘောတူညီမှုကိုရယူပြီး ဩဝါဒအဆုံးအဖြတ်ကိုခံယူကာ နောင်အနာဂတ်ကာလ တိုင်းပြည်တွင်ရှိကြသည့် ဗုဒ္ဓဘာသာများ၊ လူငယ်မျိုးဆက်သစ်များ နိုင်ငံတကာ ပညာရေးနှင့် ချိတ်ဆက်နိုင်မည့် အကယ်ဒမီယူနီဗာစတီအဖြစ် တည်ဆောက်မည်ဖြစ်ကြောင်း ယင်းတက္ကသိုလ်ကို အခြားလူမျိုးခြား၊ ဘာသာခြားများကပါ လက်ခံနိုင်မည့် ဗုဒ္ဓတက္ကသိုလ်ဖြစ်အောင် ဆောင်ရွက်မည်ဖြစ်၍ ယနေ့ဩဝါဒခံယူပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း မိန့်ကြားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်း သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားပေးပို့ သဘောတူညီမှုရယူပြီးဖြစ်ကြောင်း ဆရာတော်ကြီးများထံ တင်ပြလျှောက်ထားပြီး ဓမ္မပါလကျောင်းဆရာတော် ဦးခမာဝုဓကေ အပူဇော်ခံဆရာတော်တို့၏ ဘွဲ့တော်များကို ဖတ်ကြားလျှောက်ထားခြင်း၊ ကန့်ဘလူမြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်နှင့် ကျွန်းလှမြို့နယ်သံဃနာယဥက္ကဋ္ဌဆရာတော်တို့၏ ဩဝါဒကထာကိုနာယူကြည်ညိုကြပြီး ကြွရောက်လာကြသည့် သံဃာတော်အရှင်သူမြတ်များနှင့် တပည့်ဒါယိကာ၊ ဒါယိကာမများကလည်း သာဓုအနုမောဒနာ ခေါ်ဆိုခဲ့ကြသည်။

ယင်းနောက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်ထံမှ ပေးပို့လျှောက်ထားသည့် သာသနာတော်ဆိုင်ရာကိစ္စရပ်များ လျှောက်ထားလွှာကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လင်းက တင်ပြလျှောက်ထားပြီး ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီကိုယ်စား ဒေါက်တာလှမြင့်က ကျေးဇူးတင်စကား လျှောက်ထားခဲ့သည်။

ဆက်လက်၍ ကျွန်းလှမြို့နယ် သံဃနာယကဥက္ကဋ္ဌဆရာတော်ထံမှ အနုမောဒနာတရားကို ခံယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြကြောင်းသိရသည်။

မြို့နယ် ပြန်/ဆက်

လေပြင်းတိုက်မှုကြောင့်ပျက်စီးခဲ့သော အိမ်ထောင်စုအား ငွေနှင့် အမိုးသွပ်များလှူဒါန်း

စဉ့်ကိုင် မေ ၃

မိုးသက်လေပြင်းတိုက်မှုကြောင့် ပျက်စီးခဲ့သော စဉ့်ကိုင်မြို့နယ် ညောင်ပင်သာကျေးရွာ အိမ်ထောင်စုများအတွက် အလှူငွေကျပ် ၂၃ သိန်းနှင့် အမိုးသွပ်ချပ် ၉၉၀ အားမေ ၁ ရက်ညနေ၃ နာရီက စဉ့်ကိုင်မြို့နယ် ဒေါင့်ကြီးကွေ့ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ အေးချမ်းသာယာခန်းမတွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ် ညောင်ပင်သာကျေးရွာတွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သော အိမ်ထောင်စု ၁၁၀ အတွက် နေပြည်တော်ကောင်စီနယ်မြေ၊ အမျိုးဘာသာသာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တဝိလာသ၊ ကံဦးပရိယတ္တိစာသင်တိုက် ဇေယျာသိရိမြို့နယ်နေပြည်တော်တိုင်းအတွင်းရေးမှူး ဘဒ္ဒန္တတိတ္ထိသာရဦးဆောင်သော ဆရာတော် ၁၅ ပါးတို့သည် အဆိုပါကျေးရွာသို့အိမ်ထောင်စုတစ်စုလျှင် အလှူငွေကျပ် ၂၀၀၀၀ နှင့် ကျေးရွာ အေးချမ်းသာယာခန်းမအတွက်အလှူငွေကျပ် တစ်သိန်း စုစုပေါင်းငွေကျပ် ၂၃ သိန်းကိုလည်းကောင်း၊ မျိုးစောင့်ဥပဒေနှင့် သိကောင်းစရာစာအုပ် ၁၁၀ အုပ်ကိုလည်းကောင်း လှူဒါန်းခဲ့ပြီး ဒေါင့်ကြီးကွေ့ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန့်ဇော်မင်း၊ ရာအိမ်မှူး ဦးမြင့်ပို၊ ကျေးရွာ ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီဝင်များက အိမ်ထောင်စုတစ်စုလျှင် သွပ်အချပ်ရေ ကိုးချပ်စီဖြင့် သွပ်အချပ်ရေ ၉၉၀ ကို ကျေးရွာပြည်သူများအားပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

တင်တင်ထွေး(စဉ့်ကိုင်)

ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကျင်းပ

ကျွန်းလှ မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဖွင့်လှစ်သော ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်း(၁/၂၀၁၆)ဖွင့်ပွဲကို မေ ၂ ရက် နံနက် ၉ နာရီက မြို့နယ် စုပေါင်းရုံးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကန့်ဘလူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းသို့ မြို့ပေါ်လေးရပ်ကွက်နှင့်ကျေးရွာအုပ်စု ၃၈ အုပ်စုတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူး ၃၈ ဦး၊ စာရေးဝန်ထမ်း ၃၈ ဦး တက်ရောက်ကြ၍ သင်တန်းကာလမှာ ငါးရက်ကြာမည်ဖြစ်သည်။ **မျိုးဝင်းညို(ကျွန်းလှ)**

ကျေးရွာများ၏စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ သတင်းအချက်အလက် စာရင်းကောက်ယူခြင်းသင်တန်း မြစ်ကြီးနားမြို့တွင် ဖွင့်လှစ်

မြစ်ကြီးနား မေ ၃

မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP)တို့ပူးပေါင်း၍ ကျေးရွာများ၏ စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ သတင်းအချက်အလက် စာရင်းကောက်ယူခြင်း သင်တန်းဖွင့်ပွဲကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီက မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ခရိုင်ဦးစီးဌာနမှူး ဦးရန်မျိုးနိုင် တက်ရောက် အမှာစကားပြောကြားသည်။

သင်တန်းသို့ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများမှ ရွေးချယ်စေလွှတ်သည့် ဝန်ထမ်း ၂၀ တက်ရောက်ကြပြီး သင်တန်းကို ဧပြီ ၂၅ ရက်မှ ၃၀ ရက်အထိ သင်တန်းကာလ ခြောက်ရက်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဝင်းအောင်

ပုဂံမျှော်ကျေးရွာ အောင်သာတဲတိုက်အတွက် မြို့နယ်ရဲတပ်ဖွဲ့က သောက်သုံးရေများလှူဒါန်း

မကွေး မေ ၃

မကွေးတိုင်းဒေသကြီး ကြာကန်ကျေးရွာအုပ်စု ပုဂံမျှော်ကျေးရွာ အောင်သာတဲတိုက်တွင် လိုအပ်နေသော သောက်သုံးရေအတွက် မေ ၁ ရက် နံနက်ပိုင်း၌ မကွေးမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက သွားရောက်ဖြည့်ဆည်း လှူဒါန်းခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်း၊ မကွေးမြို့မရဲစခန်းမှူး ဒုရဲမှူးစိန်အောင်၊ ညောင်ကန်နယ်မြေစခန်းမှူး ရဲအုပ်သက်နိုင်တို့ ဦးစီးသည့် တပ်ဖွဲ့ဝင် ၂၉ ဦးသည် ၂၀ လီတာဝင် ရေသန့်ဘူး ၁၂၀၊ ရေဂါလန် ၁၆၀၀ ဆံ့ ရေသည်ယာဉ်တစ်စီးတို့ဖြင့် သယ်ဆောင်ကာ အောင်သာတဲတိုက်ဒေသခံများအား ရေလှူဒါန်းမှုများ ဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

"ရဲတပ်ဖွဲ့ဝင်တွေရဲ့ လစာငွေထဲက တတ်အားသရွေ့စုပေါင်းအလှူငွေထည့်ဝင်ပြီး လှူဖြစ်ကြတာပါ။ လူထုအကျိုးပြုလုပ်ငန်းတွေအတွက် ဆက်လက်လှူဒါန်းမှုတွေ ဆောင်ရွက်သွားမှာပါ" ဟု မြို့နယ်ရဲ့တပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းက ပြောသည်။

သောက်သုံးရေများအား အိမ်ခြေ ၆၈ လုံးမှ လူဦးရေ ကျား ၉၆ ဦး၊ မ ၁၄၄ ဦး စုစုပေါင်း ၂၄၀ ဦးတို့ထံ နံနက် ၇ နာရီခွဲ မှ ၁၀ နာရီထိ ရဲတပ်ဖွဲ့ဝင်များက ကူညီသယ်ဆောင် လှူဒါန်းမှုများ ပြုလုပ်ခဲ့သည်။

"ကျွန်တော်တို့ဒေသမှာ နွေဦးပေါက်ကတည်းက ရေဒုက္ခခံစားနေရတာပါ။ တဲတိုက်ကနေ ညောင်ကန်ရွာထိ လှည်းနဲ့ရေစည်တိုက်သွားရတယ်။ ကလေးတစ်ယောက် ရေတစ်ခေါက် ဆိုရမလောက်အောင် ကြာပါတယ်။ ရာသီဥတုကလည်းပူပြင်းတော့ တစ်နေ့တစ်ခေါက်ပဲသွားနိုင်တယ်၊ ခုလိုလာလှူတာ ကျေးဇူးအရမ်းတင်ပါတယ်" ဟု တဲတိုက်နေ ဒေသခံတစ်ဦးက ဆိုသည်။

ဇေယျာတု(မကွေး)

ကမ်းနီးပင်လယ်ရေပြင်အတွင်း ဝါးလတ်လှေများဖြင့် ငါး၊ ပုဇွန် ဖမ်းဆီးနေခြင်းကြောင့် ငါးဖမ်းပိုက်လှေငယ်များ အခက်တွေ့နေ

ကျွန်းစု မေ ၃
ကျွန်းစုမြို့နယ် ကမ်းကြီးကျေးရွာအုပ်စုအတွင်းရှိ မော်တုံးကြီးကျေးရွာ၊ ကဘင်းချောင်းကျေးရွာအနီး ရွာရှေ့ ကမ်းနီးပင်လယ်ရေပြင်တွင် ဝါးလတ်လှေများဖြင့် ငါး၊ ပုဇွန် ဝင်ရောက်ဖမ်းဆီးနေခြင်းကြောင့် အနီးနားရှိကျေးရွာများမှ တစ်ပိုင်တစ်နိုင်ငါးဖမ်းပိုက်လှေငယ်များ ငါး၊ ပုဇွန်ရရှိမှု လျော့နည်းလာကြောင်း ဒေသခံရေလုပ်ငန်း လုပ်ကိုင်နေသူများထံမှ သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနက ဝါးလတ်လှေများအား ကမ်းဝေးရေပြင်၌သာ ငါး၊ ပုဇွန်များ ဖမ်းဆီးရန် ခွင့်ပြုထားပြီး ကမ်းနီးရေပြင်တွင်ဖမ်းဆီးခြင်းကို တားမြစ်ထားသော်လည်း ဝါးလတ်လှေများနှင့် တရားမဝင် ဝင်ရောက်ဖမ်းဆီးနေခြင်းကြောင့် မော်တုံးကြီးကျေးရွာနှင့် ကဘင်းချောင်းကျေးရွာ အပါအဝင် ကမ်းကြီးကျေးရွာ၊ သဃ်န်းအော်ကျေးရွာ၊ ပျဉ်ထပ်အော်ကျေးရွာ၊ တီးပူကျေးရွာ၊ ထိန်ချောင်းကျေးရွာများရှိ ဒေသခံရေလုပ်သားများ၏ ရေလုပ်ငန်းများမှ ငါး၊ ပုဇွန်ရရှိမှုနည်းပါးလာခြင်း၊ ငါး၊ ပုဇွန်စားကျက်များပျောက်ဆုံးခြင်းနှင့် သဘာဝရေအောက်သယံဇာတအရင်းအမြစ်များ ပျက်စီးဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်နေကြောင်း ကဘင်းချောင်းကျေးရွာနေ ရေလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ရန်နိုင်(ကျွန်းစု ပြန်/ဆက်)

သက်မွေးဝမ်းကျောင်း လက်သမားပညာသင်တန်း ဖွင့်လှစ်

ဟသ်ာတ မေ ၃
ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမားပညာ စာတွေ့လက်တွေ့ သင်တန်းဖွင့်ပွဲကို မေ ၂ ရက် နံနက် ၉ နာရီက ပဲကြီးကျွန်းကျေးရွာအုပ်စု လက်ပံစုကျေးရွာ ငြိမ်းချမ်းအေးစာကြည့်တိုက်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဟသ်ာတမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇော်လွင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းပို့ချမည့် ဘာသာရပ်နှင့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး မေ ၂ ရက်မှ၆ ရက်ထိ စာတွေ့လက်တွေ့ သင်ကြားသွားမည်ဖြစ်ကြောင်းသိရသည်။ **ခရိုင်ပြန်/ဆက်(ဟသ်ာတ)**

သာစည်မြို့တွင် မိုးခေါ်လွန်ဆွဲပွဲများ ပြုလုပ်

သာစည် မေ ၃
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့ မကျီးအုပ်ကျောင်းတိုက်ဆရာတော်၏စီစဉ်မှုဖြင့် ရပ်ကွက်အတွင်းရှိ လူငယ်မောင်မယ်များက ငါးယောက်တစ်ဖွဲ့၊ ၁၀ ယောက်တစ်ဖွဲ့ အဖွဲ့များခွဲ၍ မေ ၂ ရက် နံနက် ၉ နာရီတွင် အဆိုပါဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ လူငယ်များ မိုးခေါ်လွန်ဆွဲပွဲများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မိုးခေါ်လွန်ဆွဲပွဲကို ဧပြီ ၃၀ ရက်မှစတင်ပြီး နံနက် ညနေနှစ်ကြိမ်ခွဲ၍ မေ ၂ ရက်ထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မိုးခေါ်လွန်ဆွဲပွဲသည် မြန်မာတို့၏ မြတ်နိုးဖွယ်ရာ ရိုးရာဓလေ့တစ်ခုဖြစ်၍ အပူချိန်ပြင်းပြီး မိုးခေါင်သောအချိန်ကာလများတွင် မိုးရွာသွန်းရန်အတွက် ရည်ရွယ်ပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ အနိုင်မခံအရှုံးမပေး အားသွန်ခွန်စိုက် ဆွဲကြသောပွဲတစ်ခုဖြစ်သည်။

သာစည်မြို့နယ်တွင် မိုးခေါ်လွန်ဆွဲပွဲများကို မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသများတွင်လည်း နေ့စဉ်ရက်ဆက် ကျင်းပပြုလုပ်နေကြကြောင်း သိရသည်။

မောင်ကို (သာစည်)

ဒီးမော့ဆိုနှင့် ဖရူဆိုအတွင်းရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

လွိုင်ကော် မေ ၃
ကယားပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဒီးမော့ဆိုမြို့နယ် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို မေ ၂ ရက် နံနက် ၁၁ နာရီတွင် ဒီးမော့ဆိုမြို့နယ် စည်လင်းကျေးရွာ မူကြိုကျောင်း၌ကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကို၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်လေးရွှေဇင်ဦးနှင့် ပြည်နယ်ကြက်ခြေနီအသင်းခွဲမှ ပြည်နယ်ဦးစီးမှူး (ပထမတန်း) ဦးဇော်ဇော်အောင်တို့ လာရောက်၍ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက လေဘေးသင့်ပြည်သူများ ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒီးမော့ဆိုမြို့နယ် လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အိမ်ထောင်စု ၂၁ စု အတွက် လုံချည် (ကျား/မ)၊ တဘက်၊ ဆပ်ပြာ၊ ထောက်ပံ့ငွေ ၂၀၇၁၀၀ ကျပ်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အိမ်ထောင်စု ၂၄ စုအတွက် Hygiene Kit ၂၄ ဘူး၊ တာဖော်လင် ၂၄ စုံနှင့် လီတာ ၂၀ ရေသန့်ဘူး ၂၄ ဘူး တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ မွန်းတည့် ၁၂ နာရီတွင် ဖရူဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အိမ်ထောင်စု ၂၃ စု အတွက် လုံချည် (ကျား/မ)၊ တဘက်၊ ဆပ်ပြာနှင့် ထောက်ပံ့ငွေ ၁၀၈၀၀၀ ကျပ်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အိမ်ထောင်စု ၂၄ စုအတွက် Hygiene Kit ၂၄ ဘူး၊ တာဖော်လင် ၂၄ စုံနှင့် လီတာ ၂၀ လီတာရေသန့်ဘူး ၂၄ ဘူးတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **ခရိုင်ပြန်/ဆက်**

သောက်သုံးရေအခက်တွေ့လျက်ရှိသည့်ရပ်ကွက်များသို့ သောက်သုံးရေလှူဒါန်း

ကော့သောင်း မေ ၃
ကော့သောင်းမြို့နယ်၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းကုမ္ပဏီတစ်ခုဖြစ်သည့် Victoria Cliff Hotel မေ ၁ ရက်တွင် သောက်သုံးရေအခက်တွေ့လျက်ရှိသည့် ကော့သောင်းမြို့ပေါ်ရပ်ကွက်ရှိ ပြည်သူများသို့ သောက်သုံးရေများ လိုက်လံဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် နိုင်ငံနှင့်အဝှမ်း မြို့ပြနှင့်ကျေးလက်ဒေသပြည်သူများ သောက်သုံးရေအခက်တွေ့လျက်ရှိရာ ကော့သောင်းမြို့သည်လည်း အပါအဝင်ဖြစ်သည်။ ကော့သောင်းမြို့ပေါ်ရပ်ကွက်များဖြစ်သည့် အောင်သုခရပ်ကွက်၊ အေးရိပ်ငြိမ်ရပ်ကွက်နှင့် ပိတောက်ရွှေဝါရပ်ကွက် ပြည်သူများသို့ ၎င်းတို့ဟိုတယ်ပိုင် အသုံးပြုလျက်ရှိသည့် အဝီဇိတွင်းမှ ရေသန့်များအား ရေဂါလန် ၈၀၀ ကျော်ဖြင့် လိုက်လံဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း-ပြန်/ဆက်)

နွေရာသီအင်္ဂလိပ်စာသင်တန်းဖွင့်

ကျိုက်ထို မေ ၃
ကျိုက်ထိုမြို့နယ် ကျောက်ရေကန်ကျေးရွာ ကျောက်ရေကန်ကျောင်းတိုက်ဆရာတော် ဥူးကောသလ္လဦးစီး၍ ရန်ကုန်မြို့ ဓမ္မရက္ခိတပညာဒါနကျောင်း (ICE) သင်တန်းမှဆရာ ထက်ဖြိုးဝေနှင့် ဆရာများပူးပေါင်းကာ စတုတ္ထအကြိမ်မြောက် နွေရာသီအင်္ဂလိပ်စာသင်တန်းကို မေ ၁ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ညောင်ဦးတွင် ဖွင့်လှစ်

ညောင်ဦး မေ ၃
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအား လက်တွေ့နယ်ပယ်၌ လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂ ရက် နံနက် ၉ နာရီက ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အနော်ရထာခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းလွင်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ညောင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ယခုလို ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဖွင့်လှစ်ရခြင်းမှာ မိမိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအနေဖြင့် လက်တွေ့ကျကျ လုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်ရသည့်အခါတွင် အမှားအယွင်းမရှိ အဆင်ပြေချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသို့ တက်ရောက်မည့် သင်တန်းသားများကလည်း မိမိတို့ရပ်ရေးရွာရေးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကဏ္ဍပေါင်းစုံ ဆောင်ရွက်ရမည်ဖြစ်၍ သင်တန်းမှသင်ကြားပို့ချပေးသည့် ဘာသာရပ်များကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသရွေ့ သင်ယူမှတ်သားကြစေလိုကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ညောင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ စုစုပေါင်းသင်တန်းသား ၁၈၁ ဦး တက်ရောက်ခဲ့ကြောင်း၊ ယင်းအပြင် သင်တန်းပို့ချပေးမည့် နည်းပြများမှာ ညောင်ဦးခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းနှင့် သင်တန်းအား မေ ၂ ရက်မှ မေ ၁၃ ရက်ထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

လေဘေးသင့်အိမ်ထောင်စုများအား တွေ့ဆုံအားပေး၍ ထောက်ပံ့ပစ္စည်းများပေးအပ်

ဝန်းသို မေ ၃
စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ဧပြီလအတွင်း လေပြင်းများတိုက်ခတ်မှုကြောင့် ကျုံးကြီးကျေးရွာ၊ ရွှေတောင်ကုန်းကျေးရွာ၊ ကျောက်ပေါက်ခုံကျေးရွာ၊ အလယ်ခုံကျေးရွာတို့မှ လူနေအိမ် ၃၅ လုံး ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ဧပြီ ၃၀ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပစ္စည်းများ လာရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပစ္စည်းပေးအပ်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများက လေဘေးသင့်အိမ်ထောင်စုများနှင့် တွေ့ဆုံကာ အားပေးစကားများပြောကြားခဲ့ပြီး အိုးခွက်ပုဂံများ၊ စောင်နှင့် ဆေးဝါးအစရှိသည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အောင်မြင်မြို့လွတ်လပ်ရေးကျောက်တိုင်ဝင်းအတွင်း မေ ၁ ရက် နံနက် ၇ နာရီခွဲက မြို့သန့်ရှင်းသာယာလှပရေး အင်္ဂါရပ်နှင့်အညီ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါစုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ အောင်မြင်မြို့ မေတ္တာရှင်လူမှုကူညီရေးအသင်းအဖွဲ့ဝင်များ၊ ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများမှ စုပေါင်းကာ အင်အား ၁၀၀ ခန့်ဖြင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ခင်ကို(ကျောက်တံခါး)

ငါ့သရောက်မြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး လေပြင်းများတိုက်ခတ်

ငါ့သရောက် မေ ၃
မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာတွင် ဧပြီ ၃၀ ရက် ညနေ ၄ နာရီခွဲခန့်က မိုးသက်လေပြင်းနှင့်အတူ မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ဖြူကြီးကျေးရွာမှ ဦးမျိုးမင်းဦး၏ သွပ်မိုး၊ အုတ်ကာ လေးပင်အဆောက်အအုံမှာ ခေါင်မိုးများလန်သွားသည့်အပြင် ခေါင်မိုးသစ်သားများပြိုကျခဲ့ပြီး သွပ်အချပ် ၃၀ ပျက်စီးဆုံးရှုံးသွားခဲ့ကြောင်း၊ ယင်းအပြင် ရွာလယ်ပိုင်းရှိ သမဝါယမအဆောက်အအုံမှာလည်း ရှေ့မျက်နှာစာရှိ ခုနစ်ပေ သွပ် ၁၀ ချပ်ခန့် အမိုးများလန်သွားခဲ့ကြောင်းနှင့် မိုးသက်လေပြင်းတိုက်ခတ်မှုသည် လူနှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိခဲ့ကြောင်း ဖြူကြီးကျေးရွာမှ ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

ကျေးလက်နေပြည်သူများ၏ကျန်းမာရေးအတွက် တိုင်းရင်းဆေးဖြင့် အခမဲ့ကွင်းဆင်းကုသ

ပုလဲ မေ ၃
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် တိုင်းရင်းဆေးကုသဌာနသည် အယ်နီညိုရာသီဥ၏ ရိုက်ခတ်မှုဒဏ်ကြောင့် အပူဒဏ်ကြိုတင်ကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် မေ ၁ ရက် နံနက် ၇ နာရီက မွေ့တုံကျေးရွာသို့ ကွင်းဆင်း၍ ပညာပေးဆွေးနွေးခဲ့ပြီး ကျေးရွာနေပြည်သူများအား တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် တိုင်းရင်းဆေးကုသဌာန လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်မေသူစိုးက "ယခုနှစ် နွေရာသီက အယ်နီညိုရာသီဥတုဖြစ်တဲ့အတွက် နေရောင်ခြည်ဒဏ်ပြင်းထန်စွာ ကျရောက်မှုမှ ကာကွယ်ရန်အတွက် အပြင်ထွက်ပါက အလင်းပြန်တဲ့ အဝတ်အစားများ ဝတ်ခြင်း၊ အရိပ်အာဝါသရှိပြီး အေးမြသော အရပ်ဒေသမှာ နေထိုင်ခြင်း၊ ရေများများသောက်ခြင်း၊ အပူအစပ်လွန်ကဲသော အစာများ စားသုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊ နေပူထဲမှ ပြန်ရောက်တဲ့အခါ ရေချိုးခြင်းမှ ရှောင်ကြဉ်ခြင်း၊ ချိုအေးအရသာရှိသော အစာများ စားသုံးခြင်း၊ ပူပြင်းသော ရာသီဥတုမှာ သွေးတိုးရောဂါရှိသူများအနေဖြင့် အချိုအဆိမ့်၊ အငန်အရသာရှိသော အစာများ လွန်ကဲစွာ စားသုံးခြင်းနှင့် ဆေးလိပ်၊ အရက်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ နေပူထဲတွင် အမိုးအကာမပါ သွားလာခြင်းတို့ကို ရှောင်ကြဉ်ရမှာ ဖြစ်ပါတယ်" ဟု ပညာပေးဆွေးနွေးဟောပြောခဲ့သည်။

ယင်းနောက် ပုလဲမြို့နယ်တိုင်းရင်းဆေးကုသဌာန၊ လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်မေသူစိုး၊ ဒုလက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ယဉ်ယဉ်နုနှင့် ဆေးခန်းအကူ ဒေါ်ချိုချိုဝင်းတို့သည် ကျေးရွာနေပြည်သူ ၈၀ ဦးကို တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကုသပေးခဲ့သည်။

ပုလဲမြို့နယ် တိုင်းရင်းဆေးကုသဌာနသည် ဧပြီ ၃၀ ရက်က ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာသို့ သွားရောက်၍ အပူဒဏ်ကာကွယ်ရေးအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့ပြီး ကျေးရွာနေပြည်သူ ၁၁၃ ဦးကို တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ကုသပေးခဲ့ကြောင်း သိရသည်။

မင်းခန့်စိုး(ဧယျာမြေ)

ရှမ်းပြည်နယ်ဓာတ်ပုံဆရာများအသင်းမှ ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများအားဆုချီးမြှင့်

တောင်ကြီး မေ ၃
ရှမ်းပြည်နယ် ဓာတ်ပုံဆရာများအသင်းမှ ပုဂံခရီးစဉ် ဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ခြင်းကို မေ ၁ ရက် ညနေ ၅ နာရီက တောင်ကြီးမြို့ Classic ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် ဓာတ်ပုံဆရာများအသင်းဥက္ကဋ္ဌ ဦးတင်မောင်ထူးက မန္တလေးဓာတ်ပုံအသင်းမှဥက္ကဋ္ဌ ဦးစိုးမင်းအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ကာ အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဆုရရှိသူများအား ဆုချီးမြှင့်ရာ ပထမဆုရ ဦးဝင်းလွင်၊ ဒုတိယဆုရ ဦးခွန်ဆန်းဦးတို့ကို ဥက္ကဋ္ဌဦးတင်မောင်ထူးက ဆုချီးမြှင့်၍လည်းကောင်း၊ တတိယဆုရ ဦးစံသိန်း၊ နှစ်သိမ့်ဆု (၁)ရ ဦးအောင်ဆန်းတို့ကို ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းကလည်းကောင်း၊ နှစ်သိမ့်ဆု(၂)ရ ဒေါက်တာလှအောင်၊ နှစ်သိမ့်ဆု(၃)ရ ဦးစိုင်းနော်င့်တို့ကို စင်ဒရဲလား ကိုဌေးက လည်းကောင်း ဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပထမဆု ကျပ်နှစ်သိန်း၊ ဒုတိယဆု ကျပ်တစ်သိန်းခွဲ၊ တတိယဆု ကျပ်တစ်သိန်း၊ နှစ်သိမ့်ဆုများကို တစ်ဆုလျှင်ငါးသောင်းစီတို့အား တာဝန်ရှိသူ အသီးသီးက ဆုအျားချီးမြှင့်ပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးဓာတ်ပုံအသင်းမှ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ တောင်ကြီးမြို့ပေါ်ရှိ ဓာတ်ပုံဆရာများ၊ ပင်လောင်း၊ နောင်တရား၊ အောင်ပန်း၊ အေးသာယာတို့မှ ဓာတ်ပုံဆရာများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး လုပ်ငန်းစွမ်း ဆောင်ရည် မြှင့်မားရေး သင်တန်းဖွင့်

ခရမ်း မေ ၃
ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရပ်ကွက်၊ ကျေးရွာများတွင် အုပ်ချုပ်ရေးမှူးများအဖြစ် ၂၀၁၂ ခုနှစ် ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ၊ နည်းဥပဒေအရ ဒုတိယအကြိမ်သက်တန်းအတွက်အတည်ပြုခန့်အပ်ပြီးသော ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများအား လုပ်ငန်းစွမ်းရည်မြှင့်မားရေးသင်တန်း ၁/၂၀၁၆ ဖွင့်ပွဲကို မေ ၂ ရက် နံနက် ၈ နာရီက ခရမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပြဟ္မစိုရ်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခန်းအနားသို့ ခရမ်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ သင်တန်းတက်ရောက်ကြမည့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးလှတိုးနှင့် ဦးသိန်းဇော်လတ် ခရမ်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝေမျိုးခိုင်တို့မှ အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါသင်တန်းကို အတည်ပြုခန့်အပ်ထားသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအားရုံးလုပ်ငန်းများ ကျွမ်းကျင်မြန်ဆန်စေရန်နှင့် လုပ်ထုံးလုပ်နည်းဥပဒေနည်းဥပဒေများကို နားလည်သိရှိ သဘောပေါက်စေရန် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးမှူးများ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန် ထိရောက်မှုရှိစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကာလမှာ မေ ၂ ရက်မှ ၆ ရက်ထိ ငါးရက်တာအတွင်း မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာန လုပ်ငန်းများအလိုက် ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုမင်း(ခရမ်း)

လှေကြုံစီးနင်းလိုက်ပါလာသည့် ထိုင်းလူမျိုးတစ်ဦးထံမှ မူးယစ်ဆေးများသိမ်းဆည်းရမိ

ကော့သောင်း မေ ၃
မြန်မာငါးဖမ်းလှေဖြင့် ထိုင်းနိုင်ငံ ရနောင်းမြို့သို့ လှေကြုံလိုက်ပါလာသည့် ထိုင်းလူမျိုးတစ်ဦးထံမှ မူးယစ်ဆေးများသိမ်းဆည်းရမိသည့် ဖြစ်စဉ်တစ်ခု ဧပြီ ၃၀ ရက်က ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထိုင်းမြန်မာနယ်စပ် မြန်မာဘက်ခြမ်း ကော့သောင်းမြို့တွင် ငါးဖမ်းလုပ်သား ၁၀ ဦးရှိ မြန်မာငါးဖမ်းလှေတစ်စီး လုပ်ငန်းခွင်သုံးပစ္စည်းများဝယ်ယူရန် ထိုင်းနိုင်ငံ ရနောင်းသို့ထွက်ခွာဖို့ ပြင်ဆင်နေစဉ် ထိုင်းလူမျိုး မစ်စတာနိခုံဆိုသူက ဆီပုံးတစ်ပုံးဖြင့် ရနောင်းဘက်ကမ်းကူးရန် လမ်းစရိတ်မလုံလောက်၍ဆိုကာ မြန်မာငါးဖမ်းလှေဖြင့် လှေကြုံလိုက်ရန် အကူအညီတောင်းရာ မြန်မာငါးဖမ်းလုပ်သားများက ခွင့်ပြုခေါ်ဆောင်ပေးခဲ့ရာ ရနောင်းဘက်ကမ်းရောက်၍ စစ်ဆေးရေးရဲများစစ်ဆေးရာမှ ၎င်းနှင့်အတူပါသည့် ဆီပုံးထဲမှာ ဆီမဟုတ်ဘဲ မူးယစ်စိတ်ကြွဆေးပြားပေါင်း ၄၇၉ ပြား ထည့်ထားကြောင်း တွေ့ရှိရသဖြင့် မြန်မာငါးဖမ်းလုပ်သား ၁၀ ဦးပါ မသင်္ကာမှုဖြင့် ဖမ်းဆီးခံရသည်။

စကားပြန်ဖြင့် လှေလုပ်သား ၁၀ ဦးအား တစ်ဦးစီ သီးခြားလျှို့ဝှက်စစ်ဆေးမေးမြန်းရာ မြန်မာလှေလုပ်သားများ အပြစ်မရှိကြောင်း တွေ့ရှိရသဖြင့် လွှတ်မြောက်ခဲ့ပြီး အဆိုပါ လှေကြုံလိုက်သူ ထိုင်းလူမျိုး မစ်စတာနိခုံအား မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုဖြင့် ဥပဒေအရ ဖမ်းဆီးအရေးယူထားကြောင်း ထိုင်းနိုင်ငံထုတ် သတင်းစာစ်စောင်မှာ ဖော်ပြပါရှိကြောင်း သိရသည်။ **ကျော်စိုး(ပြန်/ဆက်)**

ဒုတိယအကြိမ်မြောက်သက်ကြီးအားကစားသမားဟောင်း ပူဇော်ပွဲအခမ်းအနားထားဝယ်တွင်ကျင်းပ

ထားဝယ် မေ ၃
တနင်္သာရီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီး၍ ဒုတိယအကြိမ်မြောက် သက်ကြီးအားကစားသမားဟောင်း ပူဇော်ပွဲအခမ်းအနားကို မေ ၁ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် သက်ကြီး အားကစားသမားဟောင်းများအား တက်ရောက်လာသူများက ဩကာသ ကန်တော့ချီးဖြင့် ရိုသေစွာကန်တော့ကြပြီး တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးမှူးဦးစိုးမိုးနိုင်က ပူဇော်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ သက်ကြီးအားကစားသမားဟောင်း ၁၂ ဦးအား တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများပေးအပ်၍ အားကစားသမားဟောင်းတစ်ဦးက အမှတ်တရ အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(ထားဝယ်ခရိုင် ပြန်/ဆက်)**

ယစ်မျိုးစီမံခန့်ခွဲမှုဆိုင်ရာများ ရှင်းလင်းပြောကြား

ဝါးခယ်မ မေ ၃
ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ရွှေခယ်သီရိအားကစားခန်းမ၌ မေ ၂ ရက် နံနက် ၉ နာရီက ယစ်မျိုးစီမံခန့်ခွဲမှုဆိုင်ရာ ညွှန်ကြားချက်များ ရှင်းလင်းပွဲအခမ်းအနားအား ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ယစ်မျိုးစီမံခန့်ခွဲမှုဆိုင်ရာညွှန်ကြားချက်များ၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ ယစ်မျိုးစီမံခန့်ခွဲမှုဆိုင်ရာဥပဒေ၊ နည်းဥပဒေများဖြင့် ညီညွတ်ရမည့် အချက်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက ရှင်းလင်းပြောကြားခဲ့ပြီး အခမ်းအနားသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ယစ်မျိုးလိုင်စင်ရရှိသော လုပ်ငန်းရှင် ၂၂၅ ဦး တက်ရောက်ခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော လုပ်ငန်းရှင်များကလည်း သိရှိလိုသည်များကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။

လွှမ်းသီဟ (ဝါးခယ်မ)

ရမည်းသင်းမြို့နယ်အတွင်း မိုးသက်လေပြင်းကြောင့်ပျက်စီးသွားသည့် အိမ်ထောင်စုများကို ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

ရမည်းသင်း မေ ၃
မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်တို့သည် မေ ၂ ရက် နံနက် ၁၀ နာရီခွဲက ရမည်းသင်းမြို့နယ်အတွင်း ဧပြီ ၃၀ ရက်က မိုးသင်လေပြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လူနာများထားရှိရာ အ-ထ-က တစ်ကျောင်းနှင့် တောင်ညောင်အိုင်ကျေးရွာတို့ကို သွားရောက်ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေနှင့် အိမ်ထောင်စုသုံးပစ္စည်းများ ပေးအပ်ခဲ့သည်။

ရှေးဦးစွာ လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ရမည်းသင်းခရိုင်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသော လူနာ ၁၀ ဦးကို ထောက်ပံ့ငွေကျပ်နှစ်သိန်း၊ တောင်ညောင်အိုင်ကျေးရွာတွင် ပျက်စီးသည့် အိမ် ၂၀ လုံးအတွက် ကျပ်သုံးသိန်းနှင့် တိုင်းကြက်ခြေနီမှ လှူဒါန်းသော အိမ်ထောင်စုသုံးပစ္စည်း ၂၁ မျိုးတို့ကို လက်ရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်ဝင်းအောင်**

ကျန်းမာရေးဆောင်းပါး

ရင်ကျပ်ပန်းနာ မာယာနဲ့မို့

ပါမောက္ခဦးဝင်းနိုင် (အဆုတ်နှင့်ရင်ခေါင်းအထူးကုဆရာဝန်ကြီး)

ငယ်သူငယ်ချင်းတစ်ယောက် ရပ်ဝေးတစ်နေရာက ဖုန်းဆက်လာပါတယ်။ သူ့ဖခင်ရင်ကျပ်နေလို့တဲ့။ ရက်ရှည်ရုံးပိတ်ရက်တွေမှာ မိဘတွေဆီပြန်ကြ၊ ဘုရားဖူး အလည်ခရီးထွက်ကြနဲ့မဟုတ်လား။ သူလည်း သူ့မိဘတွေဆီပြန်ပြီး ဘုရားဖူးထွက်ခဲ့ကြတယ်တဲ့။ ခုပြန်ရောက်တော့ သူ့ဖခင်က ရင်ကျပ်နေလို့ ကျွန်တော့်ဆီ ဖုန်းဆက်ပြီး အကူအညီတောင်းတာပါ။ အဆုတ်အထူးကုဆရာဝန်ဆိုတော့ ရင်ကျပ်ပန်းနာသည်တွေ လာပြနေကျပါ။ ဒါပေမဲ့ တကယ်တမ်းမောနေရင်တော့ သွားလာရခက်ပြီပေါ့။ ရပ်ဝေးကလည်းဖြစ်နေ၊ အဆုတ်ဆရာဝန်ကျွန်တော်က ငယ်သူငယ်ချင်းလည်းဖြစ်နေတော့ ဖုန်းဆက်ပြီး အကူအညီတောင်းကြည့်တာပေါ့။

သူငယ်ချင်း။ ။ငါ့အဖေရင်ကျပ်နေတာ အိပ်တောင်မရဘူးကွာ။ မောလည်းမော၊ ကျပ်လည်းကျပ်နဲ့၊ အဲဒါ ဘာဆေးသောက်ရမလဲကွ။

ကျွန်တော်။ ။ဒီကနေ မမြင်ရ၊ မစမ်းရဘဲနဲ့ လှမ်းကုဖို့တော့ ခက်တယ်ကွ။ ဒါနဲ့ ငါမေးကြည့်အုံးမယ်။ အသက်ရှူသံထွက်နေလား။ တရွှီးရွှီးနဲ့မြည်သလား။ သလိပ်ကောထွက်သေးလား။ သလိပ် ဝါတာ၊ စိမ်းတာရှိသလား။

သူငယ်ချင်း။ ။အသက်ရှူရင် တရွှီးရွှီးမြည်တယ်။ ညညဆိုပိုဆိုးတယ်။ သလိပ်ကတော့ မစိမ်း၊ မဝါပါဘူးကွာ။ သလိပ်တော့ကပ်တယ် ပြောတယ်။ သလိပ်ဝါရင်၊ စိမ်းရင် ဘာဖြစ်တတ်လို့လဲ။

ကျွန်တော်။ ။သလိပ်ဝါတာ၊ စိမ်းတာ၊ ညစ်တာတွေက အဆုတ်ထဲပိုးဝင်သွားရင်ဖြစ်တတ်တယ်။ ပိုဆိုးတယ်ပေါ့ကွာ။

သူငယ်ချင်း။ ။ပိုးဝင်-မဝင်တော့ မသိဘူး။ ဖုန်တော့ဝင်တယ်။ ဘုရားဖူးထွက်တော့ လမ်းမှာ ဖုန်တို့၊ အမှုန်တို့ဝင်တာပေါ့ကွာ။

ကျွန်တော်။ ။ရင်ကျပ်ပန်းနာသမားတွေက ဖုန်၊ အမှုန်၊ စူးရှတဲ့အနံ့အသက်တွေ (ဥပမာ-ခြင်ဆေးခွေ၊ အမွှေးတိုင်) အနံ့တွေနဲ့ဆို ရောဂါပိုကြွပြီး ရင်ကျပ်တော့တာပဲဟေ့။ အအေးမိ၊ ဖျားနာရင်လည်း ရင်ကျပ်ပန်းနာကြွတတ်တယ်။ ဒါကြောင့် တုပ်ကွေးကာကွယ်ဆေးလည်း ထိုးထားသင့်တယ်။ အပူ၊ အအေးလည်း မျှအောင်နေရတယ်ကွ။ ဒါနဲ့နေပါအုံး၊ ဦးလေးကြီးက ရင်ကြပ်ပန်းနာအခံရှိတာကောသေချာရဲ့လား။

သူငယ်ချင်း။ ။ငါတို့ငယ်ငယ်ကလေးထဲက ကျပ်ကျပ်နေတတ်တယ်။ ဒီလောက်တော့ မဆိုးပါဘူးကွာ။ အမိုင်နိုတို့၊ ဗန်တိုလင်တို့ ဝယ်သောက်လိုက်ရင် ပျောက်သွားတာပဲကွ။

ကျွန်တော်။ ။ဒီတစ်ခါကော အဲဒီဆေးတွေ သောက်ကြည့်သေးလား။

သူငယ်ချင်း။ ။သောက်ပေါ့ကွာ၊ သောက်ပ့ါ။ မပျောက်တာနဲ့ ဆေးဆိုင်ကဆေးယူသောက်သေးသတဲ့။ စပ်ဆေးတဲ့။ သက်သာမယ် မသက်သာပါဘူး။ အဲဒါနဲ့ မင်းဆီဖုန်းဆက်တာ။ ကဲ-ပြောတော့၊ ဘာဆေးသောက်ရမလဲ။ မင်းမေးတာ များနေပြီနော်။ ဆေးလည်း မညွှန်ရသေးဘူး။

ကျွန်တော်။ ။မေးတာမပြီးသေးဘူးသူငယ်ချင်းရေ။ ထပ်မေးရအုံးမယ်။ အရင်က ဘာရောဂါတွေရှိထားသေးလဲ။ နှလုံးရောဂါတို့၊ သွေးတိုးတို့၊ ကျောက်ကပ်ရောဂါတို့ပေ့ါ။ ဆေးလိပ်ကောသောက်သလား။

သူငယ်ချင်း။ ။နှလုံးရောဂါတို့၊ သွေးတိုးတို့၊ ကျောက်ကပ်ရောဂါတို့တော့ မရှိဘူးထင်တာပါပဲ။ မစစ်ခဲ့ဖူးဘူး။ ဆေးလိပ်တော့ သောက်ခဲ့ဖူးတယ်။ ဖြတ်ခဲ့တာကြာပါပြီကွာ။ အဲဒါတွေ ဘာလို့လျှောက်မေးနေတာတုန်း။

ကျွန်တော်။ ။ဆေးလိပ်သောက်ဖူးရင် အဆုတ်ပွပန်းနာလို့ခေါ်တဲ့ COPD ဖြစ်တတ်တယ်။ အဲဒါဆိုရင် ရင်ကျပ်ပန်းနာနဲ့ ဆင်ဆင်ပဲ။ ကုထုံးတော့ သိပ်မတူလှဘူး။ နှလုံးရောင်ကြောင့် အမောဖောက်ရင်လဲ ရင်ကျပ်ပန်းနာလိုပဲ ရပ်ကျပ်တာ၊ မောတာ၊ တရွှီးရွှီးမြည်တာတွေ ဖြစ်တတ်တယ်။ ဆရာဝန်တွေကိုယ်တိုင်စမ်းသပ်ရင်တောင် တစ်ခါတစ်ရံ ခွဲမရဘူးဖြစ်တတ်တယ်။ ကျောက်ကပ်၊ ဆီး အဆိပ်တက်ရင်လည်း ရင်ကျပ်တာ၊မောတာရှိတတ်တယ်။

သူငယ်ချင်း။ ။သွေးတိုးကကောကွာ။

ကျွန်တော်။ ။အေး-သွေးတိုးက ဆေးမှန်မှန်မကုရင်၊ မသောက်ရင် နှလုံးဖက်လှည့်ပြီး နှလုံးမောမောတတ်တယ်။ သွေးကျဆေးတချို့ကလည်း ရင်ကျပ်ရောဂါကြွစေသေးတယ်။

သူငယ်ချင်း။ ။မင်းဟာတွေက ပိုပိုရှုပ်ကုန်ပြီနော်။

ကျွန်တော်။ ။ဒီထက်ဆိုးသေးတယ်ကွ။ နှလုံးရောဂါသည်တွေကို ရင်ကျပ်ပန်းနာအတွက် သောက်ဆေးတွေပေးရင် အတော်ချိန်ဆရတယ်။ နှလုံးထိခိုက်တတ်တယ်။ ကျောက်ကပ်အားနည်းတဲ့သူတွေကို ဆေးပေးရင် ဆေးပမာဏလျှော့ပေးရတတ်တယ်။ အဲဒီလိုမလုပ်ရင် ရင်ကျပ်မသက်သာတဲ့အပြင် ပိုဆိုးသွားနိုင်တယ်။

သူငယ်ချင်း။ ။ငါ့အဖေမှာ အဲဒီရောဂါတွေ မရှိလောက်ပါဘူး။ တစ်ခုတော့ရှိတယ်။ ဒီအသက်အရွယ်ရောက်တဲ့အထိ သွေးမစစ်ခဲ့ဖူးဘူး။

ကျွန်တော်။ ။နှလုံးရောဂါရှိ-မရှိကို အနည်းဆုံးတော့ ECG ဆွဲကြည့်စေချင်တယ်။ ကျောက်ကပ်ရောဂါရှိ-မရှိကတော့ သွေးစစ်ရလိမ့်မယ်။

သူငယ်ချင်း။ ။အဲဒီရောဂါတွေရှိရင် ဆေးကုလို့မရတော့ဘူးပေ့ါ။

ကျွန်တော်။ ။အဲဒီလိုတော့ မဟုတ်သေးဘူးလေ။ ပေးရမယ့်ဆေးရယ်၊ ဆေးပမာဏရယ်၊ ဆေးပေးပုံပေးနည်းရယ် ချိန်ဆရတာပေ့ါ။ အကောင်းဆုံးကတော့ ရင်ကျပ်ပန်းနာပျောက်ဆေးဆိုပြီး မိမိသဘောနဲ့ မသောက်စေချင်ဘူး။ စပ်ဆေးတွေလည်း ဝယ်မတိုက်နဲ့ကွာ။ ရင်ကျပ်ပန်းနာ ဟုတ်-မဟုတ်၊ ရင်ကျပ်ပန်းနာနဲ့အတူ အခြားရောဂါတွေရှိ-မရှိနဲ့ ပေးသင့်တဲ့ဆေးကို အချိန်အဆမှန်မှန်ပေးနိုင်ဖို့ နီးရာမိသားစုဆရာဝန်ဆီသာပြေးပြီး ပြ-စေချင်တာပဲကွာ။ ရင်ကျပ်ပန်းနာက မာယာကြွယ်တယ်ကွ။

သူငယ်ချင်း။ ။မင်းနဲ့ပြောမှပဲ ငါတောင် ရင်ကျပ်ချင်လာပြီ။ ငါလဲ အဖေ့မျိုးရိုးလိုက်တယ်ထင်တယ်။ အခန့်မသင့်ရင် ရင်ကျပ်ချင်သလိုဖြစ်တယ်။ ဘယ့်နှယ်လုပ်ရမတုန်း။

ကျွန်တော်။ ။ရောဂါနုချိန်မှာ ဆေးနဲ့ထိန်းလို့ရတယ်။ ရောဂါရင့်မသွားတော့ဘူးလေ။ ရောဂါထိန်းဆေးသာ မှန်မှန်သုံးနေလို့ကတော့ လူကောင်းပကတိအတိုင်း သက်တမ်းစေ့မှာပါ။

သူငယ်ချင်း။ ။မင်းပြောမှပဲ သဘောပေါက်လာတော့တယ်။ ဗျာများနေရတဲ့ ငါ့အဖေရင်ကျပ်ကို နီးရာက မိသားစုဆရာဝန်ဆီ အမြန်ပြေးကုလိုက်အုံးမယ်။ ငါ့အလှည့်မှာတော့ ဗျာမများရအောင် ရောဂါနုတုန်း ကုထားပ့ါမယ်ကွာ။ ကျေးဇူးပဲသူငယ်ချင်း။

ကျွန်တော်။ ။ကောင်းပြီသူငယ်ချင်း။ ဦးလေးလည်း ရင်ကျပ်ရောဂါ အမြန်ဆုံး သက်သာပါ စေလို့ ဆုတောင်းပေးပါတယ်။ မင်းလည်း ဗျာမများရအောင် ရင်ကျပ်ပန်းနာကို စောစောကလေး ကုလိုက်ကြရအောင်ပါနော်။

အဝေးကနေ အားကိုးတကြီးနဲ့ အကူအညီတောင်းတဲ့သူငယ်ချင်းကို မာယာများတဲ့ ရင်ကျပ်ပန်းနာအကြောင်းနဲ့ ဗျာမများရအောင် စောစောကုသခံဖို့၊ နည်းမှန်လမ်းမှန်ကုနိုင်ဖို့ တိုက်တွန်းလိုက်နိုင်လို့ ပီတိများဝေဖြာလျက်။

(ကမ္ဘာ့ရင်ကျပ်ပန်းနာနေ့အထိမ်းအမှတ်အဖြစ် ရင်ကျပ်ပန်းနာလူနာများအား ရည်ရွယ်ရေးသားအပ်ပါသည်။)

အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း ဖွင့်ပွဲ သုံးခွမြို့၌ကျင်းပ

သုံးခွ မေ ၃

ဒုတိယအကြိမ်သက်တမ်းအတွက် အတည်ပြုခန့်အပ်ပြီးသော ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ရုံးလုပ်ငန်းကျွမ်းကျင်မြန်ဆန်စေရေးနှင့် လုပ်ထုံးလုပ်နည်းဥပဒေ၊ နည်းဥပဒေများကို သိရှိနားလည်သဘောပေါက်စေရန်၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာ၌ လွယ်ကူမြန်ဆန်ထိရောက်မှုရှိစေရန် ရည်ရွယ်ဖွင့်လှစ်သော ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းဖွင့်ပွဲအခမ်းအနားတွင် သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝိတ်၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသား ရပ်ကွက်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများတက်ရောက်ကြကာ မြို့နယ်အတွင်းရှိဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနလုပ်ငန်းများအလိုက် ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းတွင် ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၄ အုပ်စုမှ အုပ်ချုပ်ရေးမှူးစုစုပေါင်း ၇၆ ယောက် တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၂ ရက်မှ မေ ၆ ရက်ထိ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ကြည်စိုးလွင်(သုံးခွ)

သမဝါယမအရာထမ်းများ မွမ်းမံသင်တန်း(၁/၂၀၁၆)ဖွင့်လှစ်

စစ်ကိုင်း မေ ၃

သမဝါယမတက္ကသိုလ်(စစ်ကိုင်း) အရာထမ်းများ မွမ်းမံသင်တန်း (၁/၂၀၁၆) သင်တန်းဖွင့်ပွဲကို မေ ၂ ရက် နံနက် ၁၀ နာရီက သမဝါယမတက္ကသိုလ်(စစ်ကိုင်း) မြသရဖီခန်းမတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူက အမှာစကားပြောကြားရာ ယခုသင်တန်းမှ ပို့ချပေးလိုက်သည့် ဘာသာရပ်များကို စိတ်ပါဝင်စားစွာ သင်ယူသွားကြစေလိုပြီး မိမိတို့ဒေသရောက်ရှိသောအခါ သမဝါယမအသင်းများကို ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း၊ ယခုအဓိကထားဆောင်ရွက်ရမည်မှာ ရက်(၁၀၀) စီမံကိန်းလုပ်ငန်းများဖြစ်၍ မိမိတို့ဆောင်ရွက်လုပ်ကိုင်ရမည့် လုပ်ငန်းများသည် ပြည်သူအကျိုးပြုလုပ်ငန်းများ ဖြစ်စေချင်ကြောင်း၊ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်လာပါက လူမှုစီးပွားဘဝတွေလည်း တိုးတက်လာပြီး ဌာနအတွက်လည်း ဂုဏ်သိက္ခာရှိမည်ဖြစ်ကြောင်း စသည်ဖြင့်ပြောကြားကာ သင်တန်းပို့ချပေးကြမည့် ပြင်ပပညာရှင် ဆရာ၊ ဆရာမများအတွက် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်တို့မှ သမဝါယမအရာထမ်း သင်တန်းသား၊ သင်တန်းသူ ၇၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ အခမ်းအနားသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ သမဝါယမတက္ကသိုလ်(စစ်ကိုင်း)မှ ပါမောက္ခချုပ်နှင့်ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇော်မြင့်နိုင်(ခရိုင်-ပြန်/ဆက်)**

ပြည်သူ့သဘောထားစင်မြင့်

တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည် မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်း)

နိုင်ငံတော်အတွက် အနာဂတ်အကျိုးစီးပွားဖော်ဆောင်ရေး.. ယမန်နေ့မှအဆက်

ဒေါ်လှမျိုးနွယ် (အငြိမ်းစားသံတမန်)

ကော်မရှင်သည် ကနဦးစဉ်းစားသုံးသပ်ခြင်း၊ တင်သွင်းချက်များကိုစိစစ်၍ ဖွဲ့စည်းထားသည့် ဆပ်ကော်မရှင်က လုပ်ငန်းဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာတင်သွင်းသည့်နိုင်ငံနှင့်အစည်းအဝေးပြုလုပ်ခြင်း၊ ထို့နောက် ဆပ်ကော်မရှင်က ထောက်ခံချက်ထုတ်ပေးသင့်၊ မသင့် ပြင်ဆင်ရန်အတွက် အပြီးသတ်ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ပါသည်။ ဤသို့ ပြုလုပ်ချိန်တွင် ထပ်မံ၍အသေးစိတ်စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်ရန်လိုသည့် ဧရိယာများ သို့မဟုတ် နည်းပညာဆိုင်ရာ ရှုထောင့်က ထပ်မံစိစစ်ရန်လိုအပ်ချက်များနှင့် ပြင်ဆင်ရန်လိုအပ်ချက်များကို ပြန်လည်လုပ်ဆောင်ရန်တင်သွင်းသည့် နိုင်ငံအား ကော်မရှင်က တောင်းဆိုပိုင်ခွင့်ရှိပါသည်။

အိမ်နီးချင်း သို့မဟုတ် ဘေးချင်းကပ် သို့မဟုတ် မျက်နှာချင်းဆိုင် နိုင်ငံတစ်နိုင်ငံနှင့် နယ်နိမိတ် အငြင်းပွားမှုမရှိသည့်အပြင် တိုးချဲ့နိုင်ရေးအတွက် အထောက်အထားများဖြင့် ခိုင်မာပြည့်စုံစွာတင်ပြနိုင်ကြောင်း CLCS ကော်မရှင်က ကျေနပ်လက်ခံသည့်အခါ ကော်မရှင်သည်ထောက်ခံချက်များ (Recommendations) ထုတ်ပြန်ပေးမည်ဖြစ်ပါသည်။ CLCS ၏ ထောက်ခံချက်သည် အပြီးသတ်ဖြစ်ပြီး ဤဆုံးဖြတ်ချက်ကို CLCS သို့ တင်သွင်းသည့် နိုင်ငံကလိုက်နာရန်လိုအပ်ပါသည်။

CLCS ၏ ဆုံးဖြတ်ချက်ဖြင့် ကမ်းလွန်ရေတိမ်ပိုင်းကို ရေမိုင် ၂၀၀ ထက်ကျော်လွန်၍ ရေမိုင် ၃၅၀ အထိ တိုးချဲ့ခွင့်ရရှိသော နိုင်ငံများသည် ယင်းဧရိယာရှိ သတ္တုသယံဇာတများ (Mineral resources)၊ သက်မဲ့သယံဇာတများ၊ Sedentary species အမျိုးအစားတွင် ပါဝင်သည့် သက်ရှိ Organism များ၊ Poly metallic nodules အပါအဝင် အဖိုးတန်ရှားပါးသယံဇာတပစ္စည်းများကို တူးဖော်ထုတ်လုပ်သုံးစွဲရန် လုပ်ပိုင်ခွင့်ကို အပြည့်အဝရရှိခံစားနိုင်မည် ဖြစ်ပါသည်။

ပင်လယ်ဥပဒေကွန်ဗင်းရှင်း၏ ထူးခြားချက်မှာ နိုင်ငံများကလိုက်နာစောင့်ထိန်းရမည့် တာဝန်များသာမက နိုင်ငံများ၏အချုပ်အခြာအာဏာ သက်ရောက်ရာ ပင်လယ်ဧရိယာဇုန်များကို တညီတည်းသတ်မှတ်ခွင့်ပြုခြင်း၊ ယင်းဇုန်များအတွင်း သက်ရှိ၊ သက်မဲ့သယံဇာတပစ္စည်းများ၊ ရေနံဓာတ်သတ္တုများ ရှာဖွေတူးဖော်လုပ်ကိုင်ခွင့်များကို ခွင့်ပြုခြင်းနှင့် အထူးခြားဆုံးမှာ ကမ္ဘာ၏ ရှားပါးလှသောအဖိုးတန်သယံဇာတများကို ရှာဖွေ တူးဖော်ထုတ်လုပ်နိုင်ခွင့်ရရှိစေရန် ပထဝီဘူမိ၊ ဘူမိရူပအနေအထားများအရ တောင်းဆိုနိုင်ခွင့်ရှိသော နိုင်ငံများအတွက် ယင်းတို့အချုပ်အခြာအာဏာ သက်ရောက်ရာ ကမ်းလွန်ရေတိမ်ပိုင်းဧရိယာအား တိုးချဲ့သတ်မှတ်နိုင်ခွင့်ကိုပါ ခွင့်ပြုထားခြင်းဖြစ်ပါသည်။

ပင်လယ် ဥပဒေကွန်ဗင်းရှင်းအရထူထောင်ထားသည့် အဓိကအဖွဲ့အစည်းမှာ အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင် အာဏာပိုင်အဖွဲ့ (The Authority)၊ အာဏာပိုင်အဖွဲ့၏ လက်အောက်ခံအဖွဲ့အစည်းများ (Organs) အဖြစ် ညီလာခံ (The Assembly)၊ ကောင်စီ (The Council)၊ ထို့အတူ ကောင်စီ၏ လက်အောက်ခံအဖွဲ့အစည်းများအဖြစ် စီးပွားရေးစီမံကိန်းများဆိုင်ရာကော်မရှင် (Economic Planning Commission)နှင့် ဥပဒေနှင့်နည်းပညာဆိုင်ရာ ကော်မရှင် (Legal and Technical Commission) တို့အား ဖွဲ့စည်းထားကြောင်းတွေ့ရှိရပါသည်။ ထို့အတူ နိုင်ငံများ အချုပ်အခြာ စီရင်ပိုင်ခွင့်ကျင့်သုံးရာ ပြင်ပရှိ ပင်လယ် ကြမ်းပြင်ဧရိယာအား လူသားတစ်ရပ်လုံးအတွက် ‘ဘုံအမွေအနှစ်’ အဖြစ် သယံဇာတများရှာဖွေတူးဖော်ခွင့် လုပ်ဆောင်မှုများအား ကြီးကြပ်ကွပ်ကဲရန်အာဏာပိုင်အဖွဲ့၏ ကြီးကြပ်မှုအောက်တွင်လုပ်ငန်းအဖွဲ့ (The Enterprise) ကို ဖွဲ့စည်းခြင်းဖြင့် ပင်လယ်ဥပဒေကွန်ဗင်းရှင်းက သီးခြားတာဝန် အပ်နှင်းထားပါသည်။

ထို့အပြင် ကွန်ဗင်းရှင်းအရထူထောင်ထားသည့် အခြားအဖွဲ့အစည်းများအဖြစ် ကမ်းလွန်ရေတိမ်ပိုင်းသတ်မှတ်ရေး ဆိုင်ရာကော်မရှင် (Commission on the Limits of the Continental Shelf)၊ ပင်လယ်ဥပဒေဆိုင်ရာ နိုင်ငံတကာခုံရုံး (International Tribunal for the Law of the Sea) တို့ရှိကြပြီး ဤအဖွဲ့အစည်းများကတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအတွက် အရေးကြီးသော လုပ်ငန်းတာဝန်များကို ဖော်ဆောင်ပေးနေခြင်းသည်လည်း UNCLOS ကွန်ဗင်းရှင်း၏ထူးခြားချက်ဟု ဆိုရပါမည်။ ထို့အတူ နိုင်ငံတစ်နိုင်ငံချင်းစီက ယင်းတို့၏ စီးပွားရေးအကျိုးစီးပွား၊ နိုင်ငံရေးအကျိုးစီးပွားများအတွက် ပင်လယ်ဥပဒေကွန်ဗင်းရှင်းအရ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ တိုးတက်ဖြစ်ပေါ်မှုအခြေအနေများကို အထူးအာရုံစိုက် နေကြကြောင်း ထင်ရှားစွာတွေ့ရှိနိုင်ပါသည်။

မြန်မာနိုင်ငံကလည်း မိမိနိုင်ငံ၏ အခွင့်အရေးမဆုံးရှုံးဘဲ တိုးချဲ့ခွင့်ရရှိစေရန်အတွက် ၂၀၀၃ ခုနှစ်ကပင် စတင်ကြိုးပမ်းခဲ့ပါသည်။ ပထမလုပ်ငန်းစဉ်အဖြစ် နိုင်ငံတော်အစိုးရ၏ သဘောတူခွင့်ပြုချက်၊ ဆုံးဖြတ်ချက်နှင့်အညီ ကြိုတင်ပြင်ဆင်ရေး ကော်မတီကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မြင့် (ငြိမ်း) (နောက်ပိုင်းစက်မှုဝန်ကြီးဌာနဝန်ကြီး-ငြိမ်း) က ဦးဆောင်လျက် ၂၀၀၃ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ ကြိုတင်ပြင်ဆင်ရေးကော်မတီ၏လက်အောက်တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ကျွမ်းကျင်သူ ကိုယ်စားလှယ်များ ပါဝင်သော ဥပဒေနှင့်ကျွမ်းကျင်မှုဆပ်ကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၌ ၁၄-၅-၂၀၀၅ ရက်နေ့မှ ၂၀-၅-၂၀၀၅ ရက်နေ့အထိကျင်းပခဲ့သည့် ကုလသမဂ္ဂပင်လယ် ဥပဒေကွန်ဗင်းရှင်းဝင်နိုင်ငံများ၏ ကိုယ်စားလှယ်များအား CLCS ကော်မရှင်အဖွဲ့ဝင်များ၊ ကျွမ်းကျင်သူပညာရှင်များက ရှင်းလင်းပြောကြားသော အစည်းအဝေးသို့ စာရေးသူနှင့်နည်းပညာကျွမ်းကျင်သူနှစ်ဦးဖြစ်ကြသော ဒေါက်တာသူရဦး၊ ပါမောက္ခချုပ် (ယခု စစ်ကိုင်းတက္ကသိုလ်) နှင့် ရေတပ်ပင်မတိုင်းတာရေး တပ်မှူး ဗိုလ်မှူးကြီး မင်းသိမ်းတင့် (ယခုဗိုလ်မှူးချုပ်) တို့သည် ရေမိုင် ၂၀၀ ပြင်ပ တိုးချဲ့ရေးအတွက် ပထမဦးဆုံးအကြိမ် ကြိုးပမ်းမှုအဖြစ်အစည်းအဝေးသို့ တက်ရောက်လေ့လာခဲ့ကြပါသည်။

ဒုတိယလုပ်ငန်းစဉ်အဖြစ် ကျွမ်းကျင်သူအဖွဲ့ဝင်များသည် မိမိနိုင်ငံတွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံသို့ သွားရောက်၍လည်းကောင်း၊ ၂၀၀၅ ခုနှစ် မှ ၂၀၀၆ ခုနှစ်ကာလများအတွင်း ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ကျွမ်းကျင်မှုဘာသာရပ်များ လေ့လာခြင်း၊ နည်းပညာအကူအညီရယူခြင်း၊ ပဏာမလေ့လာဆန်းစစ်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ကြပါသည်။ တတိယလုပ်ငန်းစဉ်အဖြစ် Desktop studies ပြုလုပ်ခြင်း၊ သိပ္ပံနည်းပညာ အချက်အလက်များရှာဖွေဖော်ထုတ်ခြင်း၊ နိုင်ငံတွင်းသုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ သုတေသနလုပ်ငန်းမှ ပေါ်ထွက်လာသည့် နည်းပညာ အချက်အလက်များအား ပညာရှင်များကလေ့လာသုံးသပ်ခြင်းတို့ကို လုပ်ဆောင်ခဲ့ကြပါသည်။

စတုတ္ထလုပ်ငန်းစဉ်အဖြစ် Desktop studies အရ တိုးချဲ့သတ်မှတ်နိုင်ခွင့်အလားအလာရှိသော နယ်မြေဧရိယာ အကျယ်အဝန်းကို ခန့်မှန်းဖော်ထုတ်ခြင်း၊ တိုင်းတာရေးရေယာဉ်ဖြင့် တိုင်းတာရမည့်နယ်မြေအတိအကျနှင့် တိုင်းတာရမည့်လမ်းကြောင်း သတ်မှတ်ခြင်းလုပ်ငန်းစဉ်များကိုဆောင်ရွက်ခဲ့ပါသည်။

ပဉ္စမလုပ်ငန်းစဉ်အဖြစ် CLCS သို့ တင်ပြရန် အကျုံးဝင်မည့်ဧရိယာအတွင်း တိုင်းတာရေးလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် တိုင်းတာရေးသင်္ဘောငှားရမ်းရေး ကိစ္စအား ဆောင်ရွက်ခဲ့ပါသည်။ ဆဋ္ဌမလုပ်ငန်းစဉ်အဖြစ် တိုင်းတာရေးသင်္ဘောများအား ငှားရမ်းခြင်းကိုလည်းကောင်း၊ သတ္တမလုပ်ငန်းစဉ်အဖြစ် လက်တွေ့တိုင်းတာရေးလုပ်ငန်းများကိုလည်းကောင်း၊ အဋ္ဌမလုပ်ငန်းစဉ်အဖြစ် တိုင်းတာရရှိသော အချက်အလက်များအား အခြေပြု၍ data processing, data interpretation, data integration အစရှိသည့် Data ရယူစုဆောင်းခြင်း လုပ်ငန်းစဉ်များကိုလည်းကောင်း ဆောင်ရွက်ခဲ့ကြပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့က ကျွမ်းကျင်သူ ပညာရှင်များသည် သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ခဲ့ကြပါသည်။

နဝမလုပ်ငန်းစဉ်အဖြစ် မြန်မာနိုင်ငံက ကုလသမဂ္ဂသို့ တင်ပြမည့် တင်သွင်းချက် (Submission) ကို ပြုစုခြင်း၊ ပြင်ဆင်ခြင်း၊ လိုအပ်သော Data များ ထပ်မံဖြည့်စွက်ခြင်းတို့ကို နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် နည်းပညာအဖွဲ့များက အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြပါသည်။ ဒသမလုပ်ငန်းစဉ်အဖြစ် မြန်မာနိုင်ငံ၏ Submission အပြည့်အစုံအား နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်သို့ တင်သွင်းနိုင်ရန်အတွက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယူးယောက်မြို့သို့သွားရောက်၍ ကမ်းလွန်ရေတိမ်ပိုင်း တိုးချဲ့သတ်မှတ်ရေးကော်မရှင် (Commission on the Limits of the Continental Shelf) သို့ ၁၆-၁၂-၂၀၀၈ ရက်နေ့တွင် အောင်မြင်စွာ တင်သွင်းနိုင်ခဲ့ပါသည်။ ကွန်ဗင်းရှင်းက မြန်မာနိုင်ငံအတွက် တင်သွင်းရန်သတ်မှတ်သည့် နောက်ဆုံးတင်သွင်းရမည့်နေ့ရက်မတိုင်မီ မြန်မာနိုင်ငံက ကြိုတင်တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ နောက်ဆုံးလုပ်ငန်းစဉ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ခေါင်းဆောင်ပြီး စာရေးသူအဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၀၉ ခုနှစ် ဩဂုတ်လတွင် နယူးယောက်မြို့ ကုလသမဂ္ဂ ဌာနချုပ်၌ ကျင်းပခဲ့သည့် ကုလသမဂ္ဂ ကမ်းလွန်ရေတိမ်ပိုင်းကော်မရှင်၏ (၂၄) ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးသို့ CLCS ၏ ဖိတ်ကြားချက်အရ တက်ရောက်ကာ မြန်မာနိုင်ငံ၏ ကမ်းလွန်ရေတိမ်ပိုင်းနယ်နိမိတ်ကို ရေမိုင် ၂၀၀ ထက်ကျော်လွန်တိုးချဲ့သတ်မှတ်ရေးအတွက် ကုလသမဂ္ဂမှ ဤကိစ္စများကို စဉ်းစားဆုံးဖြတ်ရန် သီးခြားဖွဲ့စည်းထားသည့် ဥပဒေ၊ ဘူမိဗေဒ၊ ဘူမိပထဝီ၊ ဘူမိရူပအစရှိသော နည်းပညာကျွမ်းကျင်သူ ကမ္ဘာ့အကျော်အမော်ပညာရှင်များဖြစ်ကြသော ကော်မရှင်အဖွဲ့ဝင် (၃၄) ဦး၏ ရှေ့မှောက်တွင် ဥပဒေ၊ နည်းပညာရှုထောင့်က အချက်အလက်များကို မိမိဆိုင်ရာကဏ္ဍတစ်ခုချင်းစီအတွက် အပိုင်းလိုက်ခွဲခြား၍ ရှင်းလင်းတင်သွင်းခြင်း (Presentation) များ ပြုလုပ်ခဲ့ပါသည်။

သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံက မြန်မာနိုင်ငံနှင့် ယင်းနိုင်ငံအကြား ဘင်္ဂလားပင်လယ်အော်အတွင်း ပင်လယ်နယ်နိမိတ်သတ်မှတ်ရေး ကိစ္စမှာ ပြီးစီးမှုမရှိသေးဘဲ အငြင်းပွားနေဆဲဖြစ်၍ မြန်မာနိုင်ငံ၏ တင်သွင်းချက်အား စဉ်းစားခြင်း မပြုရန် CLCS သို့ ကန့်ကွက်လွှာပေးပို့ခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ် နည်းတူ မိမိမှတ်မိသမျှ အခြားသုံးနိုင်ငံကလည်း CLCS သို့ စာပေးပို့ခဲ့ကြောင်း၊ သို့သော် ကန့်ကွက်သည့်သဘောမဟုတ်ဘဲ ဘင်္ဂလားပင်လယ်အော်နှင့်ပတ်သက်သည့် ယင်းနိုင်ငံများ၏ ရပ်တည်ချက်၊ တွေ့ရှိချက်များကို ထုတ်ပြန်သည့် သဘောသာဆောင်ပါသည်။ မြန်မာနိုင်ငံ၏ တင်သွင်းချက် (Submission) နှင့် စပ်လျဉ်း၍ နိုင်ငံများ၏တင်သွင်းချက်အားလုံးအပေါ် CLCS က စဉ်းစားသည့် သာမန်လုပ်ထုံးလုပ်နည်းအရသာ ဆောင်ရွက်ခွင့်ရမည်ဆိုလျှင် ဆပ်ကော်မရှင်ဖွဲ့စည်းရမည့်အလှည့်သို့ ၂၀၁၀ ပြည့်နှစ် နှောင်းပိုင်း သို့မဟုတ် ၂၀၁၁ ခုနှစ် ပထမပိုင်းကာလများက ရောက်ရှိမည်ဖြစ်ပါသည်။

အထက်တွင်ရေးသားပြီးသကဲ့သို့ CLCS ၏ လုပ်ထုံးလုပ်နည်းအရ ယင်းအဖွဲ့ထံသို့ နိုင်ငံများက တင်ပြသည့် Submission များအား တစ်နိုင်ငံချင်း တင်သွင်းသည့် နေ့ရက် အစီအစဉ်အတိုင်း အလှည့်ကျဆပ်ကော်မရှင်များ ဖွဲ့စည်း၍ စိစစ်ရသည်နှင့်အညီ အမှတ်စဉ် (၁၆) နေရာတွင် ရောက်ရှိနေသော မြန်မာနိုင်ငံအတွက် ဆပ်ကော်မရှင်ဖွဲ့စည်းရန်သာကျန်ရှိသော်လည်း ဘင်္ဂလားဒေ့ရှ်၏ ကန့်ကွက်မှု၊ နောက်ပိုင်း ပင်လယ်ဥပဒေဆိုင်ရာ နိုင်ငံတကာခုံရုံးသို့ အမှုတင်သွင်းမှုများကြောင့် ဆပ်ကော်မရှင်ဖွဲ့စည်းရေးကို CLCS က ရွှေ့ဆိုင်းခဲ့ပါသည်။ ဤသို့ ရွှေ့ဆိုင်းကြောင်း ၂၀၀၉ ခုနှစ် စက်တင်ဘာလတွင် CLCS က လုပ်ထုံးလုပ်နည်းနှင့်အညီ ဆုံးဖြတ်ခဲ့ပါသည်။

ကမ်းလွန် ရေတိမ်ပိုင်းကော်မရှင်သည် အဖွဲ့ဝင် ခုနစ် ဦးစီပါဝင်သော ဆပ်ကော်မရှင်များ ဖွဲ့စည်းပြီး ကမ္ဘာ့နိုင်ငံများက တင်သွင်းလာသော အဆိုပြုတင်ပြလွှာများကို စစ်ဆေးသုံးသပ်လျက်ရှိရာတွင် အမှတ်စဉ် (၁၅) အဖြစ် တင်သွင်းခဲ့သည့် ဂျပန်နိုင်ငံ၏ အဆိုပြု တင်သွင်းချက်နှင့်အမှတ်စဉ် (၁၇) အဖြစ် တင်သွင်းသော ပြင်သစ်နိုင်ငံ၏ တင်သွင်းချက်အား ၂၀၁၀ ပြည့်နှစ် နှောင်းပိုင်းကာလများကပင် ထောက်ခံချက်များထုတ်ပေးထားပြီးဖြစ်ကြောင်း CLCS ၏ ထုတ်ပြန်ချက်အရ သိရှိရပါသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ဖြစ်ပွားသော ပင်လယ်နယ်နိမိတ် သတ်မှတ်ရေးအမှုအား ပင်လယ် ဥပဒေဆိုင်ရာ နိုင်ငံတကာ ခုံရုံးက ၁၄-၃-၂၀၁၂ ရက်နေ့တွင် အပြီးသတ်စီရင်ချက် ချမှတ်ခဲ့ပြီးဖြစ်၍ မြန်မာနိုင်ငံ၏ တင်သွင်းချက်ကို အမြန်ဆုံး ဆပ်ကော်မရှင်ဖွဲ့စည်းကာ ပြန်လည်စဉ်းစားဆုံးဖြတ်ပေးရန် ၄-၆-၂၀၁၂ ရက်နေ့မှ ၁၁-၆-၂၀၁၂ ရက်နေ့အထိ နယူးယောက်မြို့တွင် ပြုလုပ်ခဲ့သည့် ပင်လယ်ဥပဒေ ကွန်ဗင်းရှင်းဝင်နိုင်ငံများ အစည်းအဝေး၌ စာရေးသူဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့က တရားဝင်တောင်းဆိုခဲ့ပါသည်။ ထို့အတူ တရားဝင်မေတ္တာရပ်ခံစာကိုလည်း CLCS ကော်မရှင်ဥက္ကဋ္ဌထံသို့ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။ ကော်မရှင်အနေဖြင့် ယင်းလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး မြန်မာနိုင်ငံအပိုင်းကမူ ရေမိုင် ၂၀၀ ပြင်ပ ကမ်းလွန်ရေတိမ်ပိုင်းတိုးချဲ့ရေးအတွက် ခုံရုံးကဆုံးဖြတ်ခဲ့သည့် နယ်နိမိတ်မျဉ်းဆိုင်ရာ အချက်အလက်များနှင့်အညီ ပြုပြင်ရေးဆွဲ၍ ပြန်လည်တင်ပြရန်နှင့် CLCS ကော်မရှင်၏ မျက်နှာစုံညီအစည်းအဝေး ကျင်းပချိန်အတွင်း သတ်မှတ်ခေါ်ယူသည့်နေ့ရက်တွင် မိမိနိုင်ငံ၏ တင်သွင်းချက်အပေါ် ဥပဒေနှင့်နည်းပညာပိုင်းအရ အသေးစိတ် ခုခံရှင်းလင်းချေပခြင်းလုပ်ငန်းစဉ်များသာ ဆောင်ရွက်ရန်ကျန်ရှိတော့မည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်များ ပြီးမြောက်ချိန် မြန်မာနိုင်ငံ၏တင်သွင်းချက်အပေါ် CLCS ကော်မရှင်က ကျေနပ်လက်ခံလျှင် ရေမိုင် ၂၀၀ တိုးချဲ့ပိုင်ခွင့်ကို မြန်မာနိုင်ငံက အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

စာမျက်နှာ ၂၁ သို့

ပင်လယ်ဥပဒေကွန်ဗင်းရှင်း၏ ထူးခြားချက်မှာ နိုင်ငံများကလိုက်နာစောင့်ထိန်းရမည့် တာဝန်များသာမက နိုင်ငံများ၏ အချုပ်အခြာအာဏာ သက်ရောက်ရာ ပင်လယ်ဧရိယာဇုန်များကို တညီတည်းသတ်မှတ်ခွင့်ပြုခြင်း၊ ယင်းဇုန်များအတွင်း သက်ရှိ၊သက်မဲ့ သယံဇာတပစ္စည်းများ၊ ရေနံဓာတ်သတ္တုများ ရှာဖွေတူးဖော်လုပ်ကိုင်ခွင့်များကို ခွင့်ပြုခြင်းနှင့် အထူးခြားဆုံးမှာ ကမ္ဘာ၏ရှားပါးလှသော အဖိုးတန် သယံဇာတများကို ရှာဖွေ . . .

နိုင်ငံတော်အတွက် အနာဂတ်အကျိုးစီးပွားဖော်ဆောင်ရေး...

စာမျက်နှာ ၂၀ မှ

မြန်မာနိုင်ငံအတွက် အရေးကြီး သမိုင်း မှတ်တမ်းဝင်မည့် ကြီးမားသောကြိုးပမ်းဆောင်ရွက်မှုဖြစ်သကဲ့သို့ နိုင်ငံ၏ အနာဂတ် စီးပွားရေးအတွက် ကြီးမားသော အောင်မြင်မှုအဖြစ် မှတ်တိုင်တစ်ရပ် စိုက်ထူနိုင်မည်ဖြစ်ပါကြောင်း တင်ပြလိုပါသည်။ ဤနေရာတွင် အလျဉ်းသင့်၍ဆက်စပ် ဖော်ပြရပါလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဘင်္ဂလားပင်လယ်အော်တွင်း ပင်လယ်နယ်နိမိတ် သတ်မှတ်ရေးကိစ္စအား ခုံရုံးသို့ တင်သွင်း ဖြေရှင်းခဲ့သည့် အမှုတွင် မြန်မာနိုင်ငံအနေဖြင့် ယင်း၏ ကမ်းလွန်ရေတိမ်ပိုင်းကို ရေမိုင် ၂၀၀ ထက်ကျော်လွန်တိုးချဲ့ပိုင်ခွင့်ရှိကြောင်း ပင်လယ်ဥပဒေဆိုင်ရာ နိုင်ငံတကာခုံရုံး၏ ဆုံးဖြတ်ချက်လည်းပါဝင်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ပင်လယ်ဥပဒေကွန်ဗင်းရှင်း UNCLOS သို့ စောစီးစွာဝင်ရောက်ခဲ့ပြီး ရေမိုင် ၂၀၀ တိုးချဲ့ရေး လုပ်ငန်းအား နိုင်ငံတော်ကဦးစီးဦးဆောင်ပြု၍ သုတေသနပြုလုပ်ကာ တင်သွင်းရန်သတ်မှတ်သည့် နေ့ရက်မတိုင်မီ အချိန်မီ တင်သွင်းနိုင်ခဲ့ခြင်းကြောင့် သြစတြေးလျ၊ နယူးဇီလန်၊ ဗြိတိန်၊ ဂျပန်၊ ကိုးရီးယားကဲ့သို့သော နိုင်ငံများနှင့် မတိမ်းမယိမ်း တင်သွင်းသည့်နိုင်ငံဖြစ်ခဲ့ပါသည်။ ဤသို့ စောစီးစွာတင်သွင်းနိုင်မှုကြောင့်သာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အငြင်းပွားမှု ဖြေရှင်းပြီးသည်နှင့် မြန်မာ၏တင်သွင်းချက်အပေါ် ဆပ်ကော်မရှင်အားဖွဲ့စည်းစဉ်းစားပေးရန် ကုလသမဂ္ဂသို့ တောင်းခံပိုင်ခွင့်ရရှိခြင်းဖြစ်ပါသည်။ အမှတ်စဉ် (၁၆) အဖြစ် တန်းစီဇယားဝင်ထားပြီးဖြစ်၍ အစမှ ပြန်တန်းစီရန်မလိုအပ်တော့ပါ။ ကော်မရှင်သို့ နောက်ကျတင်သွင်းသည့် နိုင်ငံများအတွက်မူ ထောက်ခံချက်ရရှိရန် အချိန်အလွန်အမင်းကြာမြင့်ဦးမည်ဖြစ်ပါသည်။

နိုင်ငံများကတင်သွင်းသည့် ရေမိုင် ၂၀၀ ကျော်တိုးချဲ့ရန် လျှောက်လွှာများနှင့်စပ်လျဉ်း၍ လက်ခံရရှိသည်နှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ဥပဒေရေးရာနှင့် နည်းပညာကော်မရှင်က ဦးဆောင်၍ အသေးစိတ်စဉ်းစားဆွေးနွေးခြင်း၊ ဥပဒေစံချိန်စံနှုန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ ကော်မရှင်က ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ ထို့နောက် ကော်မရှင်၏ ထောက်ခံချက်ဖြင့် ပင်လယ်ကြမ်းပြင်အာဏာပိုင်အဖွဲ့က ယင်းအထက်ရှိ ကောင်စီသို့ တင်သွင်း၍ ခွင့်ပြု၊ မပြု အဆုံးအဖြတ်ရယူခြင်းများကို ပြုလုပ်ကြရပါသည်။ ကော်မရှင်အနေဖြင့် ယင်း၏ လုပ်ငန်းတာဝန်များကို လျင်မြန်ထိရောက်စွာ၊ အရည်အချင်းပြည့်ဝစွာဆောင်ရွက်ခြင်းဖြင့် ကော်မရှင်ဖွဲ့ဝင်များ၏ မြင့်မားသော အရည်အချင်း၊ ကျွမ်းကျင်မှုများကို ထိန်းသိမ်းထားရှိရန် 'မူများ' ချမှတ်ထားပါသည်။

ကမ်းလွန်ရေတိမ်ပိုင်းကော်မရှင်သို့ စောစီးစွာတင်သွင်းခဲ့ကြသည့် ရုရှား၊ ဘရာဇီး၊ သြစတြေးလျ၊ အိုင်ယာလန်၊ နယူးဇီလန်၊ နော်ဝေး၊ မက္ကဆီကိုတို့၏ တင်သွင်းချက်များ၊ ပြင်သစ်၊ အိုင်ယာလန်၊ စပိန်နှင့် ဗြိတိန်နိုင်ငံတို့၏ ပူးပေါင်းတင်သွင်းချက်များ အပါအဝင် နိုင်ငံအချို့တို့၏ တင်သွင်းချက်များအပေါ် ကော်မရှင်က ၂၀၀၉ ခုနှစ် နောက်ပိုင်းကပင် ထောက်ခံချက်များထုတ်ပေးခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

သို့သော် နောက်ပိုင်းကာလများတွင် ကမ်းလွန်ရေတိမ်ပိုင်းအား ရေမိုင် ၂၀၀ ထက် ကျော်လွန်တိုးချဲ့ခွင့်ရရှိရေးအတွက် ကော်မရှင်သို့တင်သွင်းသည့် နိုင်ငံအရေအတွက်မှာ အဆမတန်များပြားလာပါသည်။ ဤသို့ များပြားလာသည်နှင့်အမျှ လုပ်ငန်းပမာဏနှင့် မမျှတသည့်ကြီးမားသော ဝန်ထုပ်ဝန်ပိုးကြီးကို လုပ်ဆောင်နေရသော ကမ်းလွန်ရေတိမ်ပိုင်းကော်မရှင်သည် လူသားအရင်းအမြစ်ရှားပါးမှု၊ ငွေကြေးအခက်အခဲ၊ အချိန်ကာလမလုံလောက်မှုစသည့်ပြဿနာများကို ပိုမိုရင်ဆိုင်လာရပါသည်။

ထို့အပြင် နိုင်ငံများ၏ တင်သွင်းချက်များနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂဥပဒေရေးရာဌာန၊ ပင်လယ်သမုဒ္ဒရာရေးရာနှင့် ပင်လယ်ဥပဒေဆိုင်ရာဌာနရှိ ပထဝီသတင်းအချက်အလက်များစနစ် (Geographic Information System-GIS)ဖြင့် စမ်းသပ်သည့် ဓာတ်ခွဲခန်းများ၌ နည်းပညာဆိုင်ရာစစ်ဆေးစမ်းသပ်မှုများ (Technical examination) နှင့် အခြားနည်းပညာဆိုင်ရာ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ရာတွင် GIS ဓာတ်ခွဲခန်း မလုံလောက်သည့် အခက်အခဲများ နှင့်ကြုံလာကြရပါသည်။

ထို့အတူ ကော်မရှင်က တစ်ဆက်တည်းကြုံတွေ့ရသည့် ဘတ်ဂျက်လိုငွေကိစ္စ၊ အပြည်ပြည်ဆိုင်ရာပင်လယ်ကြမ်းပြင်ဧရိယာ၏ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုထိရောက်စွာ အကာအကွယ်ပေးရေးအတွက် ကြီးထွားလာသည့် နိုင်ငံများ၏စိုးရိမ်ပူပန်မှုကိစ္စနှင့် ပတ်သက်၍ ကုလသမဂ္ဂလက်အောက်ရှိ ပင်လယ်ဥပဒေနှင့် သမုဒ္ဒရာရေးရာဌာနသည် ပင်လယ်ဥပဒေကွန်ဗင်းရှင်းဝင် နိုင်ငံများသို့ အစီရင်ခံခဲ့ပါသည်။ ထိုအခက်အခဲများကို အတတ်နိုင်ဆုံးဖြေရှင်းရန်အတွက် ကမ်းလွန်ရေတိမ်ပိုင်းကော်မရှင်၊ ယင်းလက်အောက်၌ဖွဲ့ထားသည့် ဆပ်ကော်မရှင်များ၏ အစည်းအဝေးအကြိမ် အရေအတွက်ကို ၂၀၀၄ ခုနှစ်မှစ၍ တိုးမြှင့်ပြုလုပ်ခဲ့ပြီး ဆပ်ကော်မရှင်အဖွဲ့ဝင်တစ်ဦးချင်း၏ လုပ်ငန်းအစီအစဉ်၊ တင်သွင်းသည့်နိုင်ငံ၏ အားလပ်အဆင်ပြေမှုများအပေါ် မူတည်၍ တိုးချဲ့လုပ်ဆောင်ခဲ့သော်လည်း ကော်မရှင်၏လုပ်ငန်းများသည် အခက်အခဲများနှင့် ဆက်လက်ကြုံတွေ့နေရပါသည်။

အဆိုပါအခက်အခဲများကြောင့် ကော်မရှင်သို့ နောက်ဆုံးတင်သွင်းခဲ့သည့် နိုင်ငံအချို့တို့၏ တင်သွင်းချက်အပေါ် ထောက်ခံချက်အား ၂၀၃၀ ပြည့်နှစ် ကာလတွင်မှ အဆုံးအဖြတ်ပေးနိုင်သည်အထိ ရွှေ့ဆိုင်းရဖွယ်ရှိကြောင်း၊ ဆွေးနွေးချက်များ၊ အစီရင်ခံချက်များရှိနေပြီး ဤသို့ ကော်မရှင်၏ လုပ်ငန်းတာဝန်ပိမ့်မှုကြောင့် နိုင်ငံများ၏တင်သွင်းချက်များအပေါ် ထောက်ခံချက်ပေးရန် ၂၀၃၀ ပြည့်နှစ်အထိ အချိန်ကြန့်ကြာနိုင်မှုများနှင့်စပ်လျဉ်း၍ ကွန်ဗင်းရှင်းဝင်နိုင်ငံများ၏ စိုးရိမ်ပူပန်မှုများသည်လည်း မြင့်မားလာပါသည်။

ဤစိုးရိမ်မှုများအပါအဝင် ကော်မရှင်သို့ တင်သွင်းသည့် ကမ္ဘာ့နိုင်ငံများအရေအတွက် တိုးပွားလာသည်နှင့်အမျှ ကော်မရှင်၏ လုပ်ငန်းတာဝန်များ မနိုင်မနင်းဖြစ်မှု၊ တာဝန်အလွန်အမင်းပိလာမှု၊ ဘဏ္ဍာရေးအခက်အခဲများ ပိုမိုများပြားလာမှုစသည့် ကော်မရှင်၏ တင်ပြချက်၊ သုံးသပ်ချက်များအား ကုလသမဂ္ဂ ပင်လယ်ဥပဒေကွန်ဗင်းရှင်းအဖွဲ့ဝင် နိုင်ငံများက အလေးအနက်ထား စဉ်းစားခဲ့ကြပါသည်။ ကော်မရှင်၊ ဆပ်ကော်မရှင်များ၏ လုပ်ငန်းဆောင်ရွက်မှုများကို အထောက်အပံ့အကူအညီပေးရေးအတွက် ကုလသမဂ္ဂ၏ လက်ရှိ ရှိနေသောအရင်းအမြစ်များအတွင်းမှ လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် ကော်မရှင်ကစစ်ဆေးမည့် အချိန်ကာလများ တိုးမြှင့်ပေးခဲ့ပါသည်။ ထို့အတူ ကော်မရှင်နှင့် ဆပ်ကော်မရှင်များ၏ အတွင်းရေးမှူးရုံး ဝန်ဆောင်မှုများကိုတိုးချဲ့ရန်၊ ဥပဒေနှင့် ပင်လယ်သမုဒ္ဒရာရေးရာဌာနအား သင့်လျော်လုံလောက်သော လူသားအရင်းအမြစ်များ၊ အခြားအရင်းအမြစ်များ တိုးချဲ့ခြင်းဖြင့် ပြည့်စုံလုံလောက်သည့် ဝန်ဆောင်မှုများ တိုးမြှင့်ပေးဆောင်ရန်၊ ပထဝီသတင်းအချက်အလက်များစနစ် (GIS)ကို တိုးမြှင့်ရန်၊ ဥပဒေနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ရာထူးများကို တိုးချဲ့ခန့်ထားရန် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်အား တိုက်တွန်းကြောင်းဆုံးဖြတ်ချက်ကို ကုလသမဂ္ဂ အထွေထွေ ညီလာခံက (၅-၄-၂၀၁၂) ရက်နေ့တွင် ချမှတ်ခဲ့ပါသည်။

ဤဆုံးဖြတ်ချက်နှင့်အညီ ကုလသမဂ္ဂ ကမ်းလွန်ရေတိမ်ပိုင်းကော်မရှင်က ရင်ဆိုင်ကြုံတွေ့နေရသည့် လုပ်ငန်းတာဝန်များ ဖိစီးမှုအား ဖြေရှင်းရေးအတွက် ကွန်ဗင်းရှင်းဝင်နိုင်ငံများ၏ အမြင်ကိုသိရှိနိုင်ရန် ကုလသမဂ္ဂသည် အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာအပေါ်အခြေပြု၍ အလွတ်သဘောဆောင်ရွက်သည့် လုပ်ငန်းအဖွဲ့ (Informal working group) တစ်ရပ်ကို ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး အစည်းအဝေးများ အကြိမ်ကြိမ်ကျင်းပခဲ့ပါသည်။ တစ်ဆက်တည်းပင် အဆိုပါအဖွဲ့အား နိုင်ငံများ၏ အမျိုးသားစီရင်ပိုင်ခွင့်ပြင်ပတွင်ကျရောက်သော ပင်လယ်ဧရိယာများ၌ Marine biological များကို ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် စနစ်တကျထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်း ပေါ်ပေါက်လာသည့် ပြဿနာများကို လေ့လာစေခဲ့ပါသည်။

ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်းဝင်နိုင်ငံများအစည်းအဝေး၏ တိုက်တွန်းချက်များနှင့်အတူ ကော်မရှင်၏ စိစစ်နိုင်မှု စွမ်းဆောင်ရည် ဆက်လက်မြင့်မားစေရန်နှင့်တင်သွင်းသည့်နိုင်ငံများနှင့်ကော်မရှင်အကြား အပြန်အလှန်မေးမြန်းစိစစ်မှုအား တိုးမြှင့်နိုင်ရန်နည်းလမ်းများကို ကွန်ဗင်းရှင်းဝင်နိုင်ငံများက ပူးပေါင်းရှာဖွေခဲ့ကြပါသည်။ ကော်မရှင်၏ အစည်းအဝေးများ၊ GIS ဓာတ်ခွဲခန်း စမ်းသပ်စစ်ဆေးမှုများကို တိုးချဲ့ရန် စီစဉ်ခဲ့ပါသည်။ ဤသို့ ကော်မရှင်၏လုပ်ငန်းများ အရှိန်တိုးမြှင့်ဆောင်ရွက်မှုအတွက် ဖြစ်ပေါ်လာသည့် အသုံးစရိတ်မြင့်မားလာမှုအပေါ် ပင်လယ်ဥပဒေ ကွန်ဗင်းရှင်းဝင်နိုင်ငံများ အကြား အမြင်များဖလှယ်ခြင်း၊ ကော်မရှင်နှင့်တင်သွင်းသည့် ကမ်းရိုးတန်းနိုင်ငံများ အကြား တက်ကြွစွာ ဆက်သွယ်ဆောင်ရွက်ခြင်းများကို တိုးမြှင့်ခဲ့ပါသည်။

အစည်းအဝေးများတွင်ကော်မရှင်၏ လုပ်ငန်းများဆောင်ရွက်ရာ၌ ပိုမိုလျှင်မြန်အဆင်ပြေစေရေးအတွက် နိုင်ငံများ၏ တင်သွင်းချက်အပေါ် ကော်မရှင်ကစိစစ်သည့်လုပ်ငန်းများကို မူလသတ်မှတ်ခွင့်ပြုသည့် ရက်သတ္တပတ် သတ်မှတ်ချက်ထက်ပို၍ ခွင့်ပြုပေးရန် အဖွဲ့ဝင်နိုင်ငံများအကြား ညှိနှိုင်းခြင်း၊ ဤသို့ အချိန်ကန့်သတ်ချက်တိုးမြှင့်မှုကြောင့် ပိုမိုကုန်ကျလာသော စရိတ်စကများကို ကွန်ဗင်းရှင်းဝင်နိုင်ငံများအားလုံးက မျှတစွာ ကျခံရန် ဖြစ်ခြင်းအစရှိသော ကုလသမဂ္ဂပင်လယ်ဥပဒေကွန်ဗင်းရှင်းဝင်နိုင်ငံများ အားလုံးက ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို စုပေါင်းအဖြေရှာကြရန် ကြိုးပမ်းလာကြပါသည်။

ကြိုးပမ်းချက်တစ်ရပ်အဖြစ်ကော်မရှင်က တွေ့ကြုံနေရသည့် အခက်အခဲများအနက် အဓိကဖြစ်သော နိုင်ငံများ၏ တင်သွင်းချက်များကို စစ်ဆေးသည့် လုပ်ငန်းစဉ်အား တိုးမြှင့်ဆောင်ရွက်သည့်အနေဖြင့် ကော်မရှင်နှင့်ကော်မတီ၏ အစည်းအဝေးများကို ၂၀၁၅ ခုနှစ်အတွင်း ရက်သတ္တ ခုနစ်ပတ်ဖြင့် တစ်ပတ်လျှင် မျက်နှာစုံညီအစည်းအဝေး အပါအဝင် သုံးကြိမ်နှုန်း၊ တစ်နှစ် အတွက် စုစုပေါင်း ရက်သတ္တ ၂၁ ပတ်အထိ တိုးချဲ့ပြုလုပ်ခဲ့ပါသည်။

ဤနှုန်းဖြင့် ၂၀၁၅ ခုနှစ်၌ ကော်မရှင်က စိစစ်ရာတွင် ဥရုဂွေးနိုင်ငံ၊ Cook ကျွန်းစု၊ အာဂျင်တီးနားနိုင်ငံ၊ အိုင်းစ်လန်နိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ နော်ဝေးနိုင်ငံ၊ တောင်အာဖရိကနိုင်ငံ၊ မက်ခရိုနီးရှားနိုင်ငံ၊ ပါပူဝါဂီနီနှင့် ဆော်လမွန် ကျွန်းစုနိုင်ငံများ၏ ပူးတွဲတင်သွင်းချက်၊ ပြင်သစ်နှင့် တောင်အာဖရိကနိုင်ငံများ၏ ပူးတွဲတင်သွင်းချက်၊ မော်ရေးရှပ်စ်နိုင်ငံ၊ တွန်ဂါနိုင်ငံတို့၏ တင်သွင်းချက်များကို စဉ်းစားခဲ့ကြောင်း တွေ့ရှိရပါသည်။

ကမ္ဘာ့နိုင်ငံအများစုတို့သည် ယင်းတို့၏ ကမ်းလွန်ရေတိမ်ပိုင်းအား ရေမိုင် ၂၀၀ ထက်ကျော်လွန်ပြီး ရေမိုင် ၃၅၀ အထိ တိုးချဲ့ခွင့်ရရှိစေရန် ကုလသမဂ္ဂသို့ အပြိုင်အဆိုင်တင်ပြနေကြသည့်အခြေအနေများကို မိမိတို့ မျက်ခြည်မပြတ် ရန်အရေးကြီးပါသည်။ ဤသို့ တင်ပြနေကြခြင်းမှာ ရေမိုင် ၂၀၀ ကျော်လွန်သည့် ပင်လယ်နက်ပိုင်း (Deep Sea) တွင် ရှားပါးသည့် ကမ္ဘာ့အဖိုးတန်သယံဇာတများအား ရှာဖွေတူးဖော်ခြင်းမပြုရသေးဘဲ အများစုမှာ ပကတိအနေအထား အတိုင်းရှိနေသေးသောကြောင့် ဖြစ်မည်ဟု တွက်ဆနိုင်ပါသည်။ ရေမိုင် ၂၀၀ ကျော်ဧရိယာတွင် တိုးချဲ့ခွင့်ရရှိပြီး နိုင်ငံများသည် မိမိတာဝန်ခံချက်ဖြင့် နိုင်ငံတကာစီးပွားရေးအုပ်စုကြီးများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် အနာဂတ်အလားအလာ အလွန်ကောင်းသောကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အကျိုးအမြတ်အတွက် ကမ္ဘာ့နိုင်ငံများက အထူးအာရုံစိုက်လုပ်ဆောင်နေကြသည်မှာ သိသာထင်ရှားပါသည်။ ရေမိုင် ၂၀၀ ပြင်ပတိုးချဲ့ရန် လက်တွေ့တင်သွင်းသည့် နိုင်ငံအရေအတွက်မှာ အလွန်များပြားသကဲ့သို့ နောင်တင်သွင်းမည်ဖြစ်ကြောင်း ကုလသမဂ္ဂသို့ကြိုတင်အကြောင်းကြားထားသည့် နိုင်ငံအရေအတွက်မှာလည်း ၂၀၁၂ ခုနှစ် ကာလတွင်ပင်လျှင် မိမိမှတ်သားမိသမျှ နိုင်ငံပေါင်း ၅၀ ကျော်ရှိနေခဲ့ပြီဖြစ်ပြီး ယခုအခါအဆများစွာတိုးပွားလာမည်မှာ အသေအချာဖြစ်ပါသည်။

CLCS ကော်မရှင်၏ (၃၇) ကြိမ်မြောက် အစည်းအဝေးကို ကုလသမဂ္ဂဌာနချုပ်၌ ၂-၂-၂၀၁၅ ရက်နေ့မှ ၂၀-၃-၂၀၁၅ ရက်နေ့အထိကျင်းပခဲ့ပြီး ကုလသမဂ္ဂဥပဒေရေးရာဌာနနှင့် ဥပဒေအကြံပေးဖြစ်သော လက်ထောက် အတွင်းရေးမှူးချုပ်က မိန့်ခွန်းပြောကြားရာ၌ ကော်မရှင်၏လုပ်ငန်းများအပေါ် နိုင်ငံများ၏ အလေးပေးမှုများ ပိုမိုအရေးကြီးလာကြောင်း၊ ထို့အတူ ယင်းလုပ်ငန်းများအပေါ် မီဒီယာများနှင့် အများပြည်သူတို့၏ အလေးပေးမှု ပိုမိုတိုးမြှင့်လာခြင်းသည် နိုင်ငံများ၏ တင်သွင်းချက်ကို စိစစ်ဆောင်ရွက်နေကြသည့် ကော်မရှင်၊ ဆပ်ကော်မရှင်များ၏ ပြည့်စုံထိရောက်စေမည့် ဆောင်ရွက်ချက်များ၊ ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်ချက်များ၊ တင်သွင်းသည့် နိုင်ငံများအား သိပ္ပံနှင့် နည်းပညာလမ်းညွှန်ချက် ထောက်ပံ့နေမှုများကို အားပေးမြှင့်တင်ခြင်းပင်ဖြစ်ကြောင်း၊ ထို့အတူ ကော်မရှင်အနေဖြင့် နိုင်ငံများ၏ တင်သွင်းချက်အပေါ် ထောက်ခံချက်ထုတ်ပေးခြင်းကိစ္စများကို ဖြစ်နိုင်လျှင်လက်ရှိ CLCS ကော်မရှင်၏ သက်တမ်းဖြစ် သော ၂၀၁၇ ခုနှစ် ဇွန်လမတိုင်မီ ဆောင်ရွက်နိုင်ရန်အလို့ငှာ ကော်မရှင်လုပ်ငန်းများကို တက်တက်ကြွကြွဖြင့် စဉ်းစား၍ အသေးစိတ်စစ်ဆေးခြင်းများပြီးစီးအောင် ပြုလုပ်ရန်တိုက်တွန်းပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကမ်းလွန် ရေတိမ်ပိုင်းဆိုင်ရာကော်မရှင် (CLCS) သည် နိုင်ငံများအတွက် ကမ်းလွန်ရေတိမ်ပိုင်းဧရိယာအား ရေမိုင် ၃၅၀ အထိ ထပ်မံတိုးချဲ့သတ်မှတ်နိုင်ခွင့်ကို ကိုင်တွယ်ဆုံးဖြတ်နေခြင်းကြောင့်လည်းကောင်း၊ နိုင်ငံများအတွက် ပင်လယ်ဆိုင်ရာအကျိုးစီးပွားကို ဖော်ဆောင်ပေး၍လည်းကောင်း၊ ပင်လယ်ဧရိယာများတွင် အချုပ်အခြာအာဏာ ကျင့်သုံးပိုင်ခွင့်အား ခွင့်ပြုထား၍လည်းကောင်း၊ ရှားပါးသည့်သတ္တုများ၊ သက်ရှိ၊ သက်မဲ့ သယံဇာတများကို စူးစမ်းရှာဖွေခွင့်နှင့် ဤအခွင့်အရေးများရယူနိုင်ရန် ပင်လယ်ဧရိယာ တိုးချဲ့ခြင်းများကို ခွင့်ပြုသည့် တစ်ခုတည်းသော ကွန်ဗင်းရှင်းအပေါ် အခြေပြုပေါ်ပေါက်လာခြင်းကြောင့်လည်းကောင်း၊ အာရှ၊ အာဖရိကနိုင်ငံများ၊ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးမှုနောက်ကျသည့်နိုင်ငံများ၊ ဆင်းရဲသော နိုင်ငံများအားလုံး၏ အထူးတလည်အာရုံစိုက်ခြင်းကိုရရှိပြီး ကမ္ဘာပေါ်တွင်အရေးကြီးသော ကုလသမဂ္ဂအဖွဲ့အစည်းတစ်ရပ်အဖြစ် နိုင်ငံများကရှုမြင်လာကြပါသည်။

ဤနေရာတွင် အလျဉ်းသင့်၍ ဗဟုသုတအလို့ငှါ ရေးသားတင်ပြရပါလျှင် ကမ္ဘာ့နိုင်ငံများ၏ ရေမိုင် ၂၀၀ ကျော်တိုးချဲ့ခွင့် အတွက် ကုလသမဂ္ဂ ကမ်းလွန်ရေတိမ်ပိုင်းကော်မရှင်က စဉ်းစားဆုံးဖြတ်သည့်နည်းတူ တိုးချဲ့ခွင့်ရထားသည့် နိုင်ငံများ၏ အချုပ်အခြာ သက်ရောက်ရာ ဧရိယာပြင်ပ၌ ကျရောက်နေသောအပိုင်းကို အပြည်ပြည်ဆိုင်ရာ ပင်လယ်ကြမ်းပြင်ဟု သတ်မှတ်ထားပါသည်။ UNCLOS ကွန်ဗင်းရှင်းကဖော်ဆောင်ပေးသည့် အထူးခြားဆုံးအခွင့်အရေးတစ်ရပ်မှာ နိုင်ငံများ၏ အချုပ်အခြာအာဏာ သက်ရောက်ရာ ပင်လယ်ဧရိယာပြင်ပသို့ ကျရောက်နေသော ပင်လယ်ကြမ်းပြင်နှင့် အောက်ခံ မြေထုလွှာကို လူသားထု တစ်ရပ်လုံးအတွက် 'ဘုံအမွေအနှစ်' (Common heritage of mankind) အဖြစ် သတ်မှတ်လုပ်ဆောင်နေခြင်းဖြစ်ပါသည်။ ၁၉၈၂ ခုနှစ် ကွန်ဗင်းရှင်းစတင်ပေါ်ပေါက်ခဲ့ပြီးနောက်ပိုင်း ဆယ်စုနှစ်ကာလများအထိ 'ဘုံအမွေအနှစ်' ဟူသော အယူအဆအား ဆင်းရဲသောနိုင်ငံများအတွက် ရည်မှန်းသည့် စိတ်ကူးယဉ်အတွေးအခေါ် မျှသာဖြစ်ပြီး အကောင်အထည်ဖော်ရန် ဖြစ်နိုင်ခြေအလွန်နည်းပါးသည့် အနာဂတ်စိတ်ကူးယဉ်မှု တစ်ရပ်အဖြစ် ပြောဆိုမှုများ ရှိခဲ့သော်လည်း နောက်ပိုင်းတွင် ဤအယူအဆအားအမှန်တကယ် လက်တွေ့အကောင် အထည်ဖော်ရန် လုပ်ဆောင်မှုများမှာပီပြင်လာခဲ့ပြီး ယခုအခါ ပုဂ္ဂလိကလုပ်ငန်းအဖွဲ့ကြီးများက ရှာဖွေတူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများစတင်ချိန် အနေအထားအထိ ရောက်လာပြီဖြစ်သည်။

အာဏာပိုင်အဖွဲ့က အစပျိုးလုပ်ကိုင်ရန် သတ်မှတ်ခွင့်ပြုသည့်ပင်လယ်ဧရိယာရှိ ရှားပါးသည့် သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများအား လုပ်ငန်းအဖွဲ့ (Enterprise) ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့်ရှာဖွေခြင်း၊ တူးဖော်ခြင်းတို့ကို လက်တွေ့ဆောင်ရွက်ရာတွင်-

(က) အပြည်ပြည်ဆိုင်ရာပင်လယ်ကြမ်းပြင် အာဏာပိုင်အဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ရုရှား၊ ပြင်သစ်၊ တရုတ်၊ အိန္ဒိယ၊ ဂျာမနီစသည့် နိုင်ငံကြီးများက တာဝန်ခံသည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းအဖွဲ့ကြီးများအား တူးဖော်ရှာဖွေရန် လိုင်စင်ခွင့်ပြုချက်များ ချထားပေးကြောင်း တွေ့ရှိရပါသည်။

(ခ) ဤရရှိသော အကျိုးအမြတ်များ၊ ငွေကြေး၊ အခွန်အကောက်၊ နည်းပညာလွှဲပြောင်းမှုက ပေါ်ပေါက်လာသည့် အခကြေးငွေတို့ကို အာဏာပိုင်အဖွဲ့သို့သတ်မှတ်သည့်အချိုးအစားအတိုင်း ပေးဆောင်ရန်လိုပါသည်။

ကမ္ဘာ့နိုင်ငံအများစုတို့သည် ယင်းတို့၏ ကမ်းလွန်ရေတိမ်ပိုင်းအား ရေမိုင် ၂၀၀ ထက် ကျော်လွန်ပြီး ရေမိုင် ၃၅၀ အထိ တိုးချဲ့ခွင့် ရရှိစေရန် ကုလသမဂ္ဂသို့ အပြိုင်အဆိုင်တင်ပြနေကြသည့် . . .

ဆက်လက်ဖော်ပြပါမည်။

SAMSUNG Galaxy On7
ဖျော်ဖြေမှုရသပေါင်းစုံကိုခံစားလိုက်ပါ
SAMSUNG
12:45
Tue, 1 September
20°
SAMSUNG Galaxy On7
• ပါးလွှာသွယ်လျသောဒီဇိုင်း
• အင်တာနက်သုံးစွဲမှုပမာဏကိုသက်သာစေမည့် Ultra-Data Saving mode
• Home Button ခလုတ်ကို နှစ်ချက်နှိပ်ရုံဖြင့် ဓာတ်ပုံတန်းရိုက်နိုင်မည့် Quick Launch
• ဘက်ထရီအားအနည်းဆုံးအချိန်မှာပင် အချိန်အတော်ကြာ ဆက်ပြီး အသုံးပြုနိုင်မယ့် ultra-power saving mode
SAMSUNG EVO 16
မေတ္တာလက်ဆောင်
16GB Micro SD Card
(*ဒေတာလျှော့ချမှုတွင် Youtube နှင့် Web Browser သုံးစွဲခြင်း အတွက်သာလျှော့ချပေးသည်။ Facebook နှင့် COC သုံးစွဲခြင်း မပါဝင်ပါ။)
samsungmobilemyanmar
samsungmyanmar
samsungmyanmar
အမြို့မြို့အနယ်နယ်ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။
Call Center
01 2399 888
(Mon-Sun)
8AM to 6PM
SAMSUNG

ကြော်ငြာ

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
လုပ်ငန်းသုံး၊ ရုံးသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံး၊ ရုံးသုံးစက်ပစ္စည်းများကို ဝယ်ယူလိုပါသည်-

ပစ္စည်းအမျိုးအမည်	အရေအတွက်
(၁) Digital Camera Nikon D810 Body and	2Nos
- Lens 24-120mm FX	
- Flash Gun SB-910	
- Battery Grip BG-N 7	
(၂) Nikon Fish Eye Lens Fx(16mm)	1No
(၃) Digital Camera Sony α 99 24.3 Megapixel	1No
(၄) External Flash for Sony α 77 DSLR F58 AM Distance F2 0.7m to 29m	3 Nos
(၅) Sony Digital Camera 24.3 Megapixel	35Nos
- Flash Gun 20 AM	
- Lens 28-70 mm	
(၆) Panasonic Video Camera HD(AVCHD) 28mm Wide 1920x1080p	9Nos
(၇) Online UPS 6 KVA (Power Tree)	1 No
(၈) UPS 650 VA Power Tree	37 Nos
(၉) Personal Computer (Desktop) Core i7 3.4, (8MB/1150) H9Z(1150/ (DDR3), 8GB(DDR3) 2TB, GT630(DDR3) 64bit with DVI/ HDMI Output, View Sonic 21.5"/22" LED DVI/HDMI, 24xDVD Writer, Speaker, Keyboard, Mouse"A4 Tech UPS-Power Tree 650VA	110 Sets
(၁၀) Canon Laser Printer LBP 2900B (A4) 600x600dpi, 12ppm	80Nos
(၁၁) EPSON Colour Printer (Inkjet) Only Print (Document & Photo) 4 Color 4800x1200 dpi	2Nos
(၁၂) Epson Scanner(A4)4800x9600dpi 48bit Color Input& Output	51 Nos
(၁၃) Panasonic Fax Machine(A4) Roll Paper 9.6 kbps	30 Nos
(၁၄) Panasonic LCD Projector Lumens 4000with Tripod Screen 96"x96"	9 Nos
(၁၅) Konica Digital Multifunction Copier (A 3 Size) 600x600dpi 250 Sheet Paper Tray	30 Nos
(၁၆) Chigo Airconditioner 2 HP Split Type	21 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂-၅-၂၀၁၆ရက်မှ ၂၆-၅-၂၀၁၆ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၆-၅-၂၀၁၆ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၆၂၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	တင်ဒါတင်သွင်းရန်လိပ်စာ
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန	ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ပြန်ကြားရေးဝန်ကြီးဌာန	ထုခွဲရောင်းချရေးကော်မတီ
ရုံးအမှတ်(၇)၊ နေပြည်တော်	ပြန်ကြားရေးဝန်ကြီးဌာန
	ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း- ၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၆၂၄	ဖုန်း- ၀၆၇-၄၁၂၃၉၀

ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၆-၂၀၁၅ ရက်နေ့ ကြေးမုံသတင်းစာ ၏စာမျက်နှာကြော်ငြာ(၃၀)ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင်ဘီလစ်ခေါ် ရီရီလှ ၏အရောင်းမြေပုံကူးတွင်ခေါ် ရီရီလှ(၁၂/ဥပမ(နိုင်)၀၅၅၂၉၈)အစား(၁၂/ဥကမ(နိုင်)၀၅၅၂၉၈)ဟုပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးခြင်း

MATIONAL EXPORT IMPORT CO.,LTD၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် အမှတ်-(ထသက-၁၉၃၄၈) ရက်စွဲ (၁၆-၁၂-၂၀၀၅) ကတ်ပြားမူရင်းမှာ ၂၈-၄-၂၀၁၆ရက် နံနက် ၁၀ နာရီခန့်တွင် ပျောက်ဆုံး၍တွေ့ရှိကပေးပို့ပါရန်။ **ဖုန်း-၃၉၇၂၃၄**

ဖြည့်စွက်ဖတ်ရှုပါရန်

၁-၅-၂၀၁၆ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၂၈)ပါ ငြင်းချက်ထုတ်ရန် သမ္မန်စာ (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ ၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၇ကြော်ငြာတွင် မှတ်ရန် (က) ။ သင့်သက်သေများသည် အလိုအလျောက်မလာမည့်အကြောင်းနှင့် စိုးရိမ်ထင်မှတ်လျှင် အမှုမဆိုင်မီ မည်သည့်အချိန်အခါ၌မဆို သင့်ရာသက်သေစရိတ်ကို တင်သွင်းလျှောက်ထားသည့်အခါ မည်သည့်သက်သေကိုမဆို လာရောက်စေရန်မှစ၍ တင်ပြစေရန် ၎င်းသက်သေအပေါ်တွင် တောင်းဆိုပိုင်သည့်စာချုပ် လက်မှတ်အစရှိသည်တို့ကို တင်ပြစေရန် ဤရုံးက သမ္မန်စာများရရှိနိုင်သည်။

(ခ) ။ စွဲဆိုချက်အတိုင်း သင်ကမှန်ကြောင်းဖြောင့်ဆိုလျှင် ကျရှိမည့် ဒီကရီကိုသင့်အပေါ်တွင်ဖြစ်စေ၊ ပစ္စည်းအပေါ်တွင်ဖြစ်စေ အခွင့်သင့်လျှင် ၎င်းနှစ်ရပ်လုံးပေါ်တွင်ဖြစ်စေ အတည်မပြုမလုပ်ရအောင်စွဲငွေနှင့်အတူ ထိုက်သင့်ရာတရားစရိတ်ပါရုံးသို့ သွင်းရမည်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

ကုမ္ပဏီတည်ထောင်ခြင်း၊ ပြည်ပပို့ကုန်သွင်းကုန် လုပ်ငန်းအဆင့်များ၊ အပြည်ပြည်ဆိုင်ရာကူးသန်းရောင်းဝယ်ရေးအသုံးအနှုန်းများ၊ မြန်မာနိုင်ငံ၏ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်းများ၊ L/C, TT, သင်္ဘောတင်ခြင်း၊ အကောက်ခွန်နှင့်အခြားအခွန်အခများတွက်ချက်ခြင်း စသည်ဖြင့် . . .

ပြည်ပပို့ကုန် သွင်းကုန်လုပ်ငန်း လမ်းညွှန်သင်တန်း

အပတ်စဉ်(၆၄)

သင်တန်းစရက် - ၇ - ၅ - ၂၀၁၆

သင်တန်းကာလ - ၇ပတ် (စနေ၊ တနင်္ဂနွေ - နံနက် ၇ မှ ၉း၁၅ နာရီ)

အလင်းသစ်စာပေ

အခန်း(၆၀၁)၊ အမှတ်(၁၇)၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ဖုန်း- ၀၉-၅၄-၀၀၃၀၂၊ ၀၉-ဂ၇-၀၃ဂ၄ဂ

အလင်းသစ် စာပေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကချင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ခုဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ကျေးလက်ဒေသတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လမ်းလုပ်ငန်း

(၁) ကွန်ကရစ်လမ်း	-(၁/၀)မိုင်
(၂) ကတ္တရာလမ်း	-(၂/၀)မိုင်
(၃) ကျောက်လမ်း	-(၈/၇. ၅)မိုင်
(၄) ဂဝံ/ဂျင်းကျောက်လမ်း	-(၄/၂. ၁)မိုင်
(၅) မြေလမ်း	-(၂၃/၅. ၂၃)မိုင်

(ခ) ရေပေးရေးလုပ်ငန်း

(၁) တွင်းနက်	-၆တွင်း
(၂) မြေသားရေကန်	-၁ခု
(၃) စိမ့်စိမ်း	-၂၄ခု
(၄) အခြား	-၂၁ခု

၂။ တင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနက သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက် တင်ပြရန်ဖြစ်၍ ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် Profile တင်ပြရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် သတ်မှတ်ချက်များကို ၁-၅-၂၀၁၆ရက်မှ ၃၀-၅-၂၀၁၆ရက် (၄း၀၀) နာရီအထိ ရုံးချိန်အတွင်း ရောင်းချပေးသွားမည်ဖြစ်ပြီး ၃၁-၅-၂၀၁၆ရက် ရုံးချိန်အတွင်း နောက်ဆုံးထားတင်သွင်းရန်နှင့် တင်ဒါဖွင့်လှစ်မည့်ရက်ကို တင်ဒါတင်သွင်းသူများထံသို့ ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ တင်ဒါရောင်းချမည့် လိပ်စာနှင့် တင်ဒါပေးသွင်းရမည့် လိပ်စာမှာ ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဇရာရပ်ကွက်၊ အမှတ်(၁၅၅)၊ မြစ်ကြီးနားမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက ကချင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်း-၀၇၄-၂၄၂၂၃၊ ၀၇၄-၂၀၉၉၇၊ ၀၉-၇၃၈၀၀၁၅၅၊ ၀၉-၅၃၅၀၆၉၂၊ ၀၉-၄၇၀၂၆၂၈၅တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ

INVITATION FOR OPEN TENDER (3/2016)
[TENDER NO. MPPE/HSD/T/1(2016-2017)]

1. Open Tender is invited for the Myanma Petroleum Products Enterprise, Ministry of Electricity and Energy for the supply of High Speed Diesel (423,000± 10% Barrels)
2. Tender Closing Date &Time-19-5-2016, 12:00Hrs
3. Tender Opening Date &Time-19-5-2016, 13:00Hrs
4. Delivery Time-June 2016 to September 2016
5. Tender documents and details information are available at the Department of Finance, Myanma Petroleum Products Enterprise, Nay Pyi Taw, during our office hours commencing 2-5-2016 on payment of Myanmar Kyat One Hundred Thousand(Kyats 100,000)per set.
6. Only bid from tenderer who has purchased tender document officially from Myanma Petroleum Products Enterprise will be accepted for evaluation.

Managing Director
Myanma Petroleum Products Enterprise
Ministry of Electricity and Energy
No(6) Complex, Nay Pyi Taw
Contact Phone No.
067-411487/411486/411280

ဖခင် အမည်မှန်

အိမ်အမှတ် (၆၅/၆)ရပ်ကွက်၊ ဘုရားလမ်း၊ လပွတ္တာမြို့နေ မောင်ထွန်းမင်းလတ်(ခ) မောင်ထွန်းလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဒွေး [၁၄/လပတ(နိုင်)၀၁၁၆၄၀] ဖြစ်ပါကြောင်း။ ဦးမြင့်ဒွေး

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ရှိုင်းထက်[၇/ဒဥန(နိုင်)၁၃၇၆၁၃]၏ နိုင်ငံကူးလက်မှတ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၂၅၂၈၅၀၃**

တိုက်ခန်းငှားမည်

ရွှေစံပယ်ရိပ်မွန်၊ မြေညီထပ်၊ ကမာရွတ်မြို့နယ်။
ဆက်သွယ်ရန်ဖုန်း-
၀၁-၅၁၂၈၂၁၊ ၀၉-၇၉၃၈၈၆၆၅၃

အာရှနဂါး
Asia Dragon ကျွန်းကိုထိပ်တန်း ရောင်းသာ/ငှားရမ်း
Ph:01 707062, 09 799100100
01 703790, 09 797100100

မျိုး 380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI သင်တန်းများ May - 15 (Sun) မှစ၍ ခုံနံပါတ်ယူနိုင်ပြီ။ June - 25 (Sat) စမည်။
LCCI အနှစ်(၂၀)အတွေ့အကြုံကြောင့် သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎-01-371741, 240824, 381350

ပြည်တွင်းအဆင့်မြင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း
(၂ညအိပ်၃ရက်ခရီးစဉ်)
13.5.2016 / 20.5.2016 / 27.5.2016
တစ်ဦးလျှင် (၀၀၀၀၀ကျပ်)
(10)ဇောင်ဝယ်ယူလျှင်(1)ဇောင်အခမဲ့
Call Now : 09 775554471, 09 261800701~03
ဤဖြတ်ပိုင်းဖြင့် ခရီးစဉ်လက်မှတ်ဝယ်ယူပါက 15% Discount

ကြော်ငြာဆိုင်းဘုတ်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေးဆောင်ရွက်ရာတွင် ကြော်ငြာဆိုင်းဘုတ်များကို သတ်မှတ်အရွယ်အစားအတိုင်း စနစ်တကျ စိုက်ထူထားရှိပြီးဖြစ်ပါသည်။ စိုက်ထူပြီးကြော်ငြာဆိုင်းဘုတ်များအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် ပြန်လည်အငှားချထားရန်ရှိသော ကြော်ငြာဆိုင်းဘုတ်များတွင် ကြော်ငြာလုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားလိုပါက အသေးစိတ်အချက်အလက်များကို ၉-၅-၂၀၁၆ရက်မှ ၂၀-၅-၂၀၁၆ရက်အထိ ရုံးချိန်အတွင်း စီမံရေးရာဌာန၊ စီမံဌာနခွဲ၊ ကြော်ငြာဌာနစိတ်တွင် လာရောက်ဆက်သွယ်၍လည်းကောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ website (www.ycdc.gov.mm) စီမံရေးရာဌာန (Home Page)နှင့် စီမံရေးရာဌာန ကြော်ငြာသင်ပုန်းတွင်လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

စီမံရေးရာဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွာဘဲနယ်မြေ၊ ဒေါနခြံရပ်ကွက်၊ အိမ်အမှတ်(၆၇)နေ၊ ဦးလှရှိန်[၇/ပမန(နိုင်)၀၃၁၁၆၄]နှင့် ဒေါ်ကြူကြူနိုင်[၇/ပမန(နိုင်)၀၃၄၁၇၇]တို့၏သမီး မနေခြည် [၇/ပမန(နိုင်)၁၄၀၂၀၀]သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြော်ငြာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဦးလှရှိန်-ဒေါ်ကြူကြူနိုင်**

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မွန်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး
မော်လမြိုင်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ဘတ်ဂျက်ဖြင့် မွန်ပြည်နယ်အတွင်းဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) မြေသားလမ်း	(၉/၄)မိုင်
(ခ) ကျောက်လမ်း	(၁၇/၀) မိုင်
(ဂ) ကွန်ကရစ်တံတား	(၁၉)စင်း၊ (၄၅၄)ပေ
(ဃ) ကွန်ကရစ် ရေပွန်	(၁၇)ခု
(င) ရုပ်/သံစက်ရုံ(၁၁)ရုံ စက်ပစ္စည်းတပ်ဆင်ခြင်း	(၁၁)စုံ
(စ) ရုပ်/သံစက်ရုံ(၁၁)ရုံဆိုလာပါဝါတပ်ဆင်ခြင်း	(၁၁)စုံ
(ဆ) ကျေးရွာများတွင် ဆိုလာပါဝါ တပ်ဆင်ခြင်း	(၈၇၄) စုံ

၂။ တင်ဒါစတင်ရောင်းချမည့်ရက် - ၉-၅-၂၀၁၆ရက်
၃။ တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်- ၄-၆-၂၀၁၆ရက် (၁၆း၃၀) နာရီ
၄။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ရုံးချိန်းတွင်း မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (မော်လမြိုင်)တွင် ရယူနိုင်ပါသည်။ (ဖုန်း-၀၅၇-၂၇၀၃၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း (သမင်ဖြူ) ၊ ဖြူနီနက်ကွက်များ ၊ အနာကြီးရောဂါ ၊ ယားနာ ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။

